# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သောသူ၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)

၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၂ ရက် | ၂၀၂၁ ခုနှစ်၊ ဇူလိုင် ၁၀ ရက်၊ စနေနေ့ | အတွဲ (၆၀)၊ အမှတ် (၂၈၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် COVID- 19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၉**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ❖



မြန်မာ့အလင်း

# ကိုဗစ်-၁၉ ဒုတိယနှစ်နှင့် ကမ္ဘာ့လူဦးရေနေ့

ကမ္ဘာ့လူဦးရေသန်းပေါင်း ၅၀၀၀ ပြည့်သည့် ၁၉၈၇ ခုနှစ်တွင် မြေကမ္ဘာနေ လူသားတို့ လူဦးရေအကြောင်းအရာကို စတင်အာရုံစိုက်လာခဲ့ကြသည်။ တစ်နည်းဆိုရသော် ကမ္ဘာ့လူဦးရေ တစ်စတစ်စများပြားလာသည့်အပေါ် စိုးရိမ်ကြောင့်ကြလာကြခြင်းပင်ဖြစ်ရာ ထုံးစံအတိုင်း ပညာရှင်များနှင့် မီဒီယာတို့မှ စတင်၍ ထုတ်ဖော်ပြောကြားလာခဲ့ရာမှစ၍ ကမ္ဘာ့အရေးကိစ္စတစ်ခုဖြစ်လာပြီး ၁၉၈၉ ခုနှစ်မှစတင်ကာ နှစ်စဉ် ဇူလိုင်လ ၁၁ ရက်နေ့တိုင်း ကမ္ဘာ့လူဦးရေနေ့ကို ကျင်းပပြီး လူဦးရေဆိုင်ရာအကြောင်းအရာများကို တစ်ခုပြီးတစ်ခု ခေါင်းစဉ်တပ် အာရုံစိုက်ဆွေးနွေးခဲ့ကြသည်။

ကမ္ဘာ့လူဦးရေ တိုးပွားလာခြင်းအပေါ် လူများလေ၊ ပြဿနာများလေဟူသော ကမ္ဘာ့အမြင်ဖြင့် ဆင်ခြင်သုံးသပ်ပါက မလိုလားအပ်စရာပင် ဖြစ်သည်။ ကမ္ဘာပေါ်ရှိ စိုက်ပျိုးမြေ၊ ရေ၊ စားနပ်ရိက္ခာတို့ အပါအဝင် သယံဇာတများမှာ အကန့်အသတ်ရှိခြင်းကြောင့် လူဦးရေတိုးသည်ထက် တိုးလာသည်ကို ဇက်ကြိုးသတ်၍ ထိန်းချုပ်ရန်လိုအပ်သည်။ ဆင်းရဲမွဲတေသော နိုင်ငံများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်မူ လူဦးရေ အခြေအနေက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်စပ်လျက်ရှိသည်။ နိုင်ငံလူဦးရေကို ကောင်းစွာစီမံခန့်ခွဲနိုင်စွမ်း မရှိပါက ဆင်းရဲနွမ်းပါးမှုနှင့် ၎င်း၏ အကျိုးဆက်များဖြစ်သော လူမှောင်ခိုပြဿနာ၊ ကလေးအလုပ်သမားပြဿနာ၊ ရာဇဝတ်မှုများပြားလာသည့်ပြဿနာများမှသည် နိုင်ငံမတည်ငြိမ်မှုအထိ ပြဿနာများစွာတို့က တန်းစီနေသည်။

ယခုနှစ် ကမ္ဘာ့လူဦးရေနေ့ကမူ ကိုဗစ်-၁၉ကမ္ဘာ့ကပ်ရောဂါကြီး၏ ဒုတိယမြောက်နှစ်အတွင်း ကျရောက်နေသည်။ ကပ်ရောဂါလှိုင်းများ တစ်ကြိမ်ပြီးတစ်ကြိမ် ရိုက်ခတ်မှုကြောင့် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးအပါအဝင် လူ့အရေးအရာကိစ္စများစွာတို့ ထိခိုက်ရခြင်း၊ ရောဂါကူးစက်မှု ထိန်းချုပ်နိုင်ရေးအတွက် မြို့ ရွာ များအတွင်း တားဆီးကန့်သတ် ပိတ်ဆို့ရခြင်းစသည်တို့က လူတို့၏ စိတ်ပိုင်း ရုပ်ပိုင်းတို့အပေါ် ဖိအားများစွာ ကျရောက်စေသည်။ သဘာဝအရ အားနည်းသူများဖြစ်သလို အချို့သော လူ့အဖွဲ့အစည်းများ၏ ဓလေ့ထုံးစံ၊ ယုံကြည်ကိုးကွယ်မှုအရတို့ပါ ဦးစားပေးမခံရသည့် အမျိုးသမီးငယ်/ကြီး များအပေါ် အထက်ပါဖိအားများက ပုံကျလာနိုင်သည့် အရေးပေါ် အထူးပြုစူးစိုက်ထားသည်။ အိမ်တွင်းအကြမ်းဖက်မှုများ၊ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများ၊ ကလေးသူငယ် ထိမ်းမြားလက်ထပ်မှုများ ပိုမိုများပြားလာနိုင်သည့်အပေါ် ကမ္ဘာ့လူသားတို့ ဂရုပြုလာစေရေးအတွက် ယခုနှစ် ကမ္ဘာ့လူဦးရေနေ့က ဦးတည်ချက်ထားရှိသည်။

မြန်မာနိုင်ငံအနေဖြင့်မူ နိုင်ငံ၏လူဦးရေ အရွယ်အစားသည် ပြဿနာမဟုတ်။ နိုင်ငံ၏ လူဦးရေကို ကောင်းစွာစီမံခန့်ခွဲရန် အထူးသဖြင့် အလုပ်လုပ်သည့်အရွယ် လူဦးရေ အရင်းအမြစ်ကို တန်ဖိုးမြှင့်တင်ပေးနိုင်ရန်ကသာ နိုင်ငံ၏ ပကတိလိုအပ်ချက်နှင့် ကိုက်ညီမည်ဖြစ်သည်။ အချို့သော ကမ္ဘာ့အမြင်တို့က မိမိတို့နိုင်ငံ၊ လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုနှင့် အံမဝင်သည်များလည်းရှိနေမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ ကိုဗစ်-၁၉ ကာလအတွင်း အိမ်တွင်းအကြမ်းဖက်မှုများ မဖြစ်ပေါ်စေရေး၊ ဖြစ်လာပါကလည်း အမျိုးသမီးတို့အပေါ် ပုံမချမိစေရေး၊ နိုင်ငံအတွင်းရှိ အမျိုးသမီးထု၏ အင်အားကို ရယူ၍ ကိုဗစ်-၁၉ ရောဂါတားဆီးကာကွယ်ရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် တစ်တပ်တစ်အားပါဝင်လာရေး အခွင့်အလမ်းများ ထုတ်ဖော်ပေးနိုင်ပါစေကြောင်း။ ။

# မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် အစားထိုးခန့်အပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၁၄၃/၂၀၂၁
၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်
(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၉ ရက်)

## မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် အစားထိုးခန့်အပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များကို အပ်နှင်းလျက် မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးထားသည့် ကြည်း ၂၀၈၂၅ ဗိုလ်မှူးကြီး မင်းဦး အစား ကြည်း ၂၈၇၀၇ ဗိုလ်မှူးကြီး ကျော်ကျော်လင်း အား အစားထိုး ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## မြဝတီမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေး နှိုးဆော်

**မြဝတီ ဇူလိုင် ၉**

ကရင်ပြည်နယ် မြဝတီမြို့၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများ များပြားလာသဖြင့် အသိပညာပေး နှိုးဆော်မှုများအား အသံချဲ့စက်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် လိုက်လံဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၁၀ နာရီက မြဝတီမြို့ပေါ် ရပ်ကွက်များအတွင်း လိုက်လံနှိုးဆော်ခြင်းများ ဆက်လက်ဆောင်ရွက်သည်။

အဆိုပါ အသိပညာပေး လိုက်လံနှိုးဆော်မှုကို မြဝတီခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးညဏ်မြင့်နှင့် ဝန်ထမ်းများ၊ မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများ၊ မြဝတီခရိုင်မီးသတ်တပ်ဖွဲ့ဝင်များက ဆောင်ရွက်ခြင်းဖြစ်သည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ကိုဗစ် - ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုထိန်းချုပ်နိုင်ရန်နှင့် ကုသရေးဆိုင်ရာ လုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် ဇူလိုင် ၉**

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ထိန်းချုပ်နိုင်ရန်နှင့် ကုသရေးဆိုင်ရာလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၉ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။(ယာပုံ)



**ဝိုင်းဝန်းညှိနှိုင်းဆွေးနွေး**

ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုးက လတ်တလောတွင် ရောဂါကူးစက်မှုနှုန်း မြင့်မားလာသည့်အတွက် ပြည်သူလူထုအတွင်း ကူးစက်မှုနှုန်း ထိန်းချုပ်နိုင်ရန်နှင့် ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားနိုင်ရန်နှင့် ပြည်သူလူထုအတွင်း ဖြစ်ပေါ်နေသော အခက်အခဲများကို အားလုံးဝိုင်းဝန်းညှိနှိုင်းဆွေးနွေးရန် အစည်းအဝေးခေါ်ယူရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာလှနှင့် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမင်း၊ ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးများ၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ ဥက္ကဋ္ဌများက တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ကိုဗစ်-၁၉ထိတွေ့ကူးစက်ခံရသူများအား ဆေးရုံများနှင့် စင်တာအသီးသီးတွင် လက်ခံကုသပေးနေမှုများ၊ ထပ်မံကူးစက် ခံရသူများကို လက်ခံကုသပေးနိုင်ရေးအတွက် ဆေးရုံများ၊ စင်တာများတွင် အိပ်ရာ၊ ခြင်ထောင်များနှင့် တစ်ကိုယ်ရေသုံး ပစ္စည်းများ၊ အစားအသောက် ကျွေးမွေးရေးနှင့် အောက်ဆီဂျင် လိုအပ်နေမှုများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ ပိုးတွေ့လူနာများနှင့် ထိတွေ့ဆက်စပ်သူများ၊ သံသယရှိသူများထားရှိနိုင်ရေး ခရိုင်(၄)ခရိုင်အတွင်းရှိ မြို့နယ် ၃၉ မြို့နယ်၌ Community Base Facility Quarantine (CBFQ) ပြင်ဆင်ထားရှိမှုများ၊ ပြည်ပနိုင်ငံများမှ Relief Flight ဖြင့် ပြန်လည်ဝင်ရောက်လာသူများအတွက် ပြင်ဆင်ဆောင်ရွက်ထားသည့် အခြေအနေများ၊ ဆေးရုံများနှင့် စင်တာများတွင် အောက်ဆီဂျင် လုံလောက်စွာ ရရှိရေးစီမံ ဆောင်ရွက်နေမှု အခြေအနေများ၊ ဈေးကစားရန် အောက်ဆီဂျင်အိုးများ ဝယ်ယူသိုလှောင်နေသူများကို အရေးယူမည့် အစီအစဉ်များနှင့် ကဏ္ဍအလိုက် လိုအပ်ချက်များကို အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

**အရေးယူမည်**

ဆက်လက်၍ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များဖြစ်သည့် ဗိုလ်မှူးကြီးဝင်းတင့်၊ ဦးဇော်ဝင်းနှင့် တက်ရောက်လာသူများက ကုသရေးအပိုင်းများ၊ လိုအပ်သော ဆေးပညာရှင်များ၊ Volunteer စုဆောင်းထားရှိမှုများ၊ ဆေးရုံများနှင့် ကိုဗစ်စင်တာ အခြေအနေများကို ဝိုင်းဝန်း အကြံပြု ဆွေးနွေးကြသည်။ ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက ကိုဗစ်-၁၉ ရောဂါ ပြည်သူလူထုအတွင်း ကူးစက်မှု မရှိစေရေးအတွက် မင်္ဂလာဒုံ၊ မှော်ဘီ၊ အင်းစိန်၊ တောင်ဥက္ကလာပ၊ မင်္ဂလာတောင်ညွန့်၊ မြောက်ဥက္ကလာပ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ ဗဟန်း၊ မရမ်းကုန်းမြို့နယ်များတွင် ရောဂါဖြစ်ပွားမှုနှုန်းကို စောင့်ကြည့်ပြီး Stay at Homeအဖြစ် သတ်မှတ်ခဲ့ပြီးဖြစ်ကြောင်း၊ လူစုလူဝေးဖြင့် အခမ်းအနားများ၊ ပွဲလမ်းသဘင် ဆောင်ရွက်ခြင်း မပြုရန်နှင့် လိုက်နာမှု မရှိသူများကို ထိထိရောက်ရောက်အရေးယူမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ စစ်ဆေးပေးနိုင်သည့် မြို့နယ်ဒေသန္တရကျန်းမာရေးဌာနများ၊ ပုဂ္ဂလိကဆေးရုံဆေးခန်းများ ဖွင့်လှစ်ပေးထားသည့် အခြေအနေများ၊ အောက်ဆီဂျင် ရရှိရေးတို့ကို ဖြည့်ဆည်း ဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့် လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန် /ဆက်)**

# ပုဂ္ဂိုလ်တစ်ဦးဦးကို ဗန်းပြ

**တိုင်းပြည်ကို လိမ်နေကြတဲ့ လူညာတွေ၊ အကျင့်ပျက်တွေ၊ သတ္တိကြောင်တွေဟာ ကိုယ့်အစွမ်းကို အားမကိုးဘဲ လူတွေက ကြည်ညိုတန်ကောင်းရဲ့ဆိုတဲ့ ပုဂ္ဂိုလ်တစ်ဦးဦးကို ဗန်းပြပြီးလာစေကာမူ ဘယ်နည်းနဲ့မျှ အားမပေးကြပါနဲ့။ ခင်ဗျားတို့လည်းပင်း ခင်ဗျားတို့ ကြိုးတပ်ချင်ရင်ဖြင့် ကျုပ်ဘာမှ မပြောလိုတော့ဘူး။ သို့သော်လည်း ခင်ဗျားတို့ ဒါမျိုးအလုပ်မခံချင်ရင် ခင်ဗျားတို့အကျိုးဖြစ်စေချင်ရင် ဒီလူညာတွေ၊ အကျင့်ပျက်တွေ၊ သတ္တိကြောင်တွေကို ရှောင်ရှားကြပါ။**

**( ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ပြည်သူ့အစည်းအဝေးကြီးတွင် မြွက်ကြားသည့် မိန့်ခွန်းကောက်နုတ်ချက်)**



---

- **COVID-19 နှင့် ပတ်သက်၍ ထုတ်ပြန်ထားသည့် အမိန့်များအား အများပြည်သူများ တိတိကျကျ လိုက်နာရန်နှင့် လူစုလူဝေးများမပြုလုပ်ရန်လိုအပ်ပြီး မဖြစ်မနေဆောင်ရွက်ရမည့် ကိစ္စရပ်များ ရှိပါကလည်း အတတ်နိုင်ဆုံး အကာအကွယ်များဖြင့် ဆောင်ရွက်ရန်လို**
- **ယခုအခါ လူစုလူဝေးမဖြစ်ပေါ်စေရေးအတွက် စာသင်ကျောင်းများကိုလည်း ခေတ္တပိတ်ထား**
- **နိုင်ငံအတွင်း COVID-19 ရောဂါဖြစ်ပွားမှုအား မျက်ခြည်မပြတ်အောင်ဆောင်ရွက်လျက်ရှိ**
- **COVID-19 ရောဂါ ကာကွယ်ရေးသည် နိုင်ငံအတွက်အရေးကြီးသည့် အနေအထားတစ်ခုဖြစ်**

❖ *ရွှေဖုံးမှ*

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) မှ တပ်မတော်အရာရှိကြီးများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် COVID- 19 ရောဂါသည် ကမ္ဘာ့နိုင်ငံအချို့တွင် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလနှောင်းပိုင်းနှင့် ၂၀၂၀ ပြည့်နှစ် အစောပိုင်းကာလများတွင် စတင်ဖြစ်ပေါ်ခဲ့ပြီး မိမိတို့နိုင်ငံတွင် မတ်လ ၂၃ ရက်တွင် စတင်ဖြစ်ပွားခဲ့ကြောင်း၊ ရောဂါဖြစ်ပွားမှု ပထမလှိုင်းကာလနှင့် ဒုတိယလှိုင်းကာလများတွင် ဖြစ်ပွားမှုနှုန်း နည်းပါးခဲ့သော်လည်း ယခုနှစ် မေလနှောင်းပိုင်းနှင့် ဇွန်လဆန်းပိုင်းတွင် တတိယလှိုင်းဖြစ်ပေါ်လာပြီး ကူးစက်မှုနှုန်းမြင့်တက်လာခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ထိုအခြေအနေကို စိုးရိမ်နေရုံဖြင့်မရဘဲ COVID- 19 ရောဂါကာကွယ်ရေးအတွက် ဆောင်ရွက်ရန်ရှိသည်များကို ဆက်လက်ဆောင်ရွက်နေရန်လိုကြောင်း၊ COVID–19 ရောဂါ ကာကွယ်ရေးအတွက် ကြိုတင်ကာကွယ်ခြင်းနှင့် ကုသခြင်းအပိုင်း နှစ်ခုရှိကြောင်း၊ မိမိတို့နိုင်ငံရှိ မြို့နယ်ပေါင်း ၃၃၀ တွင် ၂၉၆ မြို့နယ်တွင် ရောဂါပိုးကူးစက်မှုရှိကြောင်း၊ **COVID- 19 နှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့် အမိန့်များအား အများပြည်သူများ တိတိကျကျ လိုက်နာရန်နှင့် လူစုလူဝေးများမပြုလုပ်ရန်လိုအပ်ပြီး** မဖြစ်မနေဆောင်ရွက်ရမည့် ကိစ္စရပ်များရှိပါကလည်း အတတ်နိုင်ဆုံး အကာအကွယ်များဖြင့် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အလားတူ ကိုယ်ခံစွမ်းအားများ ကောင်းမွန်အောင် နေထိုင်စားသောက်ရန်လည်း လိုအပ်ကြောင်း၊ ယခုအခါ လူစုလူဝေး မဖြစ်ပေါ်စေရေးအတွက် စာသင်ကျောင်းများကိုလည်း ခေတ္တပိတ်ထားကြောင်း၊ နိုင်ငံအတွင်း COVID–19 ရောဂါဖြစ်ပွားမှုအား မျက်ခြည်မပြတ်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအချိန်တွင် COVID- 19 ရောဂါ ကာကွယ်ရေးသည် နိုင်ငံအတွက်အရေးကြီးသည့် အနေအထားတစ်ခုဖြစ်ကြောင်း ပြောကြားသည်။

### ကာကွယ်ဆေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က COVID–19 ရောဂါကာကွယ်ဆေးထုတ်လုပ်နိုင်ရေးနှင့် ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်၍ ပြောကြားရာတွင် **"ကျွန်တော်တို့အနေနဲ့ ကာကွယ်ကုသခြင်းအပိုင်းမှာလည်း တစ်ဖက်ကလည်း ကျွန်တော်တို့ ဆေးတွေ ဝယ်ခဲ့တာရှိတယ်။ အရင်အစိုးရလက်ထက်တုန်းက ဆေးဝယ်ခဲ့တာရှိတယ်။ အိန္ဒိယနိုင်ငံကနေ ကျွန်တော်တို့ ဆေးဝယ်တာ အလုံးသန်း ၃၀ ကျွန်တော်တို့ ဝယ်ခဲ့ပါတယ်။ ဝယ်ခဲ့တဲ့ အခါမှာလည်း ပထမအသုတ် ၂ သန်းရောက်ပြီးတော့ နောက်ပိုင်းကျတော့ အကြောင်းအမျိုးမျိုးနဲ့။ အထူးသဖြင့် အိန္ဒိယနိုင်ငံမှာ ဖြစ်ပွားနေတဲ့ သူတို့ရဲ့ ရောဂါပြန့်ပွားမှုအခြေအနေအရ သူတို့ကန့်သတ်မှုတွေ ပြုလုပ်တဲ့အခါမှာ သူတို့မှာလည်း ပေးဖို့အတွက် အခက်အခဲတွေရှိပါတယ်။ ဒီသန်း ၃၀ မှာလည်း ကြိုတင်ငွေလည်း ပေးပြီးသားပါ။ ၇၅ သန်း ကျွန်တော်တို့ပေးထားတယ်။ အဲ့ဒီတော့ ၂ သန်းရောက်ပြီးတော့ နောက်ထပ်ထပ်မလုပ်နိုင်ဘူး။ ဒီကြားထဲမှာ တရုတ်နိုင်ငံကနေပြီးတော့ ကူညီပေးတဲ့ဆေးတွေ ရှိပါတယ်။ နောက်တခြားအလှူရှင်တွေကနေပြီးတော့ လှူပေးတဲ့ Small amount လှူပေးတာတွေလည်း ရှိပါတယ်။ နောက် ကျွန်တော်တို့လည်း လိုအပ်ချက်အရ ရုရှားနိုင်ငံကိုသွားတဲ့ အချိန်မှာလည်း ရုရှားနိုင်ငံမှာ ကျွန်တော်ကိုယ်တိုင်ပဲ ကာကွယ်ရေးဝန်ကြီးရော၊ သူတို့ရဲ့ လုံခြုံရေးကောင်စီ အတွင်းရေးမှူးချုပ်နဲ့လည်း တွေ့ဆုံပြီးတော့ ဒါလိုချင်တယ်ဆိုတော့ သူတို့ချက်ချင်းပဲ အရေးတယူ ဆောင်ရွက်ပေးတယ်။ နှစ်သန်းလိုချင်တယ်ပြောတော့ ရမယ်တဲ့။ သူတို့မှာလည်း အခက်အခဲက ဘာလဲဆိုတော့ သူတို့ရဲ့ Capacity က ထုတ်နိုင်တဲ့ Capacity က အများကြီးမရှိဘူး။ တစ်ကမ္ဘာလုံးသူတို့က ဖြန့်နေရတာ။ ဖြန့်နေရတော့ သူတို့ကလည်း မပေးနိုင်ဘူး ဖြစ်နေတာ။ ခွဲခွဲပြီးပို့နေရတာ။ မရတော့မဟုတ်ဘူး။ ဒီလထဲမှာပဲ သူတို့ စပို့မယ်ဆိုပြီးတော့ ပြောပါတယ်။ ဘယ်လောက်ပေးနိုင်မယ်ဆိုတာကတော့ ပို့တဲ့အချိန်မှပဲစပြီး amount ကို သူတို့က ပြောနိုင်မယ် ပြောပါတယ်။ သောင်းဂဏန်းအထက်တော့ ရှိပါလိမ့်မယ်လို့ သူတို့က ပြောပါတယ်။ ဒီလိုပဲ တရုတ်နိုင်ငံကလည်း ကျွန်တော်တို့ကို ဆေးဝါးအကူအညီတွေ၊ ကာကွယ်ဆေးတွေ အကူအညီပေးခဲ့တာ ရှိသလိုပဲ အခုလည်း နောက်ထပ်ပြီး ငါးသန်း ကျွန်တော်တို့အပေါ်မှာ ရောင်းချပေးတာတွေရှိတယ်။ နောက်ကျွန်တော်တို့က ပုဂ္ဂလိကဆေးရုံတွေ၊ ကုမ္ပဏီတွေကိုလည်း COVID–19 ဆေး ဝယ်ယူရေးနဲ့ပတ်သက်ပြီး ခွင့်ပြုပေးခဲ့တာတွေရှိပါတယ်။ ဒါကတော့ ကာကွယ်ရေးနဲ့ ပတ်သက်ပြီးတော့ပါ ဒါလည်း လုံလောက်ပြီလားဆိုတော့ မလုံလောက်သေးပါဘူး။ မြန်မာနိုင်ငံရဲ့လူဦးရေ ၅၅ သန်း ရှိပါတယ်။ သူတို့ပြောတာတော့ ၁၈ နှစ်နဲ့ အထက်ကို ထိုးဖို့ပြောတာပေါ့လေ။ သို့သော်လည်းပဲ ၁၈ နှစ်အောက်ကလည်း လူပဲဖြစ်တယ်။ သူတို့အတွက် Effect ဖြစ်မယ်။ Save ဖြစ်မယ်ဆိုရင်လည်း ကျွန်တော်တို့က သူတို့ထိုးနိုင်ဖို့အတွက် စီစဉ်ပေးရမှာဖြစ်တယ်။ အဲ့ဒါတော့ ဘယ်အရွယ်ထိ ထိုးနိုင်မယ်ဆိုတာတော့ ဆုံးဖြတ်လို့ မရသေးပါဘူး။ ဒါသက်ဆိုင်ရာ ဆေးထုတ်လုပ်တဲ့နိုင်ငံတွေရဲ့ ကြေညာ ချက်တွေအပေါ် မူတည်ပြီး ကျွန်တော်တို့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဝယ်မယ့်ဆေးက၊ လက်ရှိဝယ်ထားတဲ့ဆေးက သိပ်များတာ မဟုတ်တဲ့အတွက်ကြောင့် ပြည်တွင်းမှာလည်း မြန်မာနိုင်ငံဆေးဝါးစက်ရုံကနေပြီးတော့ ဆောင်ရွက်နိုင်တဲ့အနေအထားမှာရှိရင် ထုတ်ဖို့ဆိုပြီး ကျွန်တော်တို့ ဆောင်ရွက်ပေးနေတာရှိပါတယ်။ ဒါလည်း ရုရှားနိုင်ငံမှာ ဆွေးနွေးရာမှာ မူအားဖြင့် သူတို့သဘောတူပြီး ဖြစ်ပါတယ်။ သူတို့သဘောတူတယ်။ ပူးပေါင်းဆောင်ရွက်ချင်တယ်။ သူတို့ ဒီမှာ လာကြည့်ပါရစေ။ လာကြည့်ပြီးတော့ သူတို့ ဘယ်လိုလုပ်မယ်ဆိုတာ ဆုံးဖြတ်မယ်ဆိုပြီးတော့ပြောပါတယ်။ ဒီလထဲမှာ သူတို့လာဖို့ရှိပါတယ်။ ကျွန်တော်ကတော့ စောနိုင်သမျှ စောအောင်လာနိုင်ဖို့အတွက် ဖိတ်ထားတာရှိပါတယ်။ သူတို့တင် မဟုတ်ပါဘူး ကျန်တဲ့ အခြားပူးပေါင်းဆောင်ရွက်ရေး နယ်ပယ်တွေကလည်း အကုန်လိုက်လာကြမှာပါ။ သို့သော်လည်း မြန်မာနိုင်ငံမှာက လက်ရှိအခြေအနေမှာက ဖြစ်ပွားမှု နည်းနည်းလေးများနေတဲ့အတွက် သူတို့ လာနိုင်တဲ့အခြေအနေကိုလည်း ချင့်ချိန်ဖို့တော့ ရှိပါတယ်လို့ ကျွန်တော် ပြောချင်ပါတယ်။ ဒါတော့ ကျွန်တော်တို့က ကာကွယ်ဆေးနဲ့ပတ်သက်ပြီးတော့ ပြောခြင်းဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဝယ်ထားတဲ့ ဆေးတွေလည်း ဆောလျင်စွာ မြန်မြန်ပြီးစီးအောင် ထိုးဖို့လည်း လိုပါတယ်။ လက်ထဲမှာ ဘာမှလက်ကျန်မထားဘဲနဲ့ သူ course အတိုင်း ပြည့်အောင် ထိုးဖို့လည်းလိုပါမယ်"** ဟု ပြောကြားသည်။

### တိုင်းပြည်ရဲ့အမျိုးသားရေးဖြစ်

ဆက်လက်ပြီး ရောဂါကုသခြင်းအပိုင်းနှင့် ပတ်သက်၍ ပြောကြားရာတွင် **" နောက်တစ်ခါ ကျွန်တော်တို့ ကုသရေးအပိုင်းနဲ့ ပတ်သက်ပြီးတော့ ဆေးရုံတွေလည်း အတတ်နိုင်ဆုံး။ ပြီးခဲ့တဲ့လကတည်းက ကျွန်တော်တို့က ဆေးရုံတွေ အကုန်လုံး ပြင်နေတာတွေ ရှိတယ်။ စိတ်ထဲမှာ သံသယဖြစ်တာနဲ့ အကုန်လုံး ဆေးရုံတွေ ပြင်ခိုင်းထားတာရှိတယ်။ အရင်ကလည်းလုပ်ပြီးသားပါ ကျွန်တော်တို့ မဖျက်ပါဘူး။ ဒါလည်း ပြန်ပြီးတော့ တပ်လှန့်နှိုးဆော်ပြီးတော့ လုပ်ခဲ့တာတွေရှိတယ်။ ဒါတွေဆောင်ရွက်မှု အခြေအနေတွေကိုလည်း တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များက တင်ပြပေးဖို့ ကျွန်တော်ပြောလိုပါတယ်။ နောက်တစ်ခုကဘာလဲဆိုရင် ကျန်းမာရေးဝန်ထမ်းတွေနဲ့ ပတ်သက်ပြီးတော့ လက်ရှိနိုင်ငံရေးအခြေအနေအရ တချို့နေရာတွေမှာအခက်အခဲရှိတာကို ကျွန်တော်တို့ တွေ့ပါတယ်။ အဲဒီတော့ ဘာပဲပြောပြော ဖြန့်လို့ရတဲ့သူတွေကို ကျွန်တော်တို့က Distribution ပြန်လုပ်မှာပေါ့။ များတဲ့နေရာကနေပြီးတော့ နည်းတဲ့နေရာကို၊ မရှိတဲ့နေရာကို သွားဖို့တစ်ခုရှိမယ်။ နောက်တစ်ခုက အဲဒီလိုမှ မရဘူးဆိုရင် ကျွန်တော်တို့ကဆရာဝန်တွေကို ကန်ထရိုက်စနစ်နဲ့ခန့်ထားဖို့လည်း စီမံပေးထားတာ၊ မှာထားတာ ရှိပါတယ်။ ဒါလည်း ဆက်လက်အကောင်အထည်ဖော်ဖို့ လိုပါလိမ့်မယ်။ တပ်မတော်ကနေပြီးတော့။ ပြီးတော့ ခုနက Distribution ဆိုတဲ့နေရာမှာလည်း တပ်မတော်ဘက်က သူတွေလည်း ပါပါတယ်။ ကျွန်တော်တို့လည်း အကုန်လုံးမျှပြီးတော့ ပေးသွားမှာပါ။ အကုန်လုံးစုပြုံပြီးတော့ တပ်မတော်ဆေးရုံမှာပဲ cover လုပ်နေလို့လည်း မရပါဘူး။ ဒါဟာ တိုင်းပြည်ရဲ့ အမျိုးသားရေးဖြစ်တယ်။ နိုင်ငံ့အရေးဖြစ်လာပြီဆိုတော့ အကုန်လုံး ဖြန့်ကြက်ပြီးတော့ သွားခိုင်းမှာပါ။ အဲ့ဒီတော့ လိုအပ်တဲ့ ကျန်းမာရေးဝန်ထမ်းတွေလည်း အမြန်ဆုံးတွက်ချက်ပြီးတော့ ဆောင်ရွက်ပေးဖို့ ကျွန်တော်ပြောလိုပါတယ်"** ဟု ပြောကြားသည်။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

### ကြိုတင်ကာကွယ်ဆောင်ရွက်ရမည်

ထို့နောက် COVID-19 ရောဂါဖြစ်ပွားမှုကြောင့် ကုန်ထုတ်လုပ်မှုနှင့် စက်ရုံအလုပ်ရုံများအား ရပ်ထား၍မရကြောင်း၊ အခြားနိုင်ငံများတွင်လည်း COVID-19 ရောဂါကြိုတင် ကာကွယ်မှုများဆောင်ရွက်၍ စက်ရုံ၊ အလုပ်ရုံများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့်လည်း စက်ရုံအလုပ်ရုံများအား COVID-19 စည်းကမ်း ချက်များနှင့်အညီ Face Mask များတပ်ဆင်ခြင်း၊ သတ်မှတ် အကွာအဝေးအတိုင်း နေထိုင်ခြင်း၊ စနစ်တကျလက်ဆေးခြင်း၊ စားသောက်ခန်းများ သတ်မှတ်ချက်များ လိုက်နာ၍ စက်ရုံအလုပ်ရုံများ လည်ပတ်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင်လည်း လိုအပ်သည့်ရောဂါကာကွယ်မှုများဖြင့် ဆောင်ရွက်မည်ဆိုပါက လုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ **ကမ္ဘာပေါ်ရှိ လူဦးရေသန်းပေါင်း ၇၉၀၀ ခန့်တွင် ရောဂါပိုးတွေ့ရှိသူ ၁၈၅ သန်း ကူးစက်မှုခံရသဖြင့် ရာခိုင်နှုန်းအရနည်းပါးကြောင်း၊ မိမိတို့နိုင်ငံသည် ရောဂါကူးစက်မှုနှုန်းရာခိုင်နှုန်း များပြားသည့်နိုင်ငံတွင် မပါရှိသေးသော်လည်း ပေါ့ဆမနေဘဲ လိုအပ်သည့် ကြိုတင်ကာကွယ်မှုများကို ဆောင်ရွက်နေရမည်ဖြစ်**ကြောင်း၊ အဓိကအားဖြင့် COVID-19 ကာကွယ်ရေးနှင့် ပတ်သက်၍ ထုတ်ပြန်ထားသည့်စည်းကမ်းချက်များအား သတိတရားရှိရှိဖြင့် တိတိကျကျ လိုက်နာမည်ဆိုပါက ကူးစက်မှုနှုန်းအား လျှော့ချနိုင်မည်ဖြစ်ကြောင်း။

### သတိပေးဆောင်ရွက်နေရန်လို

COVID- 19 ရောဂါကာကွယ်ရေးအတွက် လိုက်နာရန်အချက်များအား ပြည်သူများ သိရှိစေရေး ပြန်ကြားရေးဝန်ကြီးဌာန ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာများနှင့် ပုဂ္ဂလိက ရုပ်မြင်သံကြားဌာနများ၊ ရေဒီယိုသတင်းဌာနများက ပညာပေးမှုများ အမြဲမပြတ် သတိပေးဆောင်ရွက်နေရန် လိုကြောင်း၊ တစ်ဖက်က သတိပေးမှုများ ဆောင်ရွက်လျက်ရှိသကဲ့သို့တစ်ဖက်မှလည်း ကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း၊ COVID-19 ရောဂါ ကာကွယ်ခြင်းနှင့် ကုသခြင်းအပိုင်းများကို ဆောင်ရွက်နေရန် လိုအပ်သကဲ့သို့ နိုင်ငံ၏စီးပွားရေးမကျဆင်းအောင်လည်း ဆောင်ရွက်ရန်လိုကြောင်း၊ COVID-19 ရောဂါကာကွယ်ရေး အတွက် အားလုံးတက်ညီလက်ညီ စည်းကမ်းရှိရှိဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက အောင်မြင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

### ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာများနှင့် ပတ်သက်၍ ရောဂါကူးစက်ခံရသူများအတွက် လိုအပ်သည့် အောက်ဆီဂျင်များ လုံလောက်စွာ ရရှိရေး ဆောင်ရွက်နေမှုအခြေအနေ၊ Stay at Home ပြုလုပ်ထားသည့် မြို့နယ်များအပြင် အခြားမြို့နယ်များတွင်လည်း COVID-19 စည်းကမ်းများနှင့်အညီ စနစ်တကျ သွားလာရေးအတွက် Campaign များ ပြုလုပ်ရန်ဆောင်ရွက်နေမှု၊ လုံခြုံရေးအဖွဲ့များမှ စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရေးနှင့် ရောဂါကူးစက်မှုခံရသည့် လူနာများအား ဆေးရုံများတွင် လက်ခံကုသဆောင်ရွက်လျက်ရှိမှုအခြေအနေ၊ ကုသရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ရန်အတွက် ပြင်ပဝန်ထမ်းများအား နေ့စားအနေဖြင့် ခန့်အပ်ဆောင်ရွက်လျက်ရှိမှုအခြေအနေ၊ ကူးစက်မှုများ လျော့ကျစေရေးအတွက် ကာကွယ်ရေးလုပ်ငန်းများကို အထူးဂရုပြုဆောင်ရွက်ရန် လိုအပ်မှုအခြေအနေ၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် သွားလာမှုကို လျှော့ချခြင်းနှင့် လူတိုင်း Face Mask များ တပ်ဆင်ရေး ကြပ်မတ်ဆောင်ရွက်ရန်လိုအပ်မှုအခြေအနေ၊ ကျန်းမာရေးအသိပညာပေးမှု လုပ်ငန်းများအား အများပြည်သူများသိရှိရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့် တိုးချဲ့ဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေ၊ လူအများစုဝေးနိုင်သည့် ဘာသာရေးဆိုင်ရာနေရာများ၊ အကျဉ်းဦးစီးဌာနများကိုလည်း နှိုးဆော်ဆောင်ရွက်သွားမည့် အခြေအနေ၊ ကာကွယ်ဆေးများထိုးနှံရာတွင်လည်း သက်ကြီးရွယ်အိုများနှင့် စက်ရုံ၊ အလုပ်ရုံများ၊ ဘဏ်များနှင့် အခြားပုဂ္ဂလိကဝန်ထမ်းများအား ဦးစားပေးထိုးနှံဆောင်ရွက်ပေးသွားမည့်အခြေအနေ၊ COVID-19 ကူးစက်မှုကြောင့် ဘဏ်လုပ်ငန်းများ မထိခိုက်စေရေး ဘဏ်များအား COVID- 19 စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်ဆောင်ရွက်ရန် လိုအပ်မှုအခြေအနေ၊ ရောဂါ ကူးစက်ခံရသူများအား တပ်မတော် တပ်ရင်း/ တပ်ဖွဲ့များတွင် လက်ခံထားရှိကုသနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ဆေးရုံများတွင် အောက်ဆီဂျင် လုံလောက်စွာ ရရှိရေးအတွက် တပ်မတော်စက်ရုံများမှ ထုတ်လုပ်ဖြန့်ဝေပေးနေမှု အခြေအနေများအား ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### ကာကွယ်ရေးသည် အဓိကအရေးအကြီး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် ဆွေးနွေးမှုများသာမက လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်နေရန်လိုကြောင်း၊ ကာကွယ်ရေးသည်အဓိက အရေးအကြီးဆုံးဖြစ်သဖြင့် ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

### တာဝန်သိသိ ပူးပေါင်းဆောင်ရွက်

ဆက်လက်၍ ရောဂါကာကွယ်ထိန်းချုပ်ကုသရေး အပိုင်းတွင် အားလုံးဝိုင်းဝန်း ပါဝင်ဆောင်ရွက်နိုင်ရေးနှင့်ပတ်သက်၍ ပြောကြားရာတွင် **"အဓိကကတော့ ကာကွယ်ရေးပိုင်းက အရေးအကြီးဆုံးပဲ။ ကာကွယ်ရေးမှာ မနိုင်လို့ရှိရင် ကုသရေးမှာလည်း တော်တော် heavy ဖြစ်မယ်။ အဲဒီတော့ ကာကွယ်ရေး ကတော့ အရေးအကြီးဆုံးပဲ။ ကာကွယ်ရေးကို ဦးစားပေးပြီးတော့ လုပ်တာတော့ ပိုပြီးတော့ကောင်းမယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ ဒါကြောင့် အများပြည်သူ ကနေပြီးတော့မှ လိုက်နာရမယ့် စည်းကမ်းတွေ တလေးတစားကို လုပ်ဖို့လိုပါတယ်။ နောက်တစ်ခုကလည်း Co-operation ၊ Co-ordination ပေါ့။ ပူးပေါင်းဆောင်ရွက်မှုတွေလုပ်ဖို့လည်းလိုတယ်။ ဟိုလူတွေ၊ ဒီလူတွေ ခွဲလို့မရပါဘူး။ အရေးကြီးတာကတော့ လူသားတစ်ယောက်ရဲ့ကျန်းမာရေးအပေါ် မူတည်ပြီး တော့ လုပ်ကြရတာဖြစ်တယ်။ ဘယ်သူပဲ ဖြစ်ဖြစ်ပါ။ ဖြစ်လာလို့ရှိရင်တော့ အကုန်လုံး လုပ်ပေးရမယ့် သဘောရှိတယ်။ လုပ်ရမယ့်သဘောလည်းရှိတယ်။ လုပ်ပေးရမယ့် သဘောလည်းရှိတယ်။ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေကလည်း ငြင်းပယ်လို့ မရပါဘူး။ နောက်တစ်ခါထုတ်လို့ရတဲ့ လူ့စွမ်းအားအရင်း အမြစ်တွေကို။ စောစောက ဆွေးနွေးရင်းနဲ့ ကျွန်တော်ချက်ချင်း တန်းပြောတယ်။ ကျွန်တော်တို့ဆီမှာ ဆေးတပ်ကြပ်တွေရှိတယ်။ Medical Corporal တွေ Medical Sergeant တွေရှိတယ်။ MA တွေရှိတယ်။ သူတို့လည်း သုံးလို့ရတယ်။ အနည်းဆုံးတော့ Third Grade တက်ပြီးသားတွေပဲ။ အနည်းဆုံးတော့ ဆေးထိုးပေး လို့ရတယ်ဗျာ။ ကျွန်တော်က သတိရတာနဲ့ ချက်ချင်း တန်းပြောတာ။ မေ့သွားမှာစိုးလို့ ချက်ချင်းလုပ်ပါလို့ ဒါကိုပြောလိုက်တာ။ အဲဒီတော့ အပြင်မှာလည်း ဒီလိုမျိုး သင်တန်းတက်ပြီးသားတွေ ရှိလိမ့်မယ်။ ဒါတွေလည်း ကြေညာလိုက်ပါ။ အတတ်နိုင်ဆုံး Volunteer အဖွဲ့မှာ လာကူညီကြဖို့ပေါ့။ ကျန်းမာရေး တစ်ခုနဲ့ ပတ်သက်ပြီး သင်တန်းတက်ပြီးသားသူတွေက နီးစပ်ရာ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့တွေနဲ့ ကျန်းမာရေး ဆေးရုံတွေမှာ လာရောက်ဆက်သွယ်ပြီးတော့ ဆောင်ရွက်ပေးဖို့ နိုင်ငံတော်က ကြေညာပေးလိုက်တာကောင်းမယ်။ အဲ့ဒါဆိုရင်တော့ ပိုပြီးတော့ ထိရောက်လိမ့်မယ်။ အများကြီးရနိုင်တယ်။ မြန်မာတွေက Volunteer စိတ်ရှိပါတယ်။ သူများတိုင်းပြည်နဲ့ မတူတာက ကျွန်တော်တို့မှာ လူမှုရေးစိတ်ရှိတယ်။ ကူကြ၊ ကယ်ကြမယ့်သူတွေအများကြီး ရှိတယ်။ အဲဒီတော့ ရအောင်လုပ်မယ်လို့ဆိုရင် ဘယ်လိုမှ မဖြစ်စရာ အကြောင်းမရှိဘူး။ အဲ့ဒါကြောင့် အဓိကကတော့ ကာကွယ်ရေးပိုင်းမှာ လုပ်ဖို့ရယ်။ ပြည်သူလူထုရဲ့ပူးပေါင်းဆောင်ရွက်မှု၊ တိုင်းသူပြည်သားတွေရဲ့ တာဝန်သိသိ ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ လုပ်မယ်ဆိုရင်တော့ ကျော်လွှားနိုင်မယ်လို့ကျွန်တော်ပြောလိုပါတယ်။ အဲ့ဒါကိုအဓိကထားပြောလိုပါတယ်"** ဟု ပြောကြားသည်။

### ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်

ထို့နောက် ဝါဆိုလပြည့်နေ့၊ အီဒုလ်အဿွာဟာနေ့နှင့် အာဇာနည်နေ့များသည် လူအများနှင့် သက်ဆိုင်သည့်နေ့များဖြစ်ခြင်းကြောင့် လူစုလူဝေးများဖြစ်ပေါ်လာနိုင်သဖြင့် COVID- 19 ဆိုင်ရာ စည်းမျဉ်း စည်းကမ်းများအား တိကျစွာဖြင့် အလေးထား လိုက်နာရန်နှင့် လူစုလူဝေးများ မပြုလုပ်ကြရန် လိုအပ်ကြောင်း၊ ကာကွယ်ဆေးသာမက ကုသဆေးများ လုံလုံလောက်လောက်ရှိစေရေး ကြိုတင်ဖြည့်ဆည်း ဆောင်ရွက်ထားရန်လိုကြောင်း၊ **COVID- 19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်၍ ဘဏ္ဍာငွေများ သုံးစွဲရာတွင် မည်သည့်ကန့်သတ်ချက်မျှ ကန့်သတ်ထားခြင်းမရှိကြောင်း၊ ထိထိရောက်ရောက်၊ မှန်မှန်ကန်ကန်၊ မြန်မြန်ဆန်ဆန် အသုံးချနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်သွားရန်ဖြစ်**ကြောင်း၊ ရောဂါဖြစ်ပွားနေသူများအတွက် အောက်ဆီဂျင်လိုအပ်မှုနှင့် ပတ်သက်၍ အမြန်ဆုံးဆောင်ရွက်လျက်ရှိပြီး Oxygen Plant များ အမြန်ဆုံးစွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေးနှင့် Liquid Oxygen များ ဖြည့်တင်းနိုင်ရေး၊ ထုတ်လုပ်နိုင်ရေး စီစဉ်ဆောင်ရွက်ထားပြီး ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းသုံး Oxygen Plant များကိုလည်း အသုံးပြုနိုင်ရေး လုပ်ဆောင်ထားပြီး ဥပမာအားဖြင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်း(MEC)၏ စက်မှုလုပ်ငန်းသုံး Oxygen Plant များမှလည်း အောက်ဆီဂျင် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ကန့်သတ်စောင့်ကြည့်ရမည့်သူများကို နေရာဒေသအလိုက် ထားရှိနိုင်ရေးအတွက် တစ်နိုင်ငံလုံးရှိ တပ်ရင်း၊ တပ်ဖွဲ့များကို ပြင်ဆင်ခိုင်းထားကြောင်း၊ မိမိတို့နိုင်ငံ၌ တပ်ရင်း၊ တပ်ဖွဲ့များသည် မြို့နှင့် ဒေသအများစု၌ ရှိသောကြောင့် ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ရှိပြီးဖြစ်သည့် လူနာတင်ယာဉ်များကို အမှန်တကယ်အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ထားသကဲ့သို့ အရေးပေါ်လူနာများ ရွှေ့ထုတ်ရေး၊ အချိန်မီသယ်ဆောင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ လိုအပ်သည့်နေရာများ၌ တပ်မတော်မှ လေယာဉ် ရဟတ်ယာဉ်များအသုံးပြု၍ ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိပြောခဲ့သလို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကာကွယ်ဆေးများ မကြာမီရက်ပိုင်းအတွင်း ရောက်ရှိလာမည်ဖြစ်သဖြင့် ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများ ထိထိရောက်ရောက်ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး၏ သတင်းအခြေအနေမှန်အား ဦးစီးအဖွဲ့မှအချိန်နှင့် တစ်ပြေးညီ သိရှိနေမှသာ ကြိုတင်ပြင်ဆင်၍ ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

- ကုသရေးအပိုင်းနဲ့ ပတ်သက်ပြီးတော့ ဆေးရုံတွေလည်း အတတ်နိုင်ဆုံး။ ပြီးခဲ့တဲ့လကတည်းက ကျွန်တော်တို့က ဆေးရုံတွေအကုန်လုံး ပြင်နေတာတွေရှိတယ်။ စိတ်ထဲမှာ သံသယဖြစ်တာနဲ့ အကုန်လုံး ဆေးရုံတွေ ပြင်ခိုင်းထားတာရှိတယ်။ အရင်ကလည်း လုပ်ပြီးသားပါ ကျွန်တော်တို့ မဖျက်ပါဘူး။ ဒါလည်း ပြန်ပြီးတော့ တပ်လှန့်နှိုးဆော်ပြီးတော့ လုပ်ခဲ့တာတွေရှိတယ်။
- COVID- 19 ရောဂါဖြစ်ပွားမှုကြောင့် ကုန်ထုတ်လုပ်မှုနှင့် စက်ရုံအလုပ်ရုံများအား ရပ်ထား၍မရ၊ အခြားနိုင်ငံများတွင်လည်း COVID-19 ရောဂါကြိုတင် ကာကွယ်မှုများ ဆောင်ရွက်၍ စက်ရုံ၊ အလုပ်ရုံများ လည်ပတ်ဆောင်ရွက်လျက်ရှိ
- ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့်လည်း စက်ရုံအလုပ်ရုံများအား COVID- 19 စည်းကမ်းချက်များနှင့်အညီ Face Mask များ တပ်ဆင်ခြင်း၊ သတ်မှတ်အကွာအဝေးအတိုင်း နေထိုင်ခြင်း၊ စနစ်တကျလက်ဆေးခြင်း၊ စားသောက်ခန်းများ သတ်မှတ်ချက်များ လိုက်နာ၍ စက်ရုံအလုပ်ရုံများ လည်ပတ်ရန်လို

## နိုင်ငံသားတိုင်း နိုင်ငံကောင်းအောင် ဆောင်ရွက်လိုသည့်စိတ်ဓာတ်ရှိမှသာ နိုင်ငံကြီးပွားတိုးတက်မည်

နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးအတွက် ပညာတတ်များ ပေါ်ကြွယ်ဝအောင် ဆောင်ရွက်ခြင်းနှင့် အသိပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြည်သူများ ပညာတတ်ဖြစ်စေရေးသည် အရေးကြီးသဖြင့် အထူးအလေး အနက်ထား ဆောင်ရွက်ရမည့် ကိစ္စရပ်တစ်ခုဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း နိုင်ငံကောင်းအောင် ဆောင်ရွက်လိုသည့်စိတ်ဓာတ် ရှိမှသာ နိုင်ငံကြီးပွားတိုးတက်မည်ဖြစ်ပြီး နိုင်ငံကောင်းအောင် ဆောင်ရွက်လိုသည့် စိတ်ဓာတ်ရှိရန်အတွက် ပညာရေးတွင် အခြေခံကောင်းရန် လိုအပ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၄-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# မြန်မာ-တရုတ် နှစ်နိုင်ငံ လယ်ယာကဏ္ဍပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆွေးနွေး

**နေပြည်တော် ဇူလိုင် ၉**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးသည် ယနေ့ ညနေပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်ကို Online Virtual ဖြင့် တွေ့ဆုံ၍ နှစ်နိုင်ငံလယ်ယာ ကဏ္ဍကုန်သွယ်မှု တိုးမြှင့်ရေးဆိုင်ရာများကို ရင်းနှီး ပွင့်လင်းစွာဆွေးနွေးကြသည်။ (ယာပုံ)

ဆွေးနွေးစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံ လယ်ယာ၊ သားငါးထွက်ကုန်များ ကုန်သွယ်မှုတွင် လိုအပ်သော ပိုးမွှားရောဂါ ထိန်းချုပ်ရေးဆိုင်ရာများ၊ အပင်၊ တိရစ္ဆာန်နှင့် သားငါး ပိုးမွှားရောဂါကင်းစင်ရေး သဘောတူညီချက်များနှင့်အညီ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ GACC တို့အကြား လက်မှတ်ရေးထိုးပြီး ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် လက်မှတ်ရေးထိုး ဆောင်ရွက်ရန် လုပ်ငန်းဆိုင်ရာများကို လည်းကောင်း၊ နှစ်နိုင်ငံ အစိုးရအကြား လက်မှတ်ရေးထိုးခဲ့သည့် စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းလုပ်ငန်းများကို အပြည့်အဝ အကောင်အထည်ဖော်ဆောင်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ရခိုင်ပြည်နယ်အဆင့် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေး (၆/၂၀၂၁) ကျင်းပ

**စစ်တွေ ဇူလိုင် ၉**

ရခိုင်ပြည်နယ်အဆင့် Coronavirus Disease 2019(COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ (၆/၂၀၂၁) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)



**ရောဂါဖြစ်ပွားမှုနှုန်း မြင့်မားလာ**

အစည်းအဝေးတွင် ရခိုင်ပြည်နယ်အဆင့် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်မင်းက ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း ဖြစ်ပွားမှုနှုန်းသည် ယခုအခါ တဖြည်းဖြည်း တိုးတက်မြင့်မား လာသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် ကာကွယ်ရေးလုပ်ငန်းများကို လုပ်ဆောင်သည့်အခါ ယခုထက်ကောင်းအောင် မည်ကဲ့သို့ ပိုမို လုပ်ဆောင်သင့်သည်ကို ဆွေးနွေးကြရန် ဖြစ်ကြောင်း၊ ယနေ့တွင် အခြေခံပညာကျောင်းများအား ခေတ္တပိတ်ထားရပါကြောင်း၊ နောင်ဆိုလျှင် ဈေးများ ပိတ်သည်အထိ ဖြစ်လာခဲ့လျှင် မည်သို့ ဆောင်ရွက်သွားရမည်၊ ဈေးများ၊ ကျောင်းများပိတ်ရသော်လည်း အချိန်အနည်းငယ်အတွင်း ပြန်လည်ဖွင့်နိုင်အောင် မည်ကဲ့သို့ ဆောင်ရွက်သွားရမည် စသည်တို့ကို ဆွေးနွေးသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် ပြည်နယ်အဆင့် Coronavirus Disease – 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် Coronavirus Disease – 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းကော်မတီဝင်များ၊ ဒေသကိုယ်စားပြုသူ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ရခိုင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ တွေ့ရှိခဲ့မှု အခြေအနေ၊ ပြည်သူအားလုံး ပါးစပ်နှင့် နှာခေါင်းစည်းများ တပ်ဆင်သွားလာနိုင်ရေး၊ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေ၊ ကိုဗစ်ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသနေသူများ၏ အခြေအနေ၊ ပြည်နယ်အတွင်းရှိ ဆေးရုံများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးပစ္စည်းများ ဖြန့်ဝေထားရှိမှုအခြေအနေ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ အသိပညာပေး ထုတ်ပြန်ချက်များအား အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်နိုင်ရေး ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးတင်ပြကြသည်။

**ပေါင်းစပ်ညှိနှိုင်း**

တင်ပြချက်များ အပေါ် ပြည်နယ်အဆင့်ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း (ပြန်/ဆက်)**

## ရခိုင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

**စစ်တွေ ဇူလိုင် ၉**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်းပြီး အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသည့် ဂွမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်းမှ စီမံကိန်းထောက်ပံ့ငွေကျပ် ၇၉၅၀၀၀၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၂၀၀၀၀ စုစုပေါင်း ကုန်ကျငွေကျပ် ၈၀၇၀၀၀၀ ဖြင့် ဆောင်ရွက်လျက်ရှိသော ချင်းကုန်းကျေးရွာ ကွန်ကရစ်လမ်း အလျား ၅၄၄ ပေ၊ အနံ ၁၀ ပေ၊ ထုထည် ၆ ပေ ဆောင်ရွက်နေမှုကို ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးတင့်ဝေနှင့် ပြည်နယ်စီမံကိန်းရုံးခွဲ တာဝန်ခံတို့က ယနေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။ အဆိုပါ လူထုဗဟိုပြု စီမံကိန်းလုပ်ငန်း အား ရွေးချယ်ထားသော စီမံကိန်းကျေးရွာများတွင် ကမ္ဘာ့ဘဏ် အထောက်အပံ့ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်ပြီး စီမံကိန်းအား ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်ကြီးကြပ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဝင်းမင်းစိုး (ပြန်/ဆက်)**

# သိစေ၊ ကြားစေ ညွှန်းသက်သေ

အောင်ရှင်း

**မြန်မာနိုင်ငံမှာ လက်ရှိဖြစ်ပေါ်ပြောင်းလဲနေတဲ့ နိုင်ငံရေးအခြေအနေတွေနဲ့ ပတ်သက်ပြီး ပြည်ပအထောက်အပံ့နဲ့ ရပ်တည်နေတဲ့ ပြည်တွင်းမီဒီယာတွေ၊ အဆိုးမြင် ပြည်ပမီဒီယာတွေက သတင်းတုသတင်းမှားတွေ ထုတ်ပြန်လျက်ရှိပါတယ်။ သံတမန်ကျင့်ဝတ်နဲ့မညီတဲ့ အချို့အနောက်နိုင်ငံသံတမန်အသိုင်းအဝိုင်းနဲ့ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းအချို့ကလည်း အဲဒီသတင်းတုသတင်းမှားတွေကို အခြေခံပြီး တစ်ဖက်သတ်ထုတ်ပြန်ချက်တွေ ထုတ်ပြန်နေတာကို မြင်တွေ့နေရပါတယ်။**

သူတို့ရဲ့ထုတ်ပြန်ချက်အများစုဟာ နိုင်ငံတော်အစိုးရနဲ့ သက်ဆိုင်ရာဌာနတွေက ထုတ်ပြန်တဲ့ အချက်အလက်တွေကို အခြေခံခြင်းမရှိဘဲ မီဒီယာကျင့်ဝတ်၊ သံတမန် ကျင့်ဝတ်တွေကိုဖောက်ဖျက်ပြီး နိုင်ငံရေးရည်မှန်းချက်နဲ့ မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေတွေကို ပိုမိုရှုပ်ထွေးအောင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေတာကို အထင်အရှား မြင်တွေ့နေရပါတယ်။


**သတင်းအမှားများနှင့် မူးယစ်ဆေးဝါးပြဿနာ**

အထူးသဖြင့် လက်ရှိအချိန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံ့တာဝန်ကို ခေတ္တထိန်းသိမ်းထားရတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရကို ဘက်ပေါင်းစုံက နိုင်ငံရေးအရ ဖိအားပေးဖို့ ဆောင်ရွက်နေကြပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ နိုင်ငံရေးနဲ့ မသက်ဆိုင်တဲ့ မူးယစ်ဆေးဝါးကိစ္စကို လိုရာဆွဲယူပြီး တစ်ဖက်သတ်စွပ်စွဲပြစ်တင် ဝေဖန်မှုပြုလုပ်ထားတဲ့ ထုတ်ပြန်ချက်တစ်ခုကို U.S Embassy Rangoon ရဲ့ Facebook Page မှာ ရေးသားဖော်ပြထားတာ မြင်တွေ့ခဲ့ရပါတယ်။ အဲဒီ Page က ရေးသားဖော်ပြချက်အရဆိုရင် မြန်မာနိုင်ငံမှာ ဖြစ်ပေါ်ခဲ့တဲ့ နိုင်ငံရေးအခြေအနေကြောင့်ပဲ ဒေသတွင်းမူးယစ်ဆေးဝါး ထုတ်လုပ်မှုပိုမိုဆိုးရွားလာသယောင် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (United Nations Office on Drugs and Crime –UNODC)ရဲ့ ထုတ်ပြန်ချက်ကို ကိုးကားပြီး ဖော်ပြခဲ့ပါတယ်။

အမှန်တော့ UNODC ရဲ့အစီရင်ခံစာမှာ COVID ဖြစ်ပွားနေပေမယ့် ဒေသတွင်း မူးယစ်ဆေးဝါး ကုန်သွယ်မှုကျဆင်းမသွားကြောင်းနဲ့၊ ရာဇဝတ်ဂိုဏ်းတွေက မူးယစ်ဆေးဝါးကုန်သွယ်မှုကို တိုးချဲ့နေကြကြောင်း ရေးသားထားတာဖြစ်ပါတယ်။ UNODC ရဲ့ အစီရင်ခံစာမှာ ၂၀၂၀ ပြည့်နှစ်က အချက်အလက်အများစုပေါ်မှာသာ အခြေခံပြီး သုံးသပ်ရေးသားထားတာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးနဲ့ သက်ဆိုင်တဲ့ ဖော်ပြချက်မျိုး လုံးဝမပါရှိပါဘူး။ မြန်မာနိုင်ငံအစိုးရရဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဆောင်ရွက်ချက်တွေ၊ ဖမ်းဆီးရမိမှုတွေကိုလည်း အထောက်အထားတွေနဲ့တကွ ရေးသားဖော်ပြထားတာကို တွေ့ရှိရပါတယ်။

**ဒါ့အပြင် အမေရိကန်သံရုံးက ဖော်ပြချက်မှာ သုံးစွဲကိုးကားထားတဲ့ ဓာတ်ပုံက UNODC နဲ့ လုံးဝသက်ဆိုင်ခြင်းမရှိတဲ့ United Nations Office for the Coordination of Humanitarian Affairs (OCHA)–Myanmar ရဲ့ Twitter မှာ ဖော်ပြထားချက်တစ်ခုသာ ဖြစ်ပါတယ်။ ဒီလို မဟုတ်မမှန် ရေးသားထားလို့ အမေရိကန်သံရုံး facebook Post အောက်က comment တွေမှာ မြန်မာပြည်သူတွေက ကန့်ကွက်ရေးသားခဲ့ကြလို့ သုံးစွဲထားတဲ့ဓာတ်ပုံကို ပြန်လည်ပြောင်းလဲခဲ့တာ တွေ့ရပါတယ်။ ဒါကြောင့် အမေရိကန်သံရုံး facebook Post ကနေ ဖော်ပြချက်ဟာ အချက်အလက်တွေ တိကျမှန်ကန်မှုမရှိတဲ့ အပြင် လွဲမှားတဲ့အချက်တွေ ပါဝင်နေပြီး လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဆောင်ရွက်ချက်တွေကို မသိချင် မမြင်ချင်ယောင်ဆောင်နေခြင်းသာမက မျက်မှန်စိမ်းတပ် နားထဲဂွမ်းဆို့ပြီး လိုရာဆွဲဖော်ပြ ချက်ပဲဖြစ်ပါတယ်။**

**အမေရိကန်သံရုံးက ဖော်ပြချက်မှာ သုံးစွဲကိုးကားထားတဲ့ ဓာတ်ပုံက UNODC နဲ့ လုံးဝ သက်ဆိုင်ခြင်းမရှိတဲ့ United Nations Office for the Coordination of Humanitarian Affairs (OCHA)-Myanmar ရဲ့ Twitter မှာ ဖော်ပြထားချက်တစ်ခုသာဖြစ်ပါတယ်။ ဒီလို မဟုတ်မမှန် ရေးသားထားလို့ အမေရိကန်သံရုံး facebook Post အောက်က comment တွေမှာ မြန်မာပြည်သူတွေက ကန့်ကွက်ရေးသားခဲ့ကြလို့ သုံးစွဲထားတဲ့ဓာတ်ပုံကို ပြန်လည်ပြောင်းလဲခဲ့တာ တွေ့ရပါတယ်။ ဒါကြောင့် အမေရိကန်သံရုံး facebook Post ကနေ ဖော်ပြချက်ဟာ အချက်အလက်တွေ တိကျမှန်ကန်မှုမရှိတဲ့အပြင် လွဲမှားတဲ့အချက်တွေ ပါဝင်နေပြီး လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဆောင်ရွက်ချက်တွေကို မသိချင် မမြင်ချင်ယောင်ဆောင်နေခြင်းသာမက မျက်မှန်စိမ်းတပ် နားထဲဂွမ်းဆို့ပြီး လိုရာဆွဲ ဖော်ပြချက်ပဲဖြစ်ပါတယ်**













**၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ ဇွန်လ ၃၀ ရက်အထိ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးစာရင်း**

| စဉ် | အမျိုးအမည် | တပ်မတော်မှ ဖမ်းဆီးရမိ | မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဖမ်းဆီးရမိ | စုစုပေါင်း ဖမ်းဆီးရမိ |
|---|---|---|---|---|
| ၁ | ဘိန်းဖြူ(ကီလို) | ၉၈၄.၄၄၇ | ၅၈.၆၀၅ | ၁၀၄၃.၀၅၂ |
| ၂ | ဘိန်းစိမ်း(ကီလို) | ၅၈၇.၁၁၆ | ၁၇၈.၃ | ၇၆၅.၄၁၆ |
| ၃ | ဘိန်းမဲ(ကီလို) | ၁၀၃.၂၃ | | ၁၀၃.၂၃ |
| ၄ | ဆေးခြောက် (ကီလို) | ၁၁.၄၄၃ | ၁၇.၃၁၈ | ၂၈.၇၆၁ |
| ၅ | စိတ်ကြွဆေးပြား (ပြား) | ၈၂,၆၅၁,၁၁၁ | ၁၆,၈၂၃,၇၁၉ | ၉၉,၄၇၄,၈၃၀ |
| ၆ | အိုက်စ်(ကီလို) | ၅၉၁၆.၃၅၄ | ၄၈၀.၀၂ | ၆,၃၉၆.၃၇၄ |
| ၇ | အခြားဆက်စပ် ပစ္စည်း (ကီလို) | ၄၀,၆၄၂.၄၃၆ | ၇၉.၁၃ | ၄၀,၇၂၁.၅၆၆ |
| တန်ဖိုး(ကျပ်) | | ၂၈၁,၂၅၈,၇၄၁,၅၅၀ | ၃၅,၈၇၃,၁၂၁,၉၀၀ | ၃၁၇,၀၉၅,၈၆၃,၄၅၀ |
| တန်ဖိုး (အမေရိကန်ဒေါ်လာ) | | ၁၇၁.၂၉ သန်း | ၂၁.၈၄၇ သန်း | ၁၉၃.၁ သန်း |

အလားတူ အချို့နာမည်ကြီး မီဒီယာတွေကလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ဆောင်ချက်တွေကို မျက်ကွယ်ပြုပြီး လိုရာဆွဲပြီး ပုံကြီးချဲ့ထားတဲ့သတင်းအမှားတွေ ဖော်ပြနေကြတာကို တွေ့ရှိရပါတယ်။ သူတို့ရဲ့ ဖော်ပြချက်အရ အများစုဟာ သတင်းမီဒီယာကျင့်ဝတ်တွေကို ဖောက်ဖျက်ပြီး နိုင်ငံရေးရည်မှန်းချက်နဲ့ လက်ရှိမြန်မာနိုင်ငံရဲ့အခြေအနေတွေကို ပိုမိုရှုပ်ထွေးအောင်၊ ကမ္ဘာ့အသိုင်းအဝိုင်းက အဆိုးမြင်လာစေအောင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေတယ်လို့ ယူဆရပါတယ်။ တည့်တည့်ပြောရရင်တော့ မြန်မာ နိုင်ငံကို သတင်းမီဒီယာစစ်ပွဲ(Information and media Warfare) ဆင်နွှဲနေကြတာပဲဖြစ်ပါတယ်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဆောင်ရွက်ချက်များ**

ခေတ်အဆက်ဆက် မြန်မာနိုင်ငံအစိုးရတွေအနေနဲ့ နိုင်ငံရေးစနစ်အမျိုးမျိုးကို ပြောင်းလဲကျင့်သုံးခဲ့ပေမယ့် မူးယစ်ဆေးဝါးပြဿနာကို ဘုံရန်သူအဖြစ် သတ်မှတ်ပြီး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တိုက်ဖျက်ချေမှုန်းခဲ့ကြပါတယ်။ ယခုလက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့လည်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းတွေကို ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို လုပ်ဆောင်ခဲ့တဲ့အတွက်ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူခဲ့တဲ့ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့က စပြီး ဇွန်လ ၃၀ ရက်နေ့အထိ ဘိန်းဖြူ ၁,၀၄၃ ဒသမ ၀၅၂ ကီလို၊ ဘိန်းစိမ်း ၇၆၅ ဒသမ ၄၁၆ ကီလို၊ ဘိန်းမဲ ၁၀၃ ဒသမ ၂၃ ကီလို၊ ဆေးခြောက် ၂၈ ဒသမ ၇၆၁ ကီလို၊ စိတ်ကြွဆေးပြား ၉၉,၄၇၄,၈၃၀ ၊ အိုက်စ် ၆,၃၉၆ ဒသမ ၃၇၄ ကီလိုနှင့် အခြားဆက်စပ်ပစ္စည်း ၄၀,၇၂၁ ဒသမ ၅၆၆ ကီလို၊ စုစုပေါင်း တန်ဖိုး မြန်မာကျပ်ငွေ ၃၁၇ ဒသမ ၀၉ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၁၉၃ ဒသမ ၁ သန်း)ခန့် ဖမ်းဆီးနိုင်ခဲ့ပါတယ်။ ဖမ်းဆီးရရှိမှု အသေးစိတ်ကိုတော့ အားလုံးသိရှိအောင် ဇယားနဲ့ ဖော်ပြထားပါတယ်။

**ဒီလိုဖမ်းဆီးရမိမှုတွေကို ကြည့်မယ်ဆိုရင်ပဲ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံရေးနဲ့နွှယ်လို့မရတဲ့ လူသားမျိုးနွယ်တစ်ရပ်လုံးရဲ့ အန္တရာယ် မူးယစ်ဆေးဝါးကို အမြစ်ပြတ်အောင် ချေမှုန်းဖို့ ကိုယ့်ခွန်ကိုယ့်အားနဲ့ ဆောင်ရွက်နေတာကို အထင်အရှားမြင်တွေ့နိုင်ပါတယ်။ အနောက်နိုင်ငံကြီးအချို့ကတော့ ပကတိဖြစ်ရပ်မှန်အတိုင်း ရှုမြင်နိုင်ခြင်းမရှိဘဲ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် အချိန်တိုကာလအတွင်းမှာတင် မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ရွက်ချက်တွေကို မသိကျိုးကျွန် မျက်ကွယ်ပြုပြီး တစ်ဖက်သတ် အပြစ်တင်ဝေဖန်မှုတွေ ပြုလုပ်လာတာကို စိတ်မကောင်းဖွယ်ရာ မြင်တွေ့ကြားသိနေရပါတယ်။**

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနဲ့ ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် ပြတ်ပြတ်သားသားဆောင်ရွက်ချက်တစ်ခုကိုလည်း ဇွန်လ ၂၆ ရက်နေ့က ကမ္ဘာကို ချပြနိုင်ခဲ့ပါတယ်။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်တိုက်ဖျက်ရေး အထိမ်းအမှတ်နေ့အဖြစ် ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနဲ့ ဆက်စပ်ပစ္စည်းများ မီးရှို့ဖျက်ဆီးခြင်းတွေကို ရန်ကုန်၊ မန္တလေး၊ တောင်ကြီး သုံးနေရာမှာ တစ်ပြိုင်နက်တည်း ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီမီးရှို့ဖျက်ဆီးခဲ့တဲ့ ပစ္စည်းတွေအားလုံး စုစုပေါင်းမှာ ဘိန်း ၃၈၇၀ ကီလိုကျော်၊ ဘိန်းဖြူ ၂၅၆၂ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၄ သန်းကျော်၊ အိုက်စ် ၁၄၀၈၀ ကီလိုကျော်၊ ဆေးခြောက် ၇၃၉ ကီလိုကျော်၊ ကတ်တမင်း ၂၈၉ ကီလိုကျော်၊ ကဖင်း ၁၂ တန်ခွဲ ကျော် အပါအဝင်

စာမျက်နှာ ၇ သို့






ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီး။

*စာမျက်နှာ ၆ မှ*

မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း ၆၂ မျိုး၊ စုစုပေါင်းတန်ဖိုး မြန်မာကျပ်ငွေ ၁၀၆၈ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၆၆၇ သန်းကျော်) ဖျက်ဆီးခဲ့ခြင်း ဖြစ်ပါတယ်။

အဲဒီ မီးရှို့ဖျက်ဆီးပွဲတွေကို အစိုးရတာဝန်ရှိသူတွေအပြင် နိုင်ငံတကာအဖွဲ့အစည်းတွေကိုလည်း တက်ရောက်စေပြီး သတင်းအမှန်တွေထုတ်ပြန်ပေးခဲ့ပါတယ်။ သိစေချင် ကြားစေချင်လို့ သက်သေအထောက်အထားတွေနဲ့ သတင်းအမှန်တွေကို အစဉ်တစိုက် ထုတ်ပြန်ပေးနေပေမယ့်လည်း မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဆောင်ရွက်ချက်တွေနဲ့ပတ်သက်ပြီး ယခုလို အပုပ်ချဝေဖန်တိုက်ခိုက်နေတာ ရိုးသားမှုမရှိဘူးလို့ ယူဆရမှာဖြစ်ပါတယ်။

**ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ဖြန့်ချိမှု**

မြန်မာနိုင်ငံမှာ လက်ရှိဖြစ်ပေါ်ပြောင်းလဲနေတဲ့ နိုင်ငံရေးအခြေအနေတွေအရ "မြန်မာနိုင်ငံအပေါ် ဘက်ပေါင်းစုံက အရေးယူပိတ်ဆို့ဖို့" ဆိုတဲ့ သတင်းတွေအကြောင်းအရာတွေကို ကမ္ဘာ့နိုင်ငံရေး ဇာတ်ခုံပေါ်မှာ အသစ်တစ်ဖန်မြင်တွေ့နေရပါတယ်။ သမိုင်းကြောင်းကိုပြန်ကြည့်ရင် ဒီလိုမျိုးအရေးယူပိတ်ဆို့မှုတွေ ဆောင်ရွက်ခဲ့တဲ့အတွက် မြန်မာနိုင်ငံရဲ့ စီးပွားရေးက တိုးတက်သင့်သလောက် မတိုးတက်ခဲ့ဘဲ သာမန်ပြည်သူလူထုကြီးသာ အတိဒုက္ခရောက်ခဲ့ရတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ဒီနည်းလမ်းကြီးက မြန်မာဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အလုပ်မဖြစ်ဘူးဆိုတာကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး အပါအဝင်၊ နိုင်ငံအားလုံးက သိရှိပြီးတဲ့ ကိစ္စရပ်ဖြစ်ပါတယ်။

ဒီလိုစီးပွားရေးပိတ်ဆို့မှုတွေက မြန်မာနိုင်ငံရဲ့ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားမှုတွေ၊ လက်နက်ကိုင်အဖွဲ့အစည်းအများအပြား တည်ရှိနေတာတွေနဲ့ ပေါင်းစပ်လိုက်တဲ့အခါမှာ မြန်မာနိုင်ငံနယ်စပ်ဒေသတွေရဲ့ လူမှုစီးပွားဘဝတွေကို ကြီးမားစွာရိုက်ခတ်လာခဲ့ပါတော့တယ်။ ဒီအကျိုးသက်ရောက်မှုက မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ စားဝတ်နေရေးနဲ့ လက်နက်တပ်ဆင်နိုင်ရေးအတွက် အချိန်တိုတိုအတွင်း ငွေများများရနိုင်တဲ့ စီးပွားရေးလုပ်ငန်းက မူးယစ်ဆေးဝါးထုတ် လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းတွေ ဖြစ်လာပါတော့တယ်။ ဒီလို မူးယစ်ဆေးဝါးနဲ့ ပတ်သက်တဲ့ စီးပွားရေးလုပ်ငန်းတွေကြောင့်ပဲ လက်နက်တွေ အလွယ်တကူ မစွန့်လွှတ်နိုင်ရတဲ့ အကြောင်းတစ်ချက် ဖြစ်နေပါတော့တယ်။

ဒါ့ကြောင့် **မြန်မာနိုင်ငံမှာ ကြုံတွေ့နေရတဲ့ မူးယစ်ဆေးဝါးပြဿနာရဲ့ အရင်းခံဇာစ်မြစ်တစ်ခုက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအနေနဲ့ သူတို့ရဲ့ရှင်သန်ရပ်တည်မှုအတွက် အဓိကဝင်ငွေရရှိရေး မူးယစ်ဆေးဝါးထုတ်လုပ်ဖြန့်ချိမှုတွေမှာ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ ပါဝင်ပတ်သက်နေကြခြင်းပဲ ဖြစ်ပါတယ်။**

အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေက

**"နိုင်ငံတကာ မူးယစ်ဂိုဏ်းတွေနဲ့ချိတ်ဆက်ပြီး မူးယစ်ဆေးဝါးနဲ့ လက်နက်လဲလှယ်ခြင်း၊ ငွေကြေးခဝါချခြင်းနဲ့ မူးယစ်ဆေးဝါးမှရရှိတဲ့ ငွေတွေကို တရားဝင်စီးပွားရေးလုပ်ငန်းတွေမှာ ဝင်ရောက်ရင်းနှီးမြှုပ်နှံခြင်းတွေကိုလည်း လုပ်ဆောင်လျက် ရှိပါတယ်။ ဒါ့ကြောင့်လည်း မူးယစ်ဆေးဝါးကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ သက်ဆိုးရှည်နေသလို ပြည်တွင်းပဋိပက္ခတွေမချုပ်ငြိမ်းဘဲ ပြည်တွင်းငြိမ်းချမ်းရေးအတွက် စိန်ခေါ်မှုတစ်ရပ်အနေဖြင့် မြင်တွေ့ရမှာဖြစ်ပါတယ်"**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံရေးနဲ့ နွယ်လို့မရတဲ့ လူသားမျိုးနွယ် တစ်ရပ်လုံးရဲ့အန္တရာယ်မူးယစ်ဆေးဝါးကို အမြစ်ပြတ်အောင် ချေမှုန်းဖို့ ကိုယ့်ခွန် ကိုယ့်အားနဲ့ဆောင်ရွက်နေတာကို အထင်အရှားမြင်တွေ့နိုင်ပါတယ်။ အနောက်နိုင်ငံကြီးအချို့ကတော့ ပကတိဖြစ်ရပ်မှန်အတိုင်း ရှုမြင်နိုင်ခြင်းမရှိဘဲ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက် အချိန်တိုကာလအတွင်းမှာတင် မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ရွက်ချက်တွေကို မသိကျိုးကျွန် မျက်ကွယ်ပြုပြီး တစ်ဖက်သတ် အပြစ်တင်ဝေဖန်မှုတွေ ပြုလုပ်လာတာကို စိတ်မကောင်းဖွယ်ရာ မြင်တွေ့ကြားသိနေရပါတယ်**

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းတွေကို ဟန်ပြဆောင်ရွက်နေပေမယ့်လည်း နောက်ကွယ်မှာတော့ မူးယစ်ဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးမှုတွေကို အကြီးအကျယ် လုပ်ကိုင်ဆောင်ရွက်နေကြတယ်ဆိုတာကို ဖမ်းဆီးရမိခဲ့တဲ့ သက်သေအထောက်အထားတွေအရ မြင်တွေ့ကြရမှာဖြစ်ပါတယ်။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေဟာ အရင်က ဘိန်းစိုက်ပျိုးခြင်းနဲ့ ဘိန်းဖြူ ချက်လုပ်ခြင်းကို အဓိကထားပြီး ငွေရှာခဲ့ကြပေမယ့် ဘိန်းကဲ့သို့ အချိန်ကာလစောင့်ဆိုင်းရန် မလိုအပ်ဘဲ ချက်လုပ်ရန် ပိုမိုလွယ်ကူပြီး အမြတ်ငွေပိုမိုရရှိနိုင်တဲ့ လူလုပ်မူးယစ်ဆေး (Synthetic Drugs)တွေကို ပြောင်းလဲထုတ်လုပ်ရောင်းချနေကြပါတယ်။ အထူးသဖြင့် စိတ်ကြွမူးယစ်ဆေးဝါး (Amphetamine) နဲ့ အိုက်စ် (Ice) ကဲ့သို့ လူသိများတဲ့ မီသိုင်းအဖက်တမင်း ပုံဆောင်ခဲ (Crystal Meth)တွေကို အကြီးအကျယ် ချက်လုပ်ရောင်းချလျက်ရှိပါတယ်။

အဲဒီ မူးယစ်ဆေးဝါးထုတ်လုပ်တဲ့နေရာတွေကို သာမန်ဒေသခံပြည်သူတွေ ဝင်ရောက်ခွင့်မရှိတဲ့ လုံခြုံရေးတင်းကျပ်ထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်နယ်မြေတွေမှာ တည်ဆောက်ထားကြပါတယ်။ တစ်နည်းအားဖြင့် သူတို့ရဲ့ လွတ်မြောက်နယ်မြေတွေဖြစ်ပြီး အစိုးရရဲ့အုပ်ချုပ်မှုယန္တရားသက်ရောက်မှုနည်းတဲ့နေရာတွေမှာ လျှို့ဝှက်စွာ လုပ်ကိုင်ဆောင်ရွက်ပြီး လမ်းကြောင်းအမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ မူးယစ်ဆေးဝါးတွေကို သယ်ဆောင်ရောင်းချနေကြခြင်း ဖြစ်ပါတယ်။

အဲဒီနေရာတွေကို တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ သတင်းများ ဖော်ထုတ်ပြီး စစ်ဆင်ရေးအသွင်ဖြင့် အကြိမ်ကြိမ် ဖမ်းဆီးနှိမ်နင်းခြင်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအနေနဲ့ မူးယစ်ဆေးဝါးတွေကို သူတို့ရဲ့နယ်မြေထဲမှာ အဓိကချက်လုပ်ပြီး သယ်ယူပို့ဆောင်ရာမှာတော့ ဒေသခံတိုင်းရင်းသားတွေနဲ့ ပြည်သူ့စစ်အဖွဲ့ဝင်တွေကို အသုံးပြုလေ့ရှိတာကိုလည်း တွေ့ရပါတယ်။ ဒါ့အပြင် **နိုင်ငံတကာမူးယစ်ဂိုဏ်းတွေနဲ့ ချိတ်ဆက်ပြီး မူးယစ်ဆေးဝါးနဲ့ လက်နက်လဲလှယ်ခြင်း၊ ငွေကြေးခဝါချခြင်းနဲ့ မူးယစ်ဆေးဝါးမှရရှိတဲ့ ငွေတွေကို တရားဝင် စီးပွားရေးလုပ်ငန်းတွေမှာ ဝင်ရောက် ရင်းနှီးမြှုပ်နှံခြင်းတွေကိုလည်း လုပ်ဆောင်လျက်ရှိပါတယ်။ ဒါ့ကြောင့်လည်း မူးယစ်ဆေးဝါးကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ သက်ဆိုးရှည်နေသလို ပြည်တွင်းပဋိပက္ခတွေမချုပ်ငြိမ်းဘဲ ပြည်တွင်းငြိမ်းချမ်းရေးအတွက် စိန်ခေါ်မှုတစ်ရပ်အနေဖြင့် မြင်တွေ့ရမှာဖြစ်ပါတယ်။**

ဒါ့ကြောင့် လူသားမျိုးနွယ်စုတစ်ရပ်လုံးကို ခြိမ်းခြောက်နေတဲ့ မူးယစ်ဆေးဝါး အန္တရာယ်ကို ထိရောက်စွာတားဆီးထိန်းချုပ်နိုင်ရေးနဲ့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းစေရေးအတွက် တပ်မတော်အနေနဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ပူးပေါင်းပြီး စဉ်ဆက်မပြတ် အလေးထား ဆောင်ရွက်လျက်ရှိပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

# ၂၀၂၁ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၉

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၁ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် (၂၁) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ ကျင်းပသည်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းအတွက် ငွေသားဆုနှင့် အမျိုးသားတံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာနှင့် စောဒန်နီယယ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဘောလုံးဝါသနာရှင်များ တက်ရောက်ကြသည်။

**ရန်ကုန်တိုင်းဒေသကြီးအသင်းက အနိုင်ရ**

ရှေးဦးစွာ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အချိန်ပို မိနစ် ၃၀ ကစားအပြီး တစ်ဖက် သုံးဂိုးစီ သရေကျခဲ့သဖြင့် ပင်နယ်တီ အဆုံးအဖြတ်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအသင်းက အနိုင်ရရှိသွားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အကောင်းဆုံး ဂိုးသမားဆုရ စောကျော်ခိုင်ဦး (ကရင်ပြည်နယ်အသင်း)ကို ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီကလည်းကောင်း၊ အကောင်းဆုံး နောက်တန်းကစားသမားဆုရ ရန်နိုင်မင်းထက်(ရန်ကုန်တိုင်းဒေသကြီးအသင်း)ကို ပြည်ထောင်စုဝန်ကြီး ဦးကိုကို ကလည်းကောင်း၊ အကောင်းဆုံး အလယ်တန်းကစားသမားဆုရ ရဲကောင်းဆက် (ရန်ကုန်တိုင်းဒေသကြီးအသင်း)ကို ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ကလည်းကောင်း၊ အကောင်းဆုံး ရှေ့တန်းကစားသမားဆုရ သိန်းဇော်သီဟ (ရန်ကုန်တိုင်းဒေသကြီးအသင်း)ကို ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ကလည်းကောင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ကစားသမားဆုရ စောသန်းကိုသန်း (ကရင်ပြည်နယ်အသင်း) ကို ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်ကလည်းကောင်း ဆုတံဆိပ်နှင့် ငွေသားများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ စတုတ္ထဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းအတွက် ငွေသားဆုကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ကလည်းကောင်း၊ တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းအတွက် တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ် ကလည်းကောင်း၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်းအတွက် တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင် ကလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

**တံခွန်စိုက်ဆုဖလားပေးအပ်ချီးမြှင့်**

ယင်းနောက် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းအတွက် တစ်ဦးချင်းဆုတံဆိပ်များ၊ ငွေသားဆုနှင့် အမျိုးသားတံခွန်စိုက်ဆုဖလားကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က ပေးအပ်ချီးမြှင့်သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် (၂၁) နှစ်အောက် အမျိုးသား(ဘောလုံး) ပြိုင်ပွဲများကို ဇွန် ၂၄ ရက်မှ ဇူလိုင် ၉ ရက်အထိ ပြိုင်ပွဲဝင်အသင်းပေါင်း ၁၃ သင်း ဝင်ရောက်ယှဉ်ပြိုင် ကစားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင် ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်းအတွက် ငွေသားဆု ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီး အသင်းအတွက် ငွေသားဆု ပေးအပ်ချီးမြှင့်စဉ်။

## လားရှိုးမြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများတွင်အသုံးပြုရန် ငွေကျပ်သိန်း ၃၀ လှူဒါန်း

**လားရှိုး ဇူလိုင် ၉**

လားရှိုးမြို့၌ ကိုဗစ်-၁၉ အတည်ပြုလူနာများအား လားရှိုးပြည်သူ့ဆေးရုံကြီး စောင့်ကြည့်ကုသရေး အဆောင်များသာမက ပြည်ထောင်စု အားကစားကွင်း မိုးလုံလေလုံခန်းမ စောင့်ကြည့်ကုသရေးအဆောင်၊ ပညာရေးကောလိပ် စောင့်ကြည့်ကုသရေး အဆောင်များကို ထပ်မံဖွင့်လှစ် စောင့်ကြည့် ကုသပေးလျက်ရှိသည်။

လားရှိုးမြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီထံသို့ Cornerstone Resource (Myanmar) Ltd မှ ကိုဗစ်-၁၉ ကာကွယ်ကုသရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရန် အတွက် ငွေကျပ် သိန်း ၃၀ ကို ပေးအပ်လှူဒါန်းရာ လားရှိုးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်နိုင်ဦးနှင့် တာဝန်ရှိသူတို့က လက်ခံရယူသည်။

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီ အနေဖြင့်လည်း သက်ဆိုင်ရာ ဌာနများပါဝင်လျက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လမ်းညွှန်ထားသော လမ်းညွှန်ချက်များအပါအဝင် Stay at home ကြေညာထားသည့်နေ့မှစ၍ ပူးပေါင်းအဖွဲ့တို့သည် ရပ်ကွက်များအလိုက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း အပြင် လမ်းညွှန်ထားရှိသော စည်းကမ်းများမှ မလိုအပ်ဘဲ အပြင်မထွက်ခြင်း၊ မဖြစ်မနေ ထွက်ပါကလည်း အိမ်တစ်အိမ် တစ်ဦးသာထွက်၍ ဈေးဝယ်ခြင်း၊ ဆေးရုံဆေးခန်းသို့ သွားရပါကလည်း နှစ်ဦးသာ သွားခြင်း၊ အပြင်ထွက်တိုင်း နှာခေါင်းစည်း တပ်ဆင်ရေး အစရှိသော ကိုဗစ်-၁၉ ကာကွယ်ရေးလမ်းညွှန်ချက်များကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇူလိုင် ၈ ရက်အထိ ပိုးတွေ့လူနာပေါင်း ၇၁၅ ဦးရှိကာ ဆေးရုံဆင်းသူ ၃၆၈ ဦးရှိပြီး သေဆုံးသူ ၁၇ ဦး ရှိကြောင်း သိရသည်။

**ဟန်ဌေး (လားရှိုး)**

## မအူပင်မြို့၌ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**မအူပင် ဇူလိုင် ၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု များပြားလာသဖြင့် နှာခေါင်းစည်း စနစ်တကျ တပ်ဆင်သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် အခမဲ့ဖြန့်ဝေပေးခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဇူလိုင် ၉ ရက်တွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်း ဦးဆောင်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများက လူစည်ကားရာဖြစ်သော ဘုရားလမ်း၊ ဈေးများ၊ ကားဂိတ်များသို့ သွားရောက်ကာ နှာခေါင်းစည်းတပ်ဆင်ကြရန် အသိပေးပြောကြားခြင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ နေထိုင်သွားလာကြရန် ပညာပေးဆောင်ရွက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ကို စနစ်တကျတုံ့ပြန်အန်တုရင်း ကမ္ဘာမြေသာယာစေရေးအတွက် မျိုးဆက်ပွားကျန်းမာရေးကို မြှင့်တင်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၉

**၂၀၂၁ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ကျရောက်မည့် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)**




အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီး ဦးဌွေးလှိုင်၊ အမြဲတမ်းအတွင်းဝန် ဦးအောင်ကျော်စိုး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်း အတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**အလေးထားဆောင်ရွက်လာစေရန်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ယနေ့ကမ္ဘာပေါ်တွင် လူဦးရေသန်းပေါင်း ၇၉၀၀ ခန့်ရှိကာ နှစ်စဉ်တိုးတက်လာလျက်ရှိပြီး ၂၀၃၀ ပြည့်နှစ်တွင် လူဦးရေသန်းပေါင်း ၈၅၀၀ ခန့် ရှိလာမည်ဟု ခန့်မှန်းထားပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် လူဦးရေ လျင်မြန်စွာတိုးပွားနေခြင်းကြောင့် နောက်ဆက်တွဲ စိန်ခေါ်မှုများစွာကိုလည်း ရင်ဆိုင်နေရပါကြောင်း၊ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအားလုံးအနေဖြင့်ဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံချင်းအနေဖြင့်ဖြစ်စေ၊ အရေးကြီးနှင့် ဦးစားပေးဖြေရှင်းရမည့် လူဦးရေနှင့် ဆက်နွယ်ပတ်သက်နေသည့် အကြောင်းအရာများကို ဂရုပြုအာရုံစိုက်မိလာစေရန်နှင့် အလေးထားဆောင်ရွက်လာစေရန် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားများကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ် ကျင်းပနေခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားကို ၁၉၉၀ ပြည့်နှစ်က စတင်ကျင်းပခဲ့ပြီး ယခုဆိုလျှင် (၃၂) ကြိမ်မြောက်ကျင်းပခြင်း ဖြစ်ပါကြောင်း။

**မျိုးဆက်ပွားအသိပညာပေး**

ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့က ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်များကို သတ်မှတ်ရာတွင် အချိန်ကာလအလိုက် ဖြစ်ပေါ်နေသည့် လူဦးရေနှင့် ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များအပေါ် အခြေခံသတ်မှတ်ပေးခြင်းဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့က သတ်မှတ်ထားသည့် ဆောင်ပုဒ်ပါအချက်အလက်များကို အခြေခံ၍ ယခုနှစ်တွင် **"ကမ္ဘာမြေသာယာဖို့ မျိုးဆက်ပွားကျန်းမာရေးကိုမြှင့်တင်စို့"** ဟု သတ်မှတ်ခဲ့ပါကြောင်း၊ ယင်းဆောင်ပုဒ်က ပေးလိုသည့် အဓိကအချက်မှာ ကိုဗစ်-၁၉ ကာလအတွင်း မျိုးဆက်ပွားကျန်းမာရေး အသိပညာပေးလုပ်ငန်းများ၊ ဝန်ဆောင်မှုများကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန်နှင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အပါအဝင် နိုင်ငံသူ/ နိုင်ငံသားအားလုံး ကျန်းမာရေးနှင့် အခွင့်အရေးများ အပြည့်အဝရရှိနိုင်ရန် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် လူဦးရေ ၅၅ သန်းကျော်ရှိပြီး ၂၀၃၀ ပြည့်နှစ်တွင် လူဦးရေသန်း ၆၀ ခန့် ရှိလာမည်ဟု ခန့်မှန်းထားပါကြောင်း၊ ယခင်နှစ်များက ကလေးမွေးနှုန်းမြင့်မားခဲ့မှု၏ အကျိုးဆက်အဖြစ် လူဦးရေဆုလာဘ်ကို ရရှိနေသည့် ကာလဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများတွင် လူငယ်များ၏ အင်အားကို ထိထိရောက်ရောက် ထည့်သွင်းအသုံးချရန် လိုအပ်သကဲ့သို့ အနာဂတ်တွင် များပြားလာမည့် သက်ကြီးရွယ်အိုများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ် အားကောင်းလာစေရန်လည်း ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ပါကြောင်း၊ လူသားမျိုးနွယ်အားလုံးသည် ကိုဗစ်-၁၉ ကို စနစ်တကျ တုံ့ပြန်အန်တုရင်း ကမ္ဘာမြေသာယာစေရေးအတွက် မျိုးဆက်ပွား ကျန်းမာရေးကို မြှင့်တင်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ရှင်းလင်းပြောကြားသည်။

**ဆောင်ရွက်နေသည့်အချက်များရှင်းလင်း**

ယင်းနောက် ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၂၁ ခုနှစ်၊ ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်နှင့် ဆက်နွယ်၍ မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် ၂၀၂၁ ခုနှစ်၊ ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် Video Clip ကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၉**

ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။ **(ယာပုံ)**



ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဦးရဲတင့်က ယနေ့ကာလတွင် သတင်းအချက်အလက်နည်းပညာ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဆိုက်ဘာတိုက်ခိုက်မှုများလည်း များပြားလာနေပြီး ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရုံးလုပ်ငန်းများ၊ ပညာရေးလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၊ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ၊ သတင်းထုတ်ပြန်ခြင်းများကို အွန်လိုင်းအသုံးပြု၍ တွင်တွင်ကျယ်ကျယ် ဆောင်ရွက်နေသည့်အချိန်တွင် ဆိုက်ဘာတိုက်ခိုက်မှုများ၊ ဆိုက်ဘာအလွဲသုံးစားမှုများက တစ်နေ့တခြားပိုမို များပြားလာကြောင်း။

လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူငယ်များအကြား ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပညာပြန့်ပွားရေး၊ ဆိုက်ဘာ လုံခြုံရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်း အခွင့်အလမ်း တိုးတက်လာစေရေးတို့သည် ခေတ်နှင့်အညီ လိုအပ်သည်ကို တွေ့ရှိရပါကြောင်း၊ ယနေ့ဆွေးနွေးပွဲမှ ပြန်ကြားရေးဝန်ကြီးဌာန၏ Web Portal နှင့် ဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ ကွန်ပျူတာများ၊ လက်ကိုင်ဖုန်းများ ဆိုက်ဘာတိုက်ခိုက်ခံရခြင်းမှ ကာကွယ်ရန် ဝန်ထမ်းများအတွက် အသိပညာ အထောက်အပံ့ရရှိမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် United Info-Sec Co.,Ltd မှ Director ဦးကျော်စွာမင်းက ဆိုက်ဘာတိုက်ခိုက်မှုများ၏ သဘောသဘာဝ၊ မကြာသေးမီက ဖြစ်ပေါ်ခဲ့သည့် ဆိုက်ဘာတိုက်ခိုက်မှုများ၊ ဆိုက်ဘာတိုက်ခိုက်မှု အမျိုးအစားများ၊ ဆိုက်ဘာလုံခြုံရေးတို့နှင့် စပ်လျဉ်းသည့် အခြေအနေများကို ဆွေးနွေးပြောကြားပြီး ဆွေးနွေးပွဲ တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့၏ (၂/ ၂၀၂၁) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၉**

လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့၏ (၂/ ၂၀၂၁) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၃) ၌ Virtual Meeting စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွှန့်အောင်က တောင်သူ လယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ တောင်သူ လယ်သမားများ နည်းပညာအပြည့်အဝရရှိရေး၊ သွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာများ လွယ်ကူအဆင်ပြေစွာ ပံ့ပိုးနိုင်ရေးနှင့် လယ်ယာထုတ်ကုန်များရောင်းချရာတွင် သင့်တင့်မျှတသော ဈေးကွက်နှင့် ဈေးနှုန်းရရှိရေးတို့အတွက် လယ်ယာထုတ်စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့မှုများနှင့် ဇွန် ၄ ရက်တွင် ကျင်းပခဲ့သည့် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့၏ ပထမအကြိမ်စုံညီအစည်းအဝေး ဆုံးဖြတ်ချက်များအနက် လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့က ဆောင်ရွက်ရမည့် အချက် (၅) ချက်မှ အခြေခံရည်ညွှန်းစပါးဈေးနှုန်း ထုတ်ပြန်ကြေညာနိုင်ရေးနှင့် ကြက်သွန်နီ အခြေခံ ရည်ညွှန်းဈေးနှုန်း သတ်မှတ် ပြဋ္ဌာန်းနိုင်ရေးတို့အတွက် ဦးဆောင်အဖွဲ့သို့ သုံးသပ်တွက်ချက် တင်ပြရမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့၏ (၁/၂၀၂၁) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကိုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က (၂/၂၀၂၁) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးသို့ တင်ပြသည့် အမှာစာများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက အမှာစာများအပေါ် အသီးသီးဆွေးနွေးအကြံပြုတင်ပြခဲ့ကြသည်။

အစည်းအဝေးသို့ လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



❒ *ကျော်ဖုံးမှ*

ထို့အပြင် အပြန်အလှန်ဆွေးနွေးမှုများအတွင်း မဟာမင်းကြီး Ms. Michelle Bachelet ၏ ပြောကြားမှုများသည် မတရားအသင်းနှင့် အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာထားသည့် အမျိုးသား ညီညွတ်ရေးအစိုးရ ဆိုသည့်အဖွဲ့အပေါ် တရားဝင်အဖြစ် အသိအမှတ်ပြုရေးကို လမ်းကြောင်းပေးသည့် သဘောသက်ရောက်လျက်ရှိသည်။ ကုလသမဂ္ဂကို ကိုယ်စားပြုကာ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ အပေါ် ဖိအားပေးနေသည့် မဟာမင်းကြီး၏ ယခုကဲ့သို့ပြောဆိုမှုများအပေါ် မြန်မာနိုင်ငံအနေဖြင့် လုံးဝ လက်မခံ ပယ်ချသည်။

အလားတူ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Thomas Andrews သည် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည့် တိုက်တွန်းတောင်းဆိုချက်များကို ပြုလုပ်ခဲ့သည့်အပေါ်လည်း ပြင်းထန်စွာ ကန့်ကွက်သည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတစ်နိုင်ငံတည်းကို ဦးတည်ဖိအားပေးအရေးယူသည့် အဆိုများကို အစဉ်တစိုက် ဆန့်ကျင်ခဲ့ပြီး၊ ယင်းရည်ရွယ်ချက်ဖြင့် ခန့်အပ်သော လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ လုပ်ပိုင်ခွင့်ကိုလည်း မည်သည့်အခါကမျှ လက်ခံခဲ့ခြင်းမရှိပါ။ သို့ဖြစ်ရာ လူ့အခွင့်အရေးကောင်စီမှ Mr. Thomas Andrews အား မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာအထူးအစီရင်ခံစာတင်သွင်းသူအဖြစ် ခန့်အပ်မှုအပေါ် လက်ခံခဲ့ခြင်းမရှိသကဲ့သို့ ပြည်ဝင်ခွင့်လည်း ခွင့်ပြုထားခြင်းမရှိပါ။

မြန်မာနိုင်ငံအနေဖြင့် တိကျခိုင်လုံမှုမရှိသော အချက်အလက်များအပေါ် စိစစ်မှုမရှိဘဲ တစ်ဖက်သတ် ပြောဆိုရှင်းလင်းပြောကြားမှုများနှင့် အချုပ်အခြာအာဏာကို ထိခိုက်စေသည့် ခြိမ်းခြောက်မှုများအားလုံးကို ကန့်ကွက်သည်။ ယင်းပြောဆိုမှုများသည် မြေပြင်အခြေအနေအမှန်နှင့် ကွဲလွဲနေသည့်အပြင်၊ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဒီမိုကရေစီရည်မှန်းချက်သို့ရောက်ရှိရေး အတွက် သိမ်မွေ့နက်နဲသည့် အကူးအပြောင်းတွင် နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို လျစ်လျူရှုရာရောက်နေသည်။

လူ့အခွင့်အရေးကောင်စီအနေဖြင့် လုပ်ထုံးလုပ်နည်းအတိုင်း ကျင့်သုံးဆောင်ရွက်ရန်၊ စံနှုန်း (၂) မျိုးဖြင့် ကျင့်သုံးခြင်းနှင့် နိုင်ငံရေးသဘော သွတ်သွင်းခြင်းတို့ကို ရှောင်ကြဉ်ရန်နှင့် အားလုံးပါဝင်ခြင်း၊ ဘက်လိုက်မှုမရှိခြင်း၊ ဓမ္မဓိဋ္ဌာန်ကျခြင်းနှင့် သီးသန့်ရွေးချယ်ဖိအားပေးမှုမရှိခြင်း စသည်တို့အပေါ် လေးစားလိုက်နာသွားရန် တောင်းဆိုသည်။ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး အနေဖြင့်လည်း သူမအား ပေးအပ်ထားသည့်တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အပြုသဘော၊ ဘက်လိုက်မှုမရှိ၊ ဓမ္မဓိဋ္ဌာန်ကျကျ ကုလသမဂ္ဂ၏ ပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သွားရန် တိုက်တွန်းသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၉ ရက်။**

# ကုန်သွယ်လုပ်ငန်းခွန် သုံးလတစ်ကြိမ် ကြေညာလွှာနှင့် အထူးကုန်စည်ခွန် သုံးလပတ် ကြေညာလွှာများအား အီလက်ထရောနစ်နည်းဖြင့် တင်သွင်းနိုင်ပါကြောင်း အသိပေးကြေညာချက်

၁။ နှစ်တစ်နှစ်အတွင်း ကုန်သွယ်လုပ်ငန်းခွန်စည်းကြပ်ထိုက်သော ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ ရှိသူများအနေဖြင့် သုံးလတစ်ကြိမ် ကြေညာလွှာကို သက်ဆိုင်ရာ **သုံးလပတ် ကုန်ဆုံးပြီး တစ်လအတွင်း** သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးထံ တင်သွင်းရန်လိုအပ်ပါသည်။ အခွန်ကျသင့်သော အထူးကုန်စည်ကို ပြည်တွင်း၌ထုတ်လုပ်သူ သို့မဟုတ် တင်ပို့သူသည် အထူးကုန်စည်ကို ထုတ်လုပ်ရောင်းချခြင်း သို့မဟုတ် ပြည်ပတင်ပို့ခြင်းအတွက် **သုံးလပတ် ကြေညာလွှာကို သက်ဆိုင်ရာ သုံးလပတ်ကုန်ဆုံးပြီး ၁၀ ရက်အတွင်း** သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးထံ တင်သွင်းရန် လိုအပ်ပါသည်။

၂။ အခွန်ကြေညာလွှာကို သတ်မှတ်ရက်အတွင်း တင်သွင်းနိုင်ခြင်း မရှိပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေ ပုဒ်မ ၂၄ အရ အခွန်ကြေညာလွှာ တင်သွင်းရမည့် သတ်မှတ်ရက်ကို တိုးမြှင့်ပေးရန် သက်ဆိုင်ရာအခွန်ရုံးသို့ လျှောက်ထားနိုင်ပါသည်။

၃။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းပြည်သူများ အခွန်ကြေညာလွှာတင်သွင်းသည့် လုပ်ငန်းစဉ်များတွင် လွယ်ကူလျင်မြန်စေရန်ရည်ရွယ်၍ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းခြင်းစနစ် (E-Filing Management System) ကိုအသုံးပြု၍ တင်သွင်းနိုင်ရေး ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။

၄။ အခွန်ထမ်းမှတ်ပုံတင်အမှတ် (Taxpayer Identification Number – TIN) ရရှိပြီးဖြစ်သော အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၁)၊ (၂)၊ (၃)၊ (၄) နှင့် (၅) တို့၏ အခွန်ထမ်းကုမ္ပဏီများအနေဖြင့် သက်ဆိုင်ရာအခွန်ရုံးများသို့ သုံးလပတ် အထူးကုန်စည်ခွန် ကြေညာလွှာ၊ သုံးလတစ်ကြိမ် ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာ၊ အခြေပစ္စည်းမှ မြတ်စွန်းငွေ ကြေညာလွှာ၊ နှစ်ချုပ်ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာနှင့် ဝင်ငွေခွန်ကြေညာလွှာများကို အီလက်ထရောနစ်နည်းဖြင့် ကြေညာလွှာတင်သွင်းခြင်းစနစ်ကို အသုံးပြု၍ တင်သွင်းနိုင်ပါသည်။

၅။ အီလက်ထရောနစ်နည်းဖြင့် ကြေညာလွှာတင်သွင်းမည်ဆိုပါက ပထမဦးစွာ ပြည်တွင်းအခွန်များဦးစီးဌာန၏ ဝက်ဘ်ဆိုဒ် (www.ird.gov.mm) ၏ E-Filing Service Login Here မှတစ်ဆင့် Link ဝင်ရောက်ပြီး စနစ်အသုံးပြုခွင့်အတွက် မှတ်ပုံတင်ရမည်ဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းခြင်း ဆောင်ရွက်ပုံအဆင့်ဆင့် ဗွီဒီယိုဖိုင် (User Guide Video Files) များကို ပြည်တွင်းအခွန်များဦးစီးဌာန၏ ဝက်ဘ်ဆိုဒ်ဖြစ်သည့် www.ird.gov.mm > Media Menu (https://www.ird.gov.mm/my/content/video) တွင် လေ့လာနိုင်ပါသည်။

၆။ ကြေညာလွှာကို အီလက်ထရောနစ်နည်းဖြင့် ပေးပို့ခြင်းဖြစ်ပါက ဌာနက အီလက်ထရောနစ်နည်းဖြင့် လက်ခံရရှိသည့်နေ့အား တင်သွင်းသည့်နေ့ဟု မှတ်ယူမည်ဖြစ်ပြီး၊ ယင်းပေးပို့သည့် နေ့သည် အများပြည်သူရုံးပိတ်ရက်တွင် ကျရောက်ပါက ယင်းနေ့နှင့် နောက်တစ်ဆက်တည်းဖြစ်သော အများပြည်သူ ရုံးဖွင့်ရက်တွင် လက်ခံရရှိသည်ဟု သတ်မှတ်မည်ဖြစ်ပါသည်။

၇။ အခွန်ကြေညာလွှာများကို စနစ်အသုံးပြု၍ တင်သွင်းရာတွင် ဖြည့်သွင်းသော အချက်အလက်များ၏ မှန်ကန်တိကျမှုနှင့် ပြည့်စုံမှုအတွက် အခွန်ထမ်း၏လက်မှတ် မှတ်တမ်း (မူရင်း) ကို ညွှန်ကြားချက်များနှင့်အညီ ဆိုင်ရာအခွန်ရုံးများသို့ စာတိုက်မှတစ်ဆင့် (သို့မဟုတ်) သင့်လျော်ရာနည်းဖြင့် ပေးပို့ထားရမည်ဖြစ်ပါသည်။

၈။ အခွန်ထမ်းများအနေဖြင့် အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းခြင်း (E-Filing) စနစ်ကိုအသုံးပြု၍ တင်သွင်းခြင်းအားဖြင့် သက်ဆိုင်ရာ အခွန်ရုံးများသို့ လူကိုယ်တိုင်သွားရောက်ရန် မလိုအပ်ဘဲ အချိန်နေရာမရွေး တင်သွင်းနိုင်သည့်အတွက် အချိန်နှင့်ကုန်ကျစရိတ် သက်သာနိုင်ခြင်း၊ အခွန်ရုံးများနှင့် တိုက်ရိုက်ထိတွေ့မှုကို လျှော့ချနိုင်ခြင်း၊ ဆောင်ရွက်လိုသည့်လုပ်ငန်းများကို လျင်မြန်စွာ ဆောင်ရွက်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

၉။ သို့ဖြစ်ပါ၍ အခွန်ထမ်းမှတ်ပုံတင်အမှတ် (Taxpayer Identification Number – TIN) ရရှိပြီးဖြစ်သော အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ (၃)၊ (၄) နှင့် (၅) တို့၏ အခွန်ထမ်းကုမ္ပဏီများအနေဖြင့် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင် နောက်ဆုံးထား တင်သွင်းရန်လိုအပ်သည့် ကုန်သွယ်လုပ်ငန်းခွန် သုံးလတစ်ကြိမ် ကြေညာလွှာနှင့် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့တွင် နောက်ဆုံးထားတင်သွင်းရန် လိုအပ်သည့် အထူးကုန်စည်ခွန် သုံးလပတ်ကြေညာလွှာများကို အီလက်ထရောနစ်နည်းဖြင့် တင်သွင်းပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၁၀။ အခွန်ထမ်းများအနေဖြင့် သိရှိလိုသည်များရှိပါက ပြန်ကြားရေးအဖွဲ့ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၅၃၃၊ ၀၆၇-၃၄၃၀၅၂၂၊ သက်ဆိုင်ရာအခွန်ရုံးများ၏ အခွန်ထမ်းရေးရာဌာနစုနှင့် သတင်းအချက်အလက်နှင့် နည်းပညာဌာနခွဲ (e-Service Section) ဖုန်းနံပါတ် ၀၁-၈၃၇၇၉၀၂၁ သို့ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

❋ *ကျော်ဖုံးမှ*

ယှဉ်ပြိုင်ခွင့်ရထားပြီး လက်ရည်စစ်ပွဲ အောင်မြင်သဖြင့် ပထမဆုံးအကြိမ် ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် နိုင်ငံပေါင်း ၃၉ နိုင်ငံမှ ကစားသမား ၄၃ ဦး ယှဉ်ပြိုင်ခွင့်ရထားပြီး သုံးဦးပါဝင်သည့် အုပ်စု ၁၃ ခုနှင့် လေးဦးပါဝင်သည့် အုပ်စုတစ်ခုခွဲ၍ ပြုလုပ်မည်ဖြစ်သည်။

သက်ထားသူဇာသည် အုပ်စု(M)တွင် အင်ဒိုနီးရှား ကြက်တောင်မယ် မာရီစကာ၊ ဘယ်လ်ဂျီယံ ကြက်တောင်မယ် လိုင်နီတန်တို့နှင့် ကျရောက်နေသည်။ ပြိုင်ပွဲကျင်းပမည့်ပုံစံအရ အုပ်စုထိပ်ဆုံးနေရာရရှိသည့် တစ်ဦးစီသာ နောက်တစ်ဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်ပြီး နိုင်ခြေအဆင့် ၁ သတ်မှတ်ခံရသည့် တရုတ်ကြက်တောင်မယ် ချင်ယုဖိုင် ပါဝင်သည့် အုပ်စု (A) နှင့် အဆင့် ၂ သတ်မှတ်ခံရသည့် တရုတ်(တိုင်ပေ)ကြက်တောင်မယ် တိုင်ကျူရင် ပါဝင်သည့် အုပ်စု (P) မှ ထိပ်ဆုံးရရှိသည့် ကစားသမားနှစ်ဦးမှာ ကွာတားဖိုင်နယ်အဆင့်သို့ တိုက်ရိုက်ကစားခွင့်ရမည်ဖြစ်ကာ ကျန်အုပ်စု ၁၂ ခုမှ ထိပ်ဆုံးရရှိသည့်ကစားသမားများမှာ ရှုံးထွက်အဆင့်မှ စတင်ကစားရမည်ဖြစ်သည်။ အနိုင်ရရှိသည့် ကစားသမားခြောက်ဦးမှာ ကွာတားဖိုင်နယ်သို့ တက်ရောက်ခွင့်ရမည် ဖြစ်သည်။ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်ဦးစီသာ နောက်တစ်ဆင့်တက်ခွင့်ရမည်ဖြစ်သောကြောင့် သက်ထားသူဇာအနေဖြင့် အုပ်စုပထမနေရာရယူနိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။

အမျိုးသမီးတစ်ဦးချင်း ကြက်တောင်ပြိုင်ပွဲ အုပ်စုအဆင့်ပွဲစဉ်များကို ဇူလိုင် ၂၄ ရက်မှ ၂၈ ရက်၊ ရှုံးထွက်အဆင့်ပွဲစဉ်များကို ဇူလိုင် ၂၈ ရက်၊ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၂၉ ရက်၊ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၃၀ ရက်နှင့် ဗိုလ်လုပွဲကို ဩဂုတ် ၁ ရက်တွင် ပြုလုပ်မည်ဖြစ်သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ – BWF**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ထံ MRTV က တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းလာမှုများကို ပြန်လည်ဖြေကြားခြင်း

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့မှ ဗိုလ်ကြီး အေးသဇင်မြင့် က MRTV မှ တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းလာမှုများကို အောက်ပါအတိုင်း ရှင်းလင်းဖြေကြားခဲ့ပါသည် –**

**မေး ။ ။ ဇူလိုင် ၇ ရက်နေ့က ပဲခူးမြို့မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဓာတ်ပုံကို အသုံးပြုပြီး NLD ထောက်ခံသူ အကြမ်းဖက်သမားက ဗုံးထောင်ထားရာက ပေါက်ကွဲမှုဖြစ်ပွားတဲ့အတွက် တပ်မတော်သားတစ်ဦး အသက်ဆုံးရှုံးလိုက်ရတယ်လို့ ကြားသိရပါတယ်။ အဆိုပါသတင်း ဖြစ်စဉ်အမှန်ကို သိလိုပါတယ်ခင်ဗျာ။**

ဖြေ ။ ။ လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦးကျဆုံးတာ၊ တစ်စုံတစ်ရာ ထိခိုက်ဒဏ်ရာရတာ မရှိပါဘူး။ ဖြစ်စဉ်အမှန်က ပဲခူးမြို့၊ ရုံးကြီးရပ်ကွက်၊ ကျုံးဘေးက အများပြည်သူ အပန်းဖြေရာနေရာမှာ ဇူလိုင်လ ၇ ရက် နံနက် ၉ နာရီခန့်မှာ လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ပါတယ်။ လုံခြုံရေး တပ်ဖွဲ့ဝင်တွေ သွားရောက်စစ်ဆေးခဲ့ရာ ကျုံးဘေးမှာစိုက်ထားတဲ့ ပုဏ္ဏားရိက်ပင်ကြားမှာ အချင်း ၁ပေ၊ အနက် ၆ လက်မခန့်ရှိတဲ့ ပေါက်ကွဲနေရာတစ်ခု၊ ပတ်ဝန်းကျင်မှာ ၉ ဗို့ဓာတ်ခဲ အပိုင်းအစတွေနဲ့ မူလီအသေးအလုံး ၅၀ ကို တွေ့ရှိရပြီး လက်လုပ်မိုင်း ပေါက်ကွဲမှုကြောင့် သန့်ရှင်းရေးဆောင်ရွက်နေတဲ့ အလုပ်သမားတစ်ဦး မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့ပါတယ်။ လူနာကိုတော့ ပဲခူးမြို့ပြည်သူ့ဆေးရုံမှာ ဆေးကုသပေးလျက်ရှိပြီး မိုင်းဖောက်ခွဲခဲ့တဲ့ အကြမ်းဖက်တရားခံများကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပါတယ်။


**မေး ။ ။ BBC က ဒီပဲယင်း မြို့နယ်မှာ စစ်ရှောင်တွေရှိတဲ့ တောထဲအထိ တပ်မတော်ကနေ လိုက်လံပစ်ခတ်နေတယ်လို့ လူမှုကွန်ရက် စာမျက်နှာမှာ ရေးသားဖော်ပြထားတာတွေ့ရပါတယ်။ ဒီဖြစ်စဉ် မှန် မမှန် သိချင်ပါတယ်။**


ဖြေ ။ ။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ဒေသခံတွေကို တောထဲအထိ လိုက်လံပစ်ခတ်ဖမ်းဆီးတယ်ဆိုတဲ့ BBC သတင်းက မမှန်ပါဘူး။ ဇွန်လ ၂၅ ရက်မှာ ဒီပဲယင်းမြို့နယ်၊ ညောင်လှကျေးရွာနေ ဦးနုတင်သိန်း ၅၂ နှစ်ကို အကြမ်းဖက်သမားနှစ်ဦးက သေနတ်နဲ့ ပစ်သတ်သွားတဲ့ ဖြစ်စဉ်ဖြစ်ခဲ့ပါတယ်။ PDF လို့ ခေါ်တဲ့ လက်နက်ကိုင် အကြမ်းဖက်သမားတွေက ရွာထဲကိုဝင်ပြီးတော့ ပြည်သူတွေကို လူအင်အား၊ လက်နက်အင်အားနဲ့ ခြိမ်းခြောက်တာတွေ လုပ်လာပါတယ်။ ဒီဒေသတွေဟာ ယခင်က တပ်မတော်စစ်ကြောင်းတွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေ သွားလာလှုပ်ရှားစရာမလိုတဲ့ တည်ငြိမ်အေးချမ်းတဲ့ နေရာတွေဖြစ်ပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ ထိတွေ့မှုနည်းတဲ့ဒေသဖြစ်ပါတယ်။ ဒါကို အခွင့်ကောင်းယူပြီးတော့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေလာရင် ဖမ်းဆီးမယ်၊ ရိုက်နှက်ညှဉ်းဆဲမယ် စသည်ဖြင့် ခြောက်လှန့်ထားတော့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ ကျေးရွာအနီးရောက်တာနဲ့ ဒေသခံပြည်သူတွေ ထွက်ပြေးကြတဲ့အခြေအနေကို ရောက်ရှိနေတာ ဖြစ်ပါတယ်။ ဒီလိုဖြစ်အောင်လည်း တမင်ဖန်တီးနေတာဖြစ်ပါတယ်။












ဗိုလ်ကြီး အေးသဇင်မြင့် MRTV မှ မေးမြန်းမှုကို ဖြေကြားစဉ်။

စစ်ဘေးရှောင်ရွာတွေဆိုတဲ့ အသုံးအနှုန်းဟာ အနောက်မျှော် မီဒီယာတွေ အမြဲသုံးနေကျဖြစ်ပါတယ်။ အဲဒီဒေသမှာ စစ်ဖြစ်တာ မရှိပါဘူး။ ဒေသခံတွေအနေနဲ့ ဘာအပြစ်မှလုပ်ထားတာမရှိလို့ ရှောင်စရာလည်းမလိုပါဘူး။ ဒ့ါအပြင် တိုက်ပွဲရှောင်စခန်းတို့၊ ဒုက္ခသည်စခန်းတို့ဆိုတာဟာ ဖွင့်ချင်တိုင်းဖွင့်၊ နေချင်တိုင်းနေလို့ မရပါဘူး။ ဒါကို သိဖို့လိုပါမယ်။ လက်နက်ကိုင်အကြမ်းဖက်သမားတွေဟာ ဒေသခံတွေကို ခုတုံးလုပ်ပြီး အဘက်ဘက်က ကူညီထောက်ပံ့မှုတွေကိုလိုချင်လို့ ဒေသခံပြည်သူတွေရဲ့ဘဝကို ချနင်းနေတာ ဖြစ်ပါတယ်။ ဒေသခံတွေအနေနဲ့ စုပေါင်းအင်အားကိုယူပြီး ဒီအကြမ်းဖက်လက်နက်ကိုင်တွေကို လက်မခံဖို့၊ ရောက်လာခဲ့ရင်လည်း တာဝန်ရှိသူတွေကို သတင်းပေးဖို့လိုပါမယ်။ ဒါမှသာ အဲဒီဒေသတွေဟာ အရင်လို ပြန်လည်အေးချမ်းတည်ငြိမ်မှာ ဖြစ်ပါတယ်။

**မေး ။ ။ ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ဗလမင်းထင်တံတား အနီးက စုပေါင်းဂိတ်မှာ ဇူလိုင် ၇ ရက် ညနေ ၅ နာရီက လုံခြုံရေးတပ်ဖွဲ့ဝင်တွေရဲ့ ပစ်ခတ်မှုကြောင့် ပြည်သူတစ်ဦး သေဆုံးသွားခဲ့တယ်လို့ DVB TV News မှ ရေးသားဖော်ပြမှုနဲ့ပတ်သက်ပြီး အခြေအနေမှန်ကို သိချင်ပါတယ်။**

ဖြေ ။ ။ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ ဗလမင်းထင်တံတား လုံခြုံရေးဆောင်ရွက်နေတဲ့ ပူးပေါင်းအဖွဲ့ဟာ သောင်းကျန်းသူများ ဖြတ်သန်းမှုမရှိစေရေး၊ မူးယစ်ဆေးဝါးများနဲ့ တရားမဝင်ကူးသန်းရောင်းဝယ်မှုများမရှိစေရေး စစ်ဆေးလျက်ရှိရာ ဇူလိုင်လ ၇ ရက် ညနေ ၄ နာရီ မိနစ် ၅၀ ခန့်မှာ ဝိုင်းမော်မြို့က မြစ်ကြီးနားမြို့ဘက်ကို မောင်းနှင်လာတဲ့ နက်ပြာရောင် Pajero ယာဉ်တစ်စီးဟာ လုံခြုံရေးအဖွဲ့တွေကို မြင်တွေ့ပြီး ဝိုင်းမော်ဘက်ကို ပြန်လှည့်မောင်းနှင်ထွက်ပြေးသွားတဲ့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ရပ်တန့်ဖို့ရည်ရွယ်ပြီး လက်နက်ငယ်တစ်ချက် မိုးပေါ်ထောင်ဖောက် ခြောက်လှန့်ပစ်ခတ်ခဲ့ပေမယ့် ရပ်တန့်ခြင်းမရှိတဲ့အပြင် လုံခြုံရေးအဖွဲ့တွေရှိရာကို ယာဉ်ပေါ်က ပြန်လည်ပစ်ခတ် ထွက်ပြေးသွားပါတယ်။

အဲဒီဖြစ်စဉ်မှာ Pajero ယာဉ်ပေါ်က လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို ပြန်လည်ပစ်ခတ်ခဲ့တဲ့ ကျည်ကြောင့် စစ်ဆေးရေးဂိတ်အနီး သစ်သီးမျိုးစုံရောင်းချနေတဲ့ ဒေါ်စီစီ အသက် (၃၅) နှစ်၊ လီဆူ/ခရစ်ယာန်၊ စီတာပူရပ်ကွက်၊ ငွေပျော်ကောင်းအပိုင်းနေထိုင်သူရဲ့ ဝဲတင်ပါး ဖောက်ဝင်ဒဏ်ရာရရှိခဲ့တဲ့အတွက် တပ်မတော်ဆေးရုံကိုပို့ပြီး ဆေးကုသမှုပေးနေစဉ်မှာပဲ ညနေ ၅ နာရီ ၅၅ မိနစ်မှာ ရရှိဒဏ်ရာနဲ့ သေဆုံးသွားခဲ့မှု ဖြစ်ခဲ့ပါတယ်။

**မေး ။ ။ လူမှုကွန်ရက်ပေါ်မှာ "တပ်မတော်သတင်းမှန် ပြန်ကြားရေး" ဆိုတဲ့အမည်နဲ့ Page တစ်ခုကို တွေ့ရှိရပါတယ်။ အဆိုပါ Page ဟာ တပ်မတော်သတင်းမှန်ပြန်ကြားရေးရဲ့ Page အမှန် ဟုတ် မဟုတ် သိလိုပါတယ်။ အကယ်၍ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ရဲ့ Page မဟုတ်ဘူးဆိုရင်လည်း သတင်းအမှားများ မပြန့်ပွားမီ ထိန်းချုပ်ဖို့ရည်ရွယ်ပြီး မေးမြန်းရခြင်း ဖြစ်ပါတယ်။**

ဖြေ ။ ။ တပ်မတော်သတင်းမှန်ပြန်ကြားရေး Facebook Page ကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက် နေ့မှာ Facebook Team ကနေ သတင်းမှန်တွေ ထုတ်ပြန်ပေးလို့မရအောင် ဖြုတ်ချထားတာ ဖြစ်ပါတယ်။ တပ်မတော်သတင်းမှန်ပြန်ကြားရေး Facebook Page အသုံးပြုလို့ရစဉ်ကတည်းက တပ်မတော်သတင်းမှန်ပြန်ကြားရေး Page အတုတွေနဲ့ တပ်မတော်ကို ပုတ်ခတ်တဲ့သတင်းတွေ တင်နေတာတွေ ရှိပါတယ်။ အခုလည်း လူတွေ ယုံမှားသံသယဖြစ်အောင် တပ်မတော်သတင်းမှန်ပြန်ကြားရေး Page အတုတက်လာပြီး သတင်းအမှားတွေ ထုတ်ပြန်နေတာ ဖြစ်ပါတယ်။ တပ်မတော်သတင်းမှန်ပြန်ကြားရေး အဖွဲ့က Facebook Page ထပ်မံဖွင့်လှစ်ဖို့ မရှိသေးကြောင်း တစ်ခါတည်း ဖြေကြားလိုပါတယ်။

# အာဖရိကသို့ ကိုဗစ် -၁၉ ကာကွယ်ဆေး သန်း ၂၂၀ ထောက်ပံ့ပေးရန် ယူနီဆက်ဖ် သဘောတူလက်မှတ်ရေးထိုး

**ဂျနီဗာ ဇူလိုင် ၉**

ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်) သည် အာဖရိကသမဂ္ဂအဖွဲ့ဝင် ၅၅ နိုင်ငံသို့ ၂၀၂၂ နှစ်ကုန်ပိုင်းတွင် Johnson & Johnson ကိုဗစ် -၁၉ ကာကွယ်ဆေး ထောက်ပံ့သွားရန် ဂျန်ဆန်ဆေးဝါး ထုတ်လုပ်ရေးကုမ္ပဏီနှင့် သဘောတူလက်မှတ်ရေး ထိုးထားကြောင်းဇူလိုင် ၈ ရက်တွင် ကြေညာခဲ့သည်။

**ပေးပို့သွားမည်**

၎င်းတို့ထဲမှ ၃၅ သန်းကို ၂၀၂၁ခုနှစ် နှစ်ကုန်ပိုင်းတွင် ပေးပို့သွားမည်ဖြစ်သည်ဟု ယူနီဆက်ဖ်က သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။

**မျှတမှုမရှိ**

အာဖရိက နိုင်ငံများအနေဖြင့် ကာကွယ်ဆေးကို လျင်လျင်မြန်မြန်ဖြင့် လက်လှမ်းမီစေရမည်ဖြစ်ပြီး ကာကွယ် ဆေးရရှိမှုမှာ မျှတမှုမရှိသေးကြောင်း အာဖရိက တိုက်တွင် တစ်ရာခိုင်နှုန်းသာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးဖြစ်ကြောင်း ယင်းအခြေအနေအတိုင်း ဆက်သွားရန်မဖြစ်ဟုလည်း ယူနီဆက်ဖ်မှ ညွှန်ကြားရေးမှူး ဟန်နရီဟာတာဖို့ဒ်က ပြောသည်။

**ဆင်ဟွာ**




# နယူးဇီလန်နိုင်ငံတွင် မိုးပျံပူဖောင်း မတော်တဆမှုကြောင့် ဒဏ်ရာရရှိသူ ၁၁ ဦးရှိ

**ဝယ်လင်တန် ဇူလိုင် ၉**

နယူးဇီလန်နိုင်ငံ တောင်ပိုင်းကျွန်း ကွင်းစ်တောင်းအနီးတွင် မိုးပျံပူဖောင်း မတော်တဆမှုကြောင့် လူ ၁၁ ဦးဒဏ်ရာရရှိခဲ့သည်ဟု ဒေသတွင်းမီဒီယာများတွင် ဖော်ပြကြသည်။

ဒဏ်ရာရရှိသူများထဲမှ တစ်ဦးမှာ ရောဂါလက္ခဏာ ပြင်းထန်သည်ဟု အခင်းဖြစ်ပွားရာနေရာရှိ ရဲတစ်ဦးက အတည်ပြုပြောကြားခဲ့သည်။ ကျန် ၁၀ ဦးမှာမူ အနည်းငယ် ဒဏ်ရာများသာ ရရှိခဲ့သည်။




ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေသည်ကို တွေ့ရစဉ်။

လေလျော့နေသည့် မိုးပျံပူဖောင်းကြီးသည် သစ်ကိုင်းများနှင့် ရိုက်မိသွားသည်ကို တွေ့မြင်ရပြီး အဆိုပါနေရာတွင် ဓာတ်အားလိုင်းကြိုးများစွာလည်း ရှိနေသည်။ အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့၏ တောင်းဆိုချက်အရ ဓာတ်အားပေးသည့်ကုမ္ပဏီသည် ဓာတ်အားများဖြတ်တောက်ခဲ့ရသည့်အတွက် အနီးအနားရှိ နေအိမ် ၁၆၀ ထက်မနည်း လျှပ်စစ်ဓာတ်အားပြတ်တောက်ခဲ့ရသည်ဟု သိရသည်။

မိုးပျံပူဖောင်း စီးနင်းခြင်းမှာ နယူးဇီလန်တွင် နာမည်ကျော်သည့် ခရီးသွားဆွဲဆောင်မှုတစ်ခုလည်းဖြစ်သည်။

**ဆင်ဟွာ**

# ဆွီဒင်နိုင်ငံ၌ လေယာဉ်ပျက်ကျမှုကြောင့် လူအချို့သေဆုံး

**စတော့ဟုမ်း ဇူလိုင် ၉**

ဆွီဒင်လေဆိပ်တွင် ဇူလိုင် ၈ ရက်က လေယာဉ်ငယ်တစ်စင်းပျက်ကျခဲ့ရာ လူအချို့သေဆုံးသွားခဲ့သည်ဟု သိရသည်။

လေယာဉ်ပေါ်တွင် လေယာဉ်မောင်းသူအပါအဝင် လူ ကိုးဦးလိုက်ပါလာပြီး အောရီဘရိုမြို့ လေဆိပ်မှ ၁၆၀ ကီလိုမီတာအကွာရှိ မြို့တော်စတော့ဟုမ်းသို့ ပျံတက်ပြီးမကြာမီ ပျက်ကျခဲ့ခြင်းဖြစ်သည်။

ကနဦးပိုင်းတွင် သေဆုံးသူများစာရင်းကို အာဏာပိုင်များက အတိအကျ ပြောနိုင်သေးပေ။ သို့သော်လည်း ရဲများ၏ သတင်းအရင်းအမြစ်အရ သေဆုံးသူအချို့ရှိကြောင်း သိရသည်။

လူတစ်ဦးမှာ ဒဏ်ရာပြင်းထန်စွာရပြီးနောက် ဆေးရုံသို့ ပို့ပေးလိုက်ရသည်ဟု သိရသည်။




လေယာဉ်ပျက်ကျပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

ခရီးသည်များမှာ လေထီးခုန်အဖွဲ့တစ်ဖွဲ့မှ ဖြစ်သည်ဟုလည်း သိရသည်။ လွန်ခဲ့သည့် နှစ်နှစ်ခန့်ကလည်း လေထီးခုန်သမား ရှစ်ဦးနှင့် လေယာဉ်မှူး တစ်ဦး သေဆုံးခဲ့ရသည့် ဖြစ်ရပ်ဖြစ်ပွားဖူးသည်။

**ဆင်ဟွာ**

# အာဖဂန်မှ အမေရိကန်တပ်များ ဩဂုတ်လကုန်ပိုင်းတွင် ဆုတ်ခွာမည်

**ဝါရှင်တန် ဇူလိုင် ၉**

အာဖဂန်မြေပေါ်မှ အမေရိကန်တပ်များ ဆုတ်ခွာမှုကို ဩဂုတ်လနှောင်းပိုင်းတွင် အပြီးသတ်လုပ်ဆောင်သွားမည်ဟု အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောသည်။

၂၀၀၁ ခုနှစ် စက်တင်ဘာလတွင် အမေရိကန်တို့ တိုက်ခိုက်ခံရမှုအပြီးတွင် အာဖဂန်မြေပေါ်တွင် အမေရိကန်တို့၏ စစ်ရေးစတင်ခဲ့ရာ နှစ်ပေါင်း ၂၀ ကြာမြင့်လာပြီဖြစ်ကြောင်း သမ္မတဂျိုးဘိုင်ဒင်က အိမ်ဖြူတော်တွင် သတင်းထောက်များကို ပြောကြားခဲ့သည်။

ယခုနှစ် စက်တင်ဘာ ၁၁ အာဖဂန်မှ အပြီးသတ် ဆုတ်ခွာမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ နောက်ထပ် အမေရိကန် မျိုးဆက်သစ်များကို အာဖဂန်မြေပေါ်မှ စစ်ပွဲအတွင်း ပါဝင်ပတ်သက်ခိုင်းတော့မည်မဟုတ်ဟု ဘိုင်ဒင်က ပြောသည်။ အမေရိကန်တပ်များ ဆုတ်ခွာသွားခြင်းကြောင့် အာဖဂန်တွင် လုံခြုံရေးခြိမ်းခြောက်မှုများ ဖြစ်လာနိုင်သည်ဟု စိုးရိမ်မှုများလည်း ထွက်ပေါ်လာသည်။

တာလီဘန်များက အာဖဂန်နစ္စတန်ကို ရယူသွားမည်မှာ ရှောင်လွှဲ၍မရသောကိစ္စလားဟု မေးမြန်းရာတွင် ယင်းသို့ဖြစ်လာမည်မဟုတ်ဟု ဘိုင်ဒင်က ဖြေကြားခဲ့သည်။ အာဖဂန်တပ်ဖွဲ့တွင် အရည်အချင်းပြည့်ဝသော တပ်ဖွဲ့ဝင် ၃၀၀၀၀၀ ကို ပြည့်စုံအောင် ထောက်ပံ့ပေးထားကြောင်း၊ အရည်အချင်းပြည့်ဝလှကြောင်း ဘိုင်ဒင်က ပြောကြားခဲ့သည်။

တိုင်းပြည်အနာဂတ်နှင့် တိုင်းပြည်ကို မည်သည့်ပုံစံမျိုးနှင့် သွားလိုသည်မှာ အာဖဂန်ပြည်သူများ ဆုံးဖြတ်ရမည့်အခွင့်အရေးနှင့် တာဝန်ပင်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# ဆိုးလ်မြို့အနီးတစ်ဝိုက် တင်းကျပ်သည့် အသွားအလာကန့်သတ်မှုများ ချမှတ်သွားမည်

ဆိုးလ် ဇူလိုင် ၉

ဆိုးလ်မြို့ဧရိယာတစ်ဝိုက်တွင် သီတင်းနှစ်ပတ်ကြာ တင်းကျပ်သည့် အသွားအလာကန့်သတ်မှုကို ချမှတ်သွားမည်ဟု တောင်ကိုရီးယားကျန်းမာရေးဝန်ကြီးက ဇူလိုင် ၉ ရက်တွင် ပြောကြားခဲ့သည်။ မကြာသေးမီရက်များအတွင်း ကိုဗစ် -၁၉ ကူးစက်မှုများ များပြားလာသည့်အတွက် ယခုလို ချမှတ်ခဲ့ခြင်းဖြစ်သည်။

အဆင့် ၄ သတ်မှတ်ထားသည့် လူမှုဝေးကွာအစီအစဉ်သည် အတင်းကျပ်ဆုံး အစီအစဉ်ဖြစ်ပြီး ဆိုးလ်မြို့ ဂယောင်းဂီပြည်နယ်နှင့် အင်ချွန်းအနောက်ပိုင်းတို့တွင် ဇူလိုင် ၁၂ ရက်မှ ၂၅ ရက်အထိ သတ်မှတ်ထားသည်ဟု သိရသည်။

နှစ်ရက်တိုင်တိုင် ကိုဗစ် -၁၉ ကူးစက်မှု များပြားခဲ့ပြီးနောက် ယခုလို ချမှတ်ခဲ့ခြင်းဖြစ်သည်။ ယင်းအခြေအနေကြောင့် စတုတ္ထမြောက် ကူးစက်မှုဆီ ဦးတည်နေသည်ဟု ကြေညာရတော့မည့် အနေအထားဖြစ်နေသည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း တောင်ကိုရီးယားတွင် ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၁၃၁၆ ဦးရှိပြီး ကူးစက်ခံရသူပေါင်း ၁၆၅၃၄၄ ဦးအထိရှိလာသည်။ ယင်းကူးစက်မှုပမာဏမှာ ဇန်နဝါရီ ၂၀ တွင် ပထမဦးဆုံး ကူးစက်မှုတွေ့ရှိပြီးနောက် အမြင့်ဆုံးကူးစက်မှုပင်ဖြစ်သည်။

**ဆင်ဟွာ**

# အာရှ-ပစိဖိတ်နိုင်ငံများတွင် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ ဆက်လက်မြင့်တက်လျက်ရှိ

ဟောင်ကောင် ဇူလိုင် ၉

**အင်ဒိုနီးရှား၊ တောင်ကိုရီးယားနှင့် ထိုင်းနိုင်ငံအပါအဝင် အာရှ-ပစိဖိတ်နိုင်ငံများတွင် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ ဆက်လက်မြင့်တက်လျက်ရှိကြောင်း ဇူလိုင် ၉ ရက်က ဖော်ပြလိုက်ပြီးနောက် ပိုမိုတင်းကျပ်သည့် ကိုဗစ်-၁၉ ကန့်သတ်ပိတ်ဆို့မှုများ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။**



အင်ဒိုနီးရှားနိုင်ငံ ဂျကာတာရှိ အစိုးရဆေးရုံတစ်ရုံတွင် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများက ကိုဗစ်-၁၉ ကူးစက်မှုဖြစ်ပွားနေသော မိခင်ထံမှ ကလေးငယ်တစ်ဦးကို မွေးဖွားပေးစဉ်။

## အင်ဒိုနီးရှား

အင်ဒိုနီးရှားနိုင်ငံ၏ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် တစ်နေ့အတွင်း ၃၈၁၂၄ ဦးတိုးလာပြီးနောက် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၄၅၅၉၁၂ ဦးအထိ ရောက်ရှိလာခဲ့သည်။ ထို့အပြင် ကိုဗစ်-၁၉ ကပ်ရောဂါဖြင့် သေဆုံးသူ ၈၇၁ ဦး တိုးလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၆၄၆၃၁ ဦးအထိ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

## တောင်ကိုရီးယား

မကြာသေးမီရက်များအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ မြင့်တက်လာပြီးနောက် တောင်ကိုရီးယား ကျန်းမာရေးဝန်ကြီးဌာနက ဆိုးလ်မြို့တွင် အတင်းကျပ်ဆုံး လူမှုဝေးကွာ စည်းမျဉ်းများကို နှစ်ပတ်ကြာ ချမှတ်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

တောင်ကိုရီးယားနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီနှင့်နှိုင်းယှဉ်ကြည့်ပါက ဇူလိုင် ၈ ရက်ညက ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၃၁၆ ဦး ရှိလာခဲ့ပြီးနောက် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၆၅၃၄၄ ဦးရှိလာခဲ့သည်။ ဇူလိုင် ၈ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ဇူလိုင် ၇ ရက်က စံချိန်တင်ကူးစက် ဖြစ်ပွားခဲ့သော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသည့် အရေအတွက် ၁၂၇၅ ဦးထက် အနည်းငယ် ပိုများလာခဲ့ပြီး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုစံချိန်ကို ဒုတိယနေ့အဖြစ် ဆက်လက်ချိုးခဲ့သည်။

## ထိုင်း

ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ စတင်ကူးစက်ဖြစ်ပွားကတည်းက ဇူလိုင် ၉ ရက်နေ့သည် ကိုဗစ်-၁၉ ဒုတိယကူးစက်မှုအများဆုံးနေ့အဖြစ် စံချိန်တင်ခဲ့ပြီး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၉၂၇ ဦး ရှိခဲ့သည်။ ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု မြင့်တက်လာမှုကို ထိန်းချုပ်နိုင်ရန်အတွက် တင်းကျပ်သည့် လူမှုဝေးကွာ စည်းမျဉ်းစည်းကမ်းများကို ထပ်မံချမှတ်ခဲ့သည်။



ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ စစ်ဆေးရန် နှာခေါင်းတို့ဖတ်နမူနာရယူနေသည်ကို တွေ့ရစဉ်။

## နီပေါ

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုကို မြှင့်တင်သည့် လှုပ်ရှားမှုတစ်ခုအနေဖြင့် နီပေါအစိုးရဝယ်ယူခဲ့သည့် တရုတ်ကိုဗစ်-၁၉ ကာကွယ်ဆေးပထမအသုတ်သည် မြို့တော်ခတ္တမန္ဒူသို့ ရောက်ရှိခဲ့သည်။

## ဖိလစ်ပိုင်

ဖိလစ်ပိုင်ကျန်းမာရေးဌာနက ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသည့် ၅၈၈၁ ဦး ရှိကြောင်းဖော်ပြမှုနှင့်အတူ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၄၆၁၄၅၅ ဦးရှိလာခဲ့သည်။ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် ၇၀ ဦး ထပ်မံသေဆုံးမှုနှင့်အတူ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်း ၂၅၇၂၀ ဦးရှိလာခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမားရေးဌာနက ဆက်လက်သတင်းထုတ်ပြန် ကြေညာခဲ့သည်။

## ကမ္ဘောဒီးယား

ကမ္ဘောဒီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၉၈၈ ဦး တိုးလာပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၅၉၀၄၅ ဦးရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ဖော်ပြခဲ့သည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများအနက် ၇၈၉ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ပြီး ၁၉၉ ဦးမှာ ပြည်ပကူးစက်မှုဖြစ်ကြောင်း ကျန်းမာရေးဌာနက ဆက်လက်သတင်းထုတ်ပြန်ဖော်ပြသည်။

## သြစတြေးလျ

သြစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်၌ ပြည်သူ့ကျန်းမာရေးအကြံပြုချက်များနှင့် ပတ်သက်ပြီး ပြောင်းလဲမှုများရှိခဲ့ကြောင်း ကိုဗစ်-၁၉ တုံ့ပြန်ရေးဝန်ကြီး ခရစ်ဟစ်ကင်စ်က ပြောခဲ့သည်။

## ပါကစ္စတန်

ပါကစ္စတန်နိုင်ငံတွင် ဇူလိုင် ၈ ရက်က ကိုဗစ်-၁၉ အတည်ပြုလူနာ ၁၇၃၇ ဦး တိုးလာကြောင်း အမျိုးသားထိန်းချုပ်ကွပ်ကဲမှုနှင့် စစ်ဆင်ရေးဌာနက ပြောကြားလိုက်သည်။ ယခုအခါတွင် ပါကစ္စတန်နိုင်ငံ၏ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်းမှာ ၉၆၉၄၇၆ ဦး ရှိလာပြီဖြစ်သည်။ ထို့အတူ ကိုဗစ်-၁၉ ကင်းစင်သွားသူ စုစုပေါင်း ၉၁၁၃၈၃ ဦး ရှိလာခဲ့သည်။

## အိန္ဒိယ

အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၃၃၉၃ ဦး တိုးလာပြီးနောက် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၀၇၅၂၉၅၀ ဦး ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်ချက်အရ သိရသည်။ ထို့ပြင် ကိုဗစ်-၁၉ ကူးစက် ဖြစ်ပွားမှုကြောင့် သေဆုံးသူပေါင်းမှာ ၄၀၅၉၃၉ ဦး ရှိလာပြီဖြစ်သည်။

**ဆင်ဟွာ**

# ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ စံချိန်တင် ကူးစက်

**ဟန်နွိုင်း ဇူလိုင် ၉**

ဗီယက်နမ်နိုင်ငံတွင် ဇူလိုင် ၉ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၆၂၅ ဦး ရှိကြောင်း စံချိန်တင် ဖော်ပြခဲ့ပြီး ဇူလိုင် ၈ ရက်က မှတ်တမ်းတင်ခဲ့သော ကိုဗစ်-၁၉ ကူးစက် ဖြစ်ပွားသူ ပမာဏ ၁၃၁၄ ဦးကို ကျော်လွန်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူများအနက် ၁၆၁၆ ဦးမှာ ပြည်တွင်း ကူးစက်မှုဖြစ်ပြီး ကိုးဦးမှာ ပြည်ပကူးစက်မှုဖြစ်သည်။ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက် ဖြစ်ပွားသူပေါင်းမှာ ၂၆၀၁၀ ဦးဖြစ်သည်။

အစုလိုက် ကူးစက်ဖြစ်ပွားမှုများအနက် ၁၂၂၉ ဦးမှာ ဟိုချီမင်းတောင်ပိုင်းမှ လည်းကောင်း၊ ၇၇ ဦးမှာ လောင်အန်းတောင်ပိုင်းမှလည်းကောင်း၊ ၇၃ ဦးမှာ ဘင်ဒေါင်း တောင်ပိုင်းမှလည်းကောင်းဖြစ်သည်။

ဇူလိုင် ၉ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ နောက်ထပ်ငါးဦး သေဆုံးခဲ့မှုနှင့်အတူ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်းမှာ ၁၁၀ ဦးအထိ ရောက်ရှိလာပြီဖြစ်သည်။

နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၈၉၈၄ ဦးအထိ ရောက်ရှိလာခဲ့သည်။

ဇူလိုင် ၉ ရက်နေ့ အထိ ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ ပြည်တွင်း ကူးစက်ဖြစ်ပွားသူ ၂၄၁၀၃ ဦးရှိလာခဲ့သည်။

**ဆင်ဟွာ**




ဗီယက်နမ်နိုင်ငံ ဟန်နွိုင်းရှိ ကိုဗစ်-၁၉ ကန့်သတ်ထိန်းချုပ်ရေး အဆောက်အအုံရှေ့တွင် ရောဂါကာကွယ်ရေးဝတ်စုံများ ဝတ်ဆင်ထားသော ကျန်းမာရေးလုပ်သားများကို တွေ့ရစဉ်။

# အိန္ဒိယနိုင်ငံကို ခြိမ်းခြောက်နေသလို ကမ္ဘာကြီးကို လွှမ်းမိုးကူးစက်တော့မယ့် ဒယ်လ်တာ ကိုဗစ်-၁၉ အသွင်ပြောင်းမျိုးစိတ်

ထွန်းကျော်

ဒယ်လ်တာနဲ့ ဒယ်လ်တာပလက်စ် ကိုဗစ်-၁၉ အသွင်ပြောင်းမျိုးစိတ်သစ်တွေ ပေါ်ပေါက်လာခြင်းက အိန္ဒိယနိုင်ငံကို နောက်တစ်ကြိမ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေကို သတိကြီးကြီးထားဖို့ သတိပေးလိုက်တဲ့ သဘောပဲ ဖြစ်ပါတယ်။



အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ လူနာတစ်ဦးအား ကုသပေးနေသည်ကို တွေ့ရစဉ်။

### အိန္ဒိယနိုင်ငံအတွက် စိန်ခေါ်မှုကြီး

အိန္ဒိယအစိုးရက ကိုဗစ်-၁၉ အသွင်ပြောင်းမျိုးစိတ်သစ် ဒယ်လ်တာပလက်စ်ဟာ စိုးရိမ်ရမယ့်အနေအထားတစ်ခုလို့ ကြေညာချက် ထုတ်ပြန်လိုက်ပြီးနောက် သီတင်းပတ်နှစ်ပတ်အကြာမှာ ကျန်းမာရေးကျွမ်းကျင်သူတွေက AY.1 သို့မဟုတ် B.1.617.2.1 လို့ခေါ်တဲ့ သန္ဓေပြောင်းမျိုးစိတ်သစ်မှာ SARS-CoV-2 ပရိုတိန်း အစွယ်အပွားရဲ့ထူးခြားတဲ့ သန္ဓေပြောင်းလဲမှုရှိတယ်လို့ ပြောကြားလိုက်ပြီး ဒါဟာ နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးတွေကို အရှိန်အဟုန်နဲ့ထိုးပေးနေတဲ့ အိန္ဒိယနိုင်ငံအတွက်တောင်မှ စိန်ခေါ်မှုကြီးတစ်ခုလို့ သတိပေး ပြောကြားလိုက်ပါတယ်။

### ထိတ်လန့်ကြောက်ရွံ့နေကြ

အိန္ဒိယနိုင်ငံမှာ ပထမဆုံး ဒယ်လ်တာပလက်စ် ကူးစက်ဖြစ်ပွားမှုကို ဇွန် ၁၁ ရက်မှာ တွေ့ရှိခဲ့ပါတယ်။

ပထမပိုင်းမှာ ဒယ်လ်တာပလက်စ်ဟာ စိတ်ဝင်စားစရာကောင်းတဲ့ သန္ဓေပြောင်းမျိုးစိတ်တစ်ခုအဖြစ် ကြေညာခဲ့ပါတယ်။ နောက်ပိုင်းမှာ ကူးစက်ပြန့်ပွားမှုတိုးလာတဲ့ စိတ်ဝင်စားစရာလက္ခဏာတွေရှိတဲ့ သန္ဓေပြောင်းမျိုးစိတ်တစ်ခုအဖြစ် ဖော်ပြခဲ့ပါတယ်။

အိန္ဒိယနိုင်ငံမှာ ကိုဗစ်-၁၉ ဒုတိယအကျော့ ကူးစက်ဖြစ်ပွားမှုအတွက် ဒယ်လ်တာ ကိုဗစ်-၁၉ သန္ဓေပြောင်းမျိုးစိတ်သစ်ကို ပြစ်တင်ခဲ့ကြပါတယ်။ ထို့အတူ ဒယ်လ်တာပလက်စ်သန္ဓေပြောင်း မျိုးစိတ်ကြောင့်လည်း ကိုဗစ်-၁၉ တတိယအကျော့ ကူးစက်ဖြစ်ပွားလာနိုင်မှုအပေါ် ထိတ်လန့်ကြောက်ရွံ့လာကြပါတယ်။

### ကာကွယ်ဆေးထိုးပြီးတဲ့သူတွေတောင်ကူးစက်ဖြစ်ပွား

လေ့လာမှုတွေအရ ဒယ်လ်တာပလက်စ်ဟာ လျင်မြန်စွာအသွင်ပြောင်းနိုင်ပြီး လွယ်ကူစွာကူးစက်ပျံ့နှံ့နိုင်သလို အဆုတ်ဆဲလ်တွေကိုလည်း ပိုပြီးအားကောင်းစွာချည်နိုင်ကြောင်း ဘနာရက်စ်ဟိန္ဒူ တက္ကသိုလ်ရဲ့ ဆေးဘက်ဆိုင်ရာ သိပ္ပံအင်စတီကျုရဲ့ မော်လီကျူးဆိုင်ရာ ရောဂါပြီး ပညာပါမောက္ခ ဆူနစ်ကေဆင်းဂ်က ပြောပါတယ်။

ဒေလီရဲ့ လေးပုံပုံ သုံးပုံလောက် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေဟာ သန္ဓေပြောင်းမျိုးစိတ်ကြောင့် ဖြစ်ပါတယ်။ ဘယ်လောက်ကြောက်စရာကောင်းသလဲဆိုရင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသွားတဲ့သူတွေတောင် ကူးစက်ဖြစ်ပွားမှုတွေ ဖြစ်ပါတယ်လို့ ဒေလီသုတေသီတွေက ပြောပါတယ်။

### ဒီနှစ်အကုန်မှာ တစ်နိုင်ငံလုံး ကာကွယ်ဆေးထိုးပေးမယ်

အိန္ဒိယနိုင်ငံရဲ့ထိပ်တန်း ဗိုင်းရပ်စ်ကျွမ်းကျင်သူနဲ့ အိန္ဒိယ SARS-CoV-2 မျိုးရိုးဗီဇလေ့လာမှုအဖွဲ့ဝင်ဟောင်း ရှာဟစ်ဂျမေးလ်က သန္ဓပြောင်းကိုဗစ်-၁၉ မျိုးစိတ်သစ်ဟာ ကိုဗစ်-၁၉ ကာကွယ်ဆေးနဲ့ အစောပိုင်းကူးစက်ဖြစ်ပွားမှုတွေရဲ့ ခုခံစွမ်းအားတွေကိုတောင် ရှောင်ရှားနိုင်တယ်ဆိုတဲ့ သဘောပြောခဲ့ပါတယ်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုရဲ့ခြေရာကောက်လိုက်ရင် ပြည်သူ့ကျန်းမာရေးကိုလည်း ကြိုတင်ထိန်းသိမ်းရင်း ကိုဗစ်-၁၉ ကာကွယ်ဆေးတွေကိုလည်း နိုင်ငံအနှံ့ လွှမ်းခြုံထိုးပေးရမှာပဲလို့ ပြည်သူ့ကျန်းမာရေးကျွမ်းကျင်ပညာရှင် အနန့်ဘန်က ပြောပါတယ်။

အိန္ဒိယနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်းကို ဇန်နဝါရီ ၁၅ ရက်က စတင်ခဲ့ပါတယ်။ ဒီနှစ်ကုန်မှာတော့ တစ်နိုင်ငံလုံးကို ကာကွယ်ဆေးအပြည့်အဝ ထိုးပေးနိုင်ဖို့ လုပ်ဆောင်လျက် ရှိပါတယ်။ အခုအချိန်ထိတော့ ကိုဗစ်-၁၉ ကာကွယ်ဆေး ၃၆၄သန်းကျော် ထိုးနှံပေးခဲ့ပြီးပါပြီ။

> ❑ ပထမပိုင်းမှာ ဒယ်လ်တာပလက်စ်ဟာ စိတ်ဝင်စားစရာကောင်းတဲ့ သန္ဓေပြောင်းမျိုးစိတ်တစ်ခုအဖြစ် ကြေညာခဲ့ပါတယ်။ နောက်ပိုင်းမှာ ကူးစက်ပြန့်ပွားမှုတိုးလာတဲ့ စိတ်ဝင်စားစရာလက္ခဏာတွေရှိတဲ့ သန္ဓေပြောင်းမျိုးစိတ်တစ်ခုအဖြစ် ဖော်ပြခဲ့ပါတယ်။
>
> ❑ အိန္ဒိယနိုင်ငံမှာ ကိုဗစ်-၁၉ ဒုတိယအကျော့ ကူးစက်ဖြစ်ပွားမှုအတွက် ဒယ်လ်တာ ကိုဗစ်-၁၉ သန္ဓေပြောင်းမျိုးစိတ်သစ်ကို ပြစ်တင်ခဲ့ကြပါတယ်။ ထို့အတူ ဒယ်လ်တာပလက်စ်သန္ဓေပြောင်း မျိုးစိတ်ကြောင့်လည်း ကိုဗစ်-၁၉ တတိယအကျော့ ကူးစက်ဖြစ်ပွားလာနိုင်မှုအပေါ် ထိတ်လန့်ကြောက်ရွံ့လာကြပါတယ်။

### ကမ္ဘာကြီးကိုလွှမ်းမိုးလာမယ်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက လွန်ခဲ့တဲ့သီတင်းပတ်က ဒယ်လ်တာသန္ဓေပြောင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဟာ အခုဆိုရင် နိုင်ငံပေါင်း ၁၀၀ နီးပါး ကူးစက်ပျံ့နှံ့လျက်ရှိပြီး မကြာမီလအနည်းငယ်အတွင်းမှာ ကူးစက်မှုအမြင့်ဆုံး သန္ဓေပြောင်းမျိုးစိတ်သစ်အဖြစ် ကမ္ဘာကြီးကို လွှမ်းမိုးလာနိုင်ခြေရှိတယ်လို့ ပြောကြားထားပါတယ်။

ဒယ်လ်တာသန္ဓေပြောင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေ လျင်မြန်စွာတိုးလာသလို အဲဒီမျိုးစိတ်သစ်ဟာ မကြာမီလအနည်းငယ်အတွင်းမှာ တခြားအသွင်ပြောင်းကိုဗစ်-၁၉ မျိုးစိတ်သစ်တွေထက် ကြောက်စရာကောင်းစွာနဲ့ ကူးစက်ပျံ့နှံ့လာမှာဖြစ်ပါတယ်။

### ကြောက်စရာအကောင်းဆုံး မျိုးစိတ်

အခုအချိန်အထိ အတည်ပြုထားတဲ့ ကိုဗစ်-၁၉ မျိုးစိတ်တွေအနက် ဒယ်လ်တာ ကိုဗစ်-၁၉ မျိုးစိတ်သစ်ဟာ ကြောက်စရာအကောင်းဆုံး သန္ဓေပြောင်းမျိုးစိတ်သစ်ဖြစ်တယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ညွှန်ကြားရေးမှူးချုပ် တက်ဒရော့စ် အက်ဒါနွမ် ဂီဘရီယက်စ်ဆုက ပြောလိုက်ပါတယ်။ ကိုဗစ်-၁၉ ကာကွယ်ဆေး မထိုးထားတဲ့ ကမ္ဘာ့လူထုဆီ လျင်မြန်စွာကူးစက်ရောက်ရှိလာနိုင်တယ်လို့လည်း သတိပေးထားပါတယ်။ ။

ကိုးကား - ဆင်ဟွာ

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး



❍ *ကျောဖုံးမှ*

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၉-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၁,၅၀၇) ခု | (၂၄၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆၃) ခု | (၃၉) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၉၅၄) ခု | (၂၅၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၄၂) ခု | (၃၈) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) | (၁၈) ခု | – |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၅) ခု | – |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၂၅) ခု | (၅၈) ဦး |
| ကလေးမြို့၊ တပ်မတော် Mobile PCR Team | (၄၈) ခု | (၄၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၈၉) ခု | (၁၆၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၇၅၇) ခု | (၈၃၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉,၉၁၉) ခု | (၂,၆၄၁) ဦး |
| စုစုပေါင်း | (၁၅,၇၄၇) ခု | (၄,၃၂၀) ဦး |

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း တို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- COVID–19 ရောဂါဆိုင်ရာ သတင်း အချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှု နိုင်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ၉ -၇ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၆၇၆၉၀၅ | ၂၉၂၀၃၃၀၈ | ၆၂၂၂၁၄ |
| ၂။ | အိန္ဒိယ | ၃၀၇၅၂၉၅၀ | ၂၉၈၈၈၂၈၄ | ၄၀၅၉၆၇ |
| ၃။ | ဘရာဇီး | ၁၈၉၆၂၇၈၆ | ၁၇၄၂၂၈၅၄ | ၅၃၀၃၄၄ |
| ၄။ | ပြင်သစ် | ၅၇၉၉၁၀၇ | ၅၆၄၁၅၈၈ | ၁၁၁၂၈၄ |
| ၅။ | ရုရှား | ၅၇၃၃၂၁၈ | ၅၁၆၅၀၈၇ | ၁၄၁၅၀၁ |
| ၆။ | တူရကီ | ၅၄၆၅၀၉၄ | ၅၃၃၃၇၅၉ | ၅၀၀၉၆ |
| ၇။ | ဗြိတိန် | ၅၀၂၂၈၉၃ | ၄၃၄၈၈၆၄ | ၁၂၈၃၃၆ |
| ၈။ | အာဂျင်တီးနား | ၄၆၁၃၀၁၉ | ၄၂၂၆၆၉၄ | ၉၇၉၀၄ |
| ၉။ | ကိုလံဘီယာ | ၄၄၅၀၀၈၆ | ၄၁၇၂၀၁၈ | ၁၁၁၁၅၅ |
| ၁၀။ | အီတလီ | ၄၂၆၇၁၀၅ | ၄၀၉၇၉၀၅ | ၁၂၇၇၃၁ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

### ၉ – ၇ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၂၄၅၅၉၁၂ | ၂၀၂၃၅၄၈ | ၆၄၆၃၁ |
| ဖိလစ်ပိုင် | ၁၄၆၁၄၅၅ | ၁၃၈၃၈၃၃ | ၂၅၇၂၀ |
| မလေးရှား | ၈၁၇၈၃၈ | ၇၃၁၁၉၃ | ၅၉၈၀ |
| ထိုင်း | ၃၁၇၅၀၆ | ၂၄၀၀၇၇ | ၂၅၃၄ |
| မြန်မာ | ၁၈၄၃၇၅ | ၁၄၃၄၆၀ | ၃၆၈၅ |
| စင်ကာပူ | ၆၂၆၇၈ | ၆၂၃၆၃ | ၃၆ |
| ကမ္ဘောဒီးယား | ၅၉၀၄၅ | ၅၀၉၁၇ | ၈၅၅ |
| ဗီယက်နမ် | ၂၄၈၁၀ | ၈၉၅၀ | ၁၀၄ |
| လာအို | ၂၅၃၇ | ၂၁၀၄ | ၃ |
| ဘရူနိုင်း | ၂၆၆ | ၂၅၅ | ၃ |

## ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်မှုမဖြစ်ပေါ်စေရေး တစ်ဦးချင်းမဖြစ်မနေ လိုက်နာဆောင်ရွက်ရမည့် အချက်များ

(၁) အိမ်အပြင်ထွက်လျှင် ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို စနစ်တကျ တပ်ဆင်ထားပါ။
(၂) တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာ နေထိုင်လုပ်ကိုင်ပါ။
(၃) လူစုလူဝေးရှောင်ပါ။
(၄) လက်ကို စက္ကန့်(၂၀)ကြာ မကြာခဏ စနစ်တကျ ဆေးကြောပါ။
(၅) လေဝင်လေထွက်မကောင်းသောအခန်းများသို့ သွားရောက်ခြင်းမှ အတတ်နိုင်ဆုံး ရှောင်ကြဉ်ပါ။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID–19) မိမိကစ၍ ကာကွယ်ပါ

ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများကို "ကိုရိုနာဗိုင်းရပ်စ်ရောဂါ မိမိကစ၍ ကာကွယ်ပါ" ဆောင်ပုဒ်အတိုင်း အားလုံးကိုယ်စီ မဖြစ်မနေ လိုက်နာဆောင်ရွက်ကြပါရန် အသိပေး/သတိပေး နှိုးဆော်တိုက်တွန်းအပ်ပါသည် –


(၁) အိမ်အပြင်ထွက်လျှင် ပါးစပ်နှင့် နှာခေါင်းစည်း(mask) ကို စနစ်တကျ တပ်ဆင်ထားပါ၊ လူအများနှင့် ထိတွေ့ဆက်ဆံရပါက မျက်နှာအကာ (Face Shield) ကို တွဲဖက်တပ်ဆင်ပါ၊
(၂) တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာ နေထိုင်လုပ်ကိုင်ပါ၊
(၃) လူစုလူဝေးရှောင်ပါ၊
(၄) လက်ကို စက္ကန့် (၂၀)ကြာ မကြာခဏ စနစ်တကျဆေးကြောပါ၊
(၅) အလုံပိတ်အခန်းများ၊ အဲယားကွန်းအခန်းများ၊ လေဝင်/လေထွက်မကောင်းသော အခန်းများသို့ သွားရောက်ခြင်းမှ အတတ်နိုင်ဆုံး ရှောင်ကြဉ်ပါ၊
(၆) အိမ်ပြင်သို့ ထွက်လေ့ရှိသူများအနေဖြင့် အိမ်ရှိ အသက်(၆၀)နှစ်အထက် အသက်အရွယ် ကြီးရင့်သူ၊ ဆီးချို/သွေးတိုး/နှလုံး စသည့် နာတာရှည်ရောဂါအခံရှိသူများနှင့် အနီးကပ် နေထိုင်ခြင်း၊ အတူစားသောက်ခြင်းတို့မှ ရှောင်ကြဉ်ပါ၊
(၇) အသွားအလာတားမြစ်ပိတ်ပင်၍ သီးသန့်ခွဲခြားနေထိုင်စေခြင်း (Quarantine)လုပ်ငန်းစဉ် များတွင် အပြည့်အဝ ပူးပေါင်းပါဝင်ပါ၊
(၈) ပါးစပ်နှင့် နှာခေါင်းစည်း(Mask)မတပ်ဆင်ထားသော ဈေးရောင်းသူများထံမှ ဈေးမဝယ်ပါနှင့်၊
(၉) တစ်ဦးနှင့်တစ်ဦး အချင်းချင်း အသိပေး၊ သတိပေးပါ၊
(၁၀) ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပါ၊ ကာကွယ်ဆေးထိုးနှံပြီးသော်လည်း ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာပါ၊
(၁၁) သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် ထုတ်ပြန် ထားသော လုပ်ငန်းလမ်းညွှန်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ပါ၊
(၁၂) ကိုရိုနာဗိုင်းရပ်စ်ရောဂါ သံသယလက္ခဏာများ ပေါ်ပေါက်ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်၍ စောစီးစွာ ကုသမှုခံယူပါ၊
(၁၃) အပြင်ထွက်လျှင် ပါးစပ်နှင့် နှာခေါင်းစည်း(mask) ကို စနစ်တကျ မတပ်ဆင်ခြင်းနှင့် လူစု လူဝေးပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

(၉-၇-၂၀၂၁)

# စာပေဖြင့် သာသနာပြုနိုင်သူ ဆရာကြီးဦးလေးမြိုင်

ယဉ်မင်းထွေး
(စာပေဗိမာန်)

**နိုင်ငံတစ်ခု၏ ဉာဏစွမ်းအားစုများ တိုးတက်ရေးအတွက် စာပေကဏ္ဍကို မြှင့်တင်မှုသည် အရေးကြီးသောကဏ္ဍမှ ပါဝင်ပါသည်။ သို့အတွက်ကြောင့် နိုင်ငံတော်အစိုးရသည် မြန်မာစာပေဖွံ့ဖြိုးရေးနှင့် စာကောင်းပေမွန်များ ပေါ်ထွက်လာရေးအတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုတို့ကို နှစ်စဉ်ချီးမြှင့်လျက် ရှိပါသည်။**



ဆရာကြီး ဦးလေးမြိုင်

အဆိုပါ စာပေဆုများအပြင် ၂၀၁၁ ခုနှစ်မှ စတင်လျက် စာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသားပြုစုခဲ့သည့် စာပေပညာရှင်ကြီးများ၏ ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် “အမျိုးသားစာပေတစ်သက်တာဆု” ကိုလည်း နှစ်စဉ် ချီးမြှင့်လျက်ရှိပါသည်။

**နိုင်ငံတော်က ဆုချီးမြှင့်**

အမျိုးသားစာပေတစ်သက်တာဆုကို တစ်နှစ်လျှင် စာပေပညာရှင်တစ်ဦးမှ သုံးဦးအထိ နှစ်စဉ် ရွေးချယ်ချီးမြှင့်ခဲ့ပြီးနောက် ၂၀၁၈ ခုနှစ်မှ စတင်လျက် မိမိ၏ ဘဝတစ်လျှောက် သုတ၊ ရသ စာပေများကို တစိုက်မတ်မတ် ရေးသားခဲ့သည့် စာရေးဆရာကြီးတစ်ဦးနှင့် စာပေဖွံ့ဖြိုးရေးဆိုင်ရာ၊ စာပေသုတေသနဆိုင်ရာလုပ်ငန်းများကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် စာပေပညာရှင်ကြီးတစ်ဦး စုစုပေါင်းနှစ်ဦးကို ချီးမြှင့်ခဲ့ပါသည်။ ယခုအထိ အမျိုးသားစာပေတစ်သက်တာဆုရ စာရေးဆရာ၊ ဆရာမကြီး စုစုပေါင်း ၃၁ ဦးကို နိုင်ငံတော်က ဆုချီးမြှင့်ခဲ့ပြီး ဖြစ်ပါသည်။

အမျိုးသားစာပေ တစ်သက်တာစာပေဆုရ စာရေးဆရာ ဆရာမကြီး ၃၁ ဦးတွင် ၁၁ ဦးမှာ ကွယ်လွန်ခဲ့ပြီး ၂၀ မှာ သက်ရှိထင်ရှားဆဲ ဖြစ်ပါသည်။ ယင်းသက်ရှိထင်ရှား စာပေပညာရှင် ၂၀ တွင် အသက်အရွယ်အားဖြင့် အကြီးဆုံးမှာ ဆရာကြီး ဦးလေးမြိုင် (လေးမြိုင်) ဖြစ်ပြီး ယခုအခါ အသက် ၉၇ နှစ်ရှိပြီ ဖြစ်ပါသည်။

အမျိုးသားစာပေတစ်သက်တာဆု စတင်ချီးမြှင့်သည့် ၂၀၁၁ ခုနှစ်တွင် ဆရာကြီးပါရဂူက ဦးဦးဖျားဖျားရရှိခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ဆရာကြီးမောင်ထင်၊ ၂၀၁၃ ခုနှစ်တွင် ဆရာကြီးငွေမောင်နှင့် ၂၀၁၄ ခုနှစ်တွင် ဆရာကြီးဦးလေးမြိုင်တို့ ရရှိပါသည်။


**စာပေအားဖြင့် သာသနာပြု**


အမျိုးသားစာပေ တစ်သက်တာဆု ရရှိချိန်တွင် ဆရာကြီးဦးလေးမြိုင်သည် အသက် ၈၁ နှစ်အရွယ်ရှိပြီ ဖြစ်ပါသည်။ ဆရာကြီးသည် သုတ၊ ရသ စာပေနှစ်မျိုးကို ပိုင်နိုင်စွာ ရေးဖွဲ့နိုင်သူဖြစ်ပြီး မြန်မာစာပေနယ်တွင် အောင်မြင်သောစာရေးဆရာ အယ်ဒီတာအဖြစ် ကျင်လည်ရပ်တည်နိုင်ခဲ့သူ ဖြစ်ပါသည်။ အထူးသဖြင့် ဆရာကြီးသည် မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာထွန်းကားရေးကို စာပေအားဖြင့် သာသနာပြုခဲ့သူဟု ဆိုပါကလည်း မှားမည်မဟုတ်ပါ။ မြန်မာစာပေပညာရှင်များတွင် ဗုဒ္ဓစာပေများကို သာမန်ဗုဒ္ဓဘာသာဝင်တစ်ဦး ဖတ်ရှုနားလည်အောင်ရေးသားသူ စာရေးဆရာကြီးများအထဲတွင် ဆရာကြီးသည် တစ်ဦးအပါအဝင် ဖြစ်ပါသည်။ ဆရာကြီးသည် ထိုခေတ်က ဆရာ ဇွေဥဒေါင်း၊ ဆရာသုခ၊ ဆရာပါရဂူ၊ ဆရာဦးအေးမောင် (စာပေဗိမာန်)၊ ဆရာဦးရွှေအောင်၊ ဆရာဦးသော်ဇင်၊ ဆရာဆန်းထွန်း (မန်းတက္ကသိုလ်)၊ ဆရာဓမ္မာစရိယ ဦးဌေးလှိုင်၊ ဆရာအံ့မောင် (မဟာဝိဇ္ဇာ-ဘုံဘေ)၊ ဆရာနှစ်ဖက်လှ စသည့်စာရေးဆရာကြီးများနှင့်အတူ ဗုဒ္ဓစာပေများကို ရေးသားခဲ့ရာ ယခုအချိန်တိုင်အောင်ပင် ဖြစ်ပါသည်။


**စာပေမွေ့လျော်**

ဆရာကြီးကို ၁၉၂၄ ခုနှစ် စက်တင်ဘာလ ၂၁ ရက်တွင် မိတ္ထီလာခရိုင် သာစည်မြို့နယ် ဟံဇားရွာကြီးတွင် အဖ ဦးပေါ်မြိုင်၊ အမိ ဒေါ်လေးကြီးတို့က မွေးဖွားခဲ့သည်။ ငယ်နာမည်မှာ မောင်အောင်ဖေဖြစ်သည်။ မောင်အောင်ဖေသည် ဟံဇားဘုန်းတော်ကြီးကျောင်းတွင် ရှင်သာမဏေဝတ်ခဲ့ပြီး ကိုရင် “အာစာရ” ဘွဲ့ကို ရရှိသည်။ ထိုမှတစ်ဖန် အသက် ၁၉ နှစ် ၃ လတွင် ရဟန်းခံ၍ ဦးပဥ္စင်း “အာစာရ” ဖြစ်လာခဲ့သည်။ ငယ်စဉ် ဘုန်းကြီးကျောင်းသားဘဝကပင် စာဖတ်ဝါသနာပါခဲ့သူဖြစ်သည်။ ၁၆ နှစ်အရွယ် ကိုရင် “အာစာရ” ဘဝတွင် စစ်ရိပ်စစ်ငွေ့ကြောင့် ဘုန်းကြီးကျောင်းတွင် လာရောက်သိမ်းဆည်းထားသော ဟံဇားရွာစာကြည့်တိုက်မှ စာအုပ်သေတ္တာကြီးနှစ်လုံးကို မွှေနှောက်ဖတ်ရှုခွင့်ရရာမှ စာပေမွေ့လျော်စိတ်ထက်သန်နိုးကြားလာခဲ့သည်။ ဒဂုံမဂ္ဂဇင်း၊ သူရိယမဂ္ဂဇင်း၊ တိုးတက်ရေးမဂ္ဂဇင်း၊ ဟံသာဝတီမဂ္ဂဇင်း၊ နဂါးနီဂျာနယ်၊ ဂျာနယ်ကျော်တို့ကို ဖတ်ရှုခဲ့သည်။ မဂ္ဂဇင်းနှင့် ဝတ္ထုများကို ဖတ်ရှုရာမှ စာရေးဆရာများကို လေးစားအားကျလာပြီး ကိုယ်တိုင်စာရေးချင်စိတ် ဖြစ်ပေါ်လာခဲ့သည်။

စာရေးဆရာကြီး မဟာဆွေ၊ သခင်ကိုယ်တော်မှိုင်းတို့၏ စာအုပ်များ၊ မြို့မဆရာဟိန် ဘာသာပြန်သည့် စာအုပ်များ၊ သခင်နု၊ သခင်စိုး၊ သခင်ဘသောင်းတို့၏ နိုင်ငံရေးစာအုပ်များ၊ ဆရာပီမိုးနင်းနှင့် ဦးပဂျီငိုတို့၏ တက်ကျမ်းစာအုပ်များကို ဖတ်ရှုခဲ့သည်။ ဘုန်းကြီးပျံပွဲ၊ မီးထွန်းပွဲ စသည်တို့အတွက် သံချပ်များ၊ ယေဉ်ကျူးသီချင်းများ၊ ကဗျာလင်္ကာများ၊ ဇာတ်စာများရေးကာ ကလောင်သွေးခဲ့သည်။ ထိုမှ အာဇာနည်နေ့ တစ်နှစ်မြောက် အထိမ်းအမှတ်အတွက် “စန်းယုအောင်” ကလောင်အမည်ဖြင့် ပေးပို့သော “မမေ့တဲ့နိုင်” ဆောင်းပါးသည် မန္တလေး သူရိယသတင်းစာတွင် ပထမဆုံး ပုံနှိပ်စာလုံးအဖြစ် ဖော်ပြခြင်း ခံခဲ့ရသည်။ စစ်ပြီးခေတ်တွင် ရဟန်းဘဝဖြင့် မန္တလေးမြို့တွင် နေထိုင်လျက် ပရိယတ္တိစာပေများ၊ ပဋိပတ္တိစာပေများကို ဆက်လက်သင်ကြားရင်း တစ်ဖက်မှလည်း ကလောင်သွေးခဲ့သည်။ ဆရာကြီးမဟာဆွေရေးသားသည့် “ဘိုးဝဇီရ” ၏ စာအုပ်ကို ဖတ်မိပြီး လွန်စွာစိတ်ဝင်စားကာ ဘိုးဝဇီရ၏အကြောင်းကို လေ့လာပြီး ဘိုးဝဇီရ၏ အကြောင်းနှင့် တိမ်မြုပ်နေသော သူ၏ စာပေလက်ရာများကို စုစည်းလျက် မိမိကိုယ်ပိုင်အရင်းအနှီးဖြင့် “ဘိုးဝဇီရစာပေ” စာအုပ်ကို အသက် ၂၆ နှစ်အရွယ်တွင် ကလောင်အမည် “စန်းယုအောင်” ဖြင့် ရေးသားထုတ်ဝေခဲ့ပါသည်။ ထို့နောက် အသက် ၂၉ နှစ်အရွယ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိပြီး လူဝတ်လဲကာ စာပေများရေးသားလျက် စာပေလောကတွင်းသို့ ရောက်ရှိခဲ့လေသည်။




**စာပြင်ပညာကို သင်ကြား**

အသက်မွေးဝမ်းကျောင်းမှုအတွက် စာပြင်ပညာကို သင်ကြားပြီး ဆရာကြီး ဦးရန်အောင်၏ အကူအညီဖြင့် မြဝတီပုံနှိပ်တိုက်တွင် စာပြင်လုပ်ငန်းကို လေ့လာခွင့်ရခဲ့သည်။ ရှုမဝ၊ ငွေတာရီ၊ မြဝတီ၊ ပေဖူးလွှာမဂ္ဂဇင်းများနှင့် ကြေးမုံသတင်းစာတို့၌ စာပြင်ဆရာအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် မြဝတီမဂ္ဂဇင်းတိုက်၌ စာပြင်ဆရာအဖြစ် ခန့်အပ်ခြင်းခံခဲ့ရပြီး ထိုမှ ငွေတာရီမဂ္ဂဇင်းတိုက်တွင် စာပြင်၊ လက်ထောက်အယ်ဒီတာ၊ တာဝန်ခံအယ်ဒီတာအဖြစ်မှ ၁၉၇၇ ခုနှစ်တွင် မြဝတီပုံနှိပ်တိုက် တစ်တိုက်လုံး၏ ဒုတိယအယ်ဒီတာချုပ်တာဝန်ကို ထမ်းဆောင်ခဲ့ပြီး ၁၉၈၇ ခုနှစ်တွင် သက်ပြည့်အငြိမ်းစားယူခဲ့ပါသည်။

ဆရာကြီးသည် ဖဆပလခေတ် ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဖရင့်က ကျင်းပသည့် ငြိမ်းချမ်းရေးနှင့် လူမျိုးပေါင်းစုံ ချစ်ကြည်ရေး ကဗျာပြိုင်ပွဲတွင် တတိယဆု ရရှိခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် ကျေးဇူးသစ္စာမြတ်ပဏ္ဏာအဖွဲ့၏ ဂုဏ်ပြုမှတ်တမ်းတင်ဆု၊ ၂၀၀၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ ၂၀၀၅ ခုနှစ်တွင် ဓမ္မဗိမာန် တစ်သက်တာစာပေဆုတို့ကို ချီးမြှင့်ခြင်းခံခဲ့ရပြီး ၂၀၁၂ ခုနှစ်တွင် နိုင်ငံတော်က ချီးမြှင့်သော စည်သူဘွဲ့ကို ရရှိခဲ့သည်။

**ဘာသာရေးလုံးချင်းစာအုပ်များထုတ်ဝေ**

ဆရာကြီးသည် အလုပ်တာဝန်၊ စာပေတာဝန်များ ထမ်းဆောင်နေရင်းမှပင် ဘာသာရေးဆောင်းပါးများ ရေးသားခဲ့ရာ ဘာသာရေး လုံးချင်းစာအုပ်များကိုလည်း ထုတ်ဝေနိုင်ခဲ့ပါသည်။ အငြိမ်းစားယူပြီးသည့်နောက် ၁၉၉၀ ပြည့်နှစ်တွင် “ဓမ္မရံသီမဂ္ဂဇင်း” နှင့် ၁၉၉၅ ခုနှစ်တွင် “ဓမ္မရတနာ ဓမ္မမဂ္ဂဇင်း” တို့တွင် အယ်ဒီတာချုပ်အဖြစ် တာဝန်ယူစီစဉ် ထုတ်ဝေခဲ့ပါသည်။

စာပြင်ဆရာဘဝတွင် စာရေးဆရာမျိုးစုံ၏ လက်ရေးပေါင်းစုံနှင့် ထိတွေ့လေ့လာခဲ့ရသဖြင့် စာရေးနည်းပညာကို မှတ်သားသင်ယူနိုင်ခဲ့ပြီး အယ်ဒီတာဘဝရောက်သောအခါလည်း သူတွေ့လိုမြင်လိုသော စာရေးဆရာများနှင့် ရင်းနှီးကျွမ်းဝင်ခဲ့ကာ သူတို့ထံမှ စာရေးဆရာ၊ အယ်ဒီတာဆိုင်ရာ ပညာများစွာရရှိခဲ့သည်ဟု ဆိုပါသည်။ ထိုခေတ်အခါက မြန်မာနိုင်ငံ၏ ဝါရင့်နာမည်ကြီး စာရေးဆရာများဖြစ်ကြသည့် ရွှေဥဒေါင်း၊ ဒဂုန်ရွှေမျှား၊ ဟံသာဝတီဦးဘရင်၊ ရွှေစကြာ၊ တက်တိုး၊ သာခု၊ ရန်ကုန်ဘဆွေ၊ ဗန်းမော်တင်အောင်၊ မင်းအောင်၊ ဂျာနယ်ကျော် မမလေး၊ အောင်ဗလ စသည့်ပုဂ္ဂိုလ်များသည် ဆရာကြီး၏ အယ်ဒီတာစားပွဲသို့ ဝင်ထွက်သွားလာမှု များခဲ့ကြသည်။ ဆရာကြီးနှင့်အတူ ဆရာရန်အောင်၊ ဆရာဇဝန၊ ဆရာတက္ကသိုလ်နန္ဒမိတ်၊ ဆရာမင်းယုဝေ၊ ဆရာဌေးမောင်၊ ဆရာမင်းရှင်၊ ခင်မောင်အေး (မန္တလေး)၊ ဗိုလ်မှူးမြသိန်း စသူတို့သည် မြဝတီနှင့် ငွေတာရီစာပေတိုက်တို့တွင် စာပေတာဝန်များ လက်တွဲထမ်းဆောင်ခဲ့ကြသည်။ ဆရာကြီးသည် ဝါရင့် ဝါနုကလောင်မရွေးဘဲ စာရေးဆရာများ၊ ပန်းချီဆရာများ၊ ကာတွန်းရေးဆရာများ၊ စာမူလာပို့သူများ မည်သူ့ကိုမဆို စေတနာထား ဆက်ဆံကူညီခဲ့သူဖြစ်သည်။ မြဝတီစာပေတိုက် ဒုတိယအယ်ဒီတာချုပ် တာဝန်ထမ်းဆောင်နေချိန်တွင် မြဝတီစာပေတိုက်ကထုတ်ဝေသော တေဇ၊ တို့ကျောင်းသား၊ မိုးသောက်ပန်း စာစောင်များနှင့် လုံးချင်းစာအုပ်များကို အရည်အသွေးပြည့်မီစွာ ထုတ်ဝေနိုင်ရေးကို ကြိုးပမ်းခဲ့ပြီး လူငယ်တို့အကြိုက် “မိုးသောက်ပန်း” ဂျာနယ်အမည်ကို ဆရာကြီးက ပေးခဲ့သည်ဟု သိရပါသည်။

စာပြင်ဆရာဘဝတွင် ဆရာကြီးက “စာပြင်ဆရာစားပွဲသည် စာသမားအတွက် တန်ဖိုးမဖြတ်နိုင်သော နေရာတစ်ခုဖြစ်သည်။ တက္ကသိုလ်ကျောင်းကြီး တစ်ကျောင်း၊ စာကြည့်တိုက်ကြီး တစ်တိုက်ကဲ့သို့ ပညာလေ့လာဆည်းပူးရာ ဘူမိနက်သန်ကြီးဖြစ်၏။ စာရေးဆရာကြီးများ၏ စာမူများတွင် ပြင်ဆင်ချက်များကိုဖတ်ရင်း ဆရာကြီးများ၏ အတွေးများကို လိုက်၍ ဖမ်းမိသည်။ အဘယ်ကြောင့် မူရင်းရေးထားသည်ကို ပြင်ဆင်ဖြည့်စွက်လိုက်ကြောင်း မှန်းဆပြီး နားလည်သွားသည်။ ဆရာကြီးတွေက စာရေးနည်းကို ကိုယ်တိုင်လာသင်ပေးနေသကဲ့သို့ပင်” ဟူ၍ဖော်ပြခဲ့ကြောင်း ဆရာမ မသန်းသန်း (မန်းတက္ကသိုလ်)၏ “လေးမြိုင်၊ စာပေသတ္တိဖြင့် ရှင်သန်သူ” စာအုပ်ထဲတွင် ဖတ်ရှုခဲ့ရသည်။ စာပြင်ဆရာအလုပ်၏ တန်ဖိုးနှင့် အလုပ်လုပ်ကိုင်ရင်း ပညာဗဟုသုတကိုပါ ကျွဲကူးရေပါ ရရှိစေသည့် စာပေအလုပ်ကို ဖော်ပြထားရာ ကျွန်မတို့လူငယ်အယ်ဒီတာများအတွက် အရေးပါသည့် သတင်းစကားနှင့် အတုယူဖွယ်အကောင်းဆုံးပညာရှာဖွေမှု နည်းနာပင်ဖြစ်သည်။

ဆရာကြီးသည် စာပြင်ဆရာဘဝမှ ငွေတာရီတိုက်၏ လက်ထောက်အယ်ဒီတာဘဝသို့ ရောက်ရှိသည့်အခါ မိမိစာရေးသင်စက မရခဲ့သော အခွင့်အရေးများ၊ တစ်နည်းအားဖြင့် ကြိုးစား၍ ချဉ်းကပ်ရှာဖွေခဲ့ရသော ပညာရပ်များကို အလားအလာကောင်းသော ကလောင်သစ်များအား အိတ်သွန်ဖာမှောက် ပေးတော့၏။ မဂ္ဂဇင်းတွင် အသုံးမပြုသော စာမူများကို စာမူရှင်ထံ ပြန်ပေးရာတွင် ဆရာကိုယ်တိုင် အသေအချာရှင်းပြပြီး စာမူရှင်စိတ်အားမငယ်ရန်လည်းအားပေးစကားပြောသေးသည်။ ပြင်ဆင်ပေးလျှင် အသုံးပြုနိုင်မည့် စာမူများတွေ့လျှင် သူက ယူထားပြီး စာမူရှင်ရောက်လာလျှင် သူ့စာမူကို ပြန်ပေးပြီး လိုအပ်သည်တို့ကို ထောက်ပြသည်။ တစ်ခါတစ်ရံ မင်နီဖြင့် ပြင်ဆင်ဖြည့်စွက် နုတ်ပယ်လုပ်ထားသောစာမူကိုပေးပြီး ထိုအတိုင်း ပြန်ရေးခိုင်းသည်။ နယ်မှဖြစ်၍ စာပေတိုက်သို့ ကိုယ်တိုင် မလာနိုင်ကြသူ၊ ပြင်ဆင်တည်းဖြတ်ပေးလျှင် တိုးတက်လာနိုင်သူများ၏ စာမူများပေါ်တွင် မင်နီဖြင့် ပြင်ဆင်ပေးကာ အကြံပေးချက်၊ မှတ်ချက်များ စိတ်ရှည်လက်ရှည် ရေးပြီး စာတိုက်မှ ပြန်ပို့ပေးခဲ့သည်။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

စာရေးနည်း စာပေးစာယူသင်တန်းဟု သတ်မှတ်လျှင်ပင် ရနိုင်သည်ဟု ဆိုခဲ့သည်။ ဆရာကြီး၏ ကလောင်သစ်များအပေါ်တွင် မေတ္တာစေတနာထားကာ ပြုစုပျိုးထောင်ပေးသည့် စေတနာကို မြင်တွေ့နိုင်သကဲ့သို့ အယ်ဒီတာတာဝန်ကို လွန်စွာကျေပွန်သူအဖြစ် လေးစားအားကျမိပါသည်။ ဆရာကြီး အနှစ်သက်ဆုံးစာအုပ်များမှာ ကြည့်ကန်ရှင်ကြီးမေတ္တာစာ၊ ကိုးခန်းပျို့ (ရှင်မဟာရဋ္ဌသာရ)၊ မဃဒေဝလင်္ကာ (မန်လည်ဆရာတော်)၊ ဓမ္မစေတီ(သခင်ကိုယ်တော်မှိုင်း)၊ ကြီးပွားချမ်းသာရေး (ဦးပဂ္ဂိုလ်)၊ ပြည်တွင်းလှဲ့လှဲ့ (စစ်ကိုင်းဦးဘိုးသင်း)၊ အဘိဓမ္မတ္ထ ဝိဘာဝနီကျမ်း (အရှင်သုမင်္ဂလသာမိ)၊ ဗေဒါလမ်း (ဇော်ဂျီ)၊ ပန်းနှင့် ပင်စည် (မင်းသုဝဏ်) နှင့် နန်းခလေ့မှတ်တမ်း (မြကေတု)တို့ ဖြစ်သည်ဟု သိရပါသည်။

## ကလောင်ခွဲ ၁၆ ခု ရှိ

ဆရာကြီးသည် စာအမျိုးအစားမျိုးစုံ ရေးသားသူဖြစ်ပြီး ဆောင်းပါးပုဒ်ရေ ၁၅၀ ကျော်၊ ဝတ္ထုပုဒ်ရေ ၅၀ ကျော်၊ ကဗျာပုဒ်ရေ ၄၀ ကျော်၊ လုံးချင်းစာအုပ်ခြောက်အုပ်၊ အမှာစာ ၅၀ ကျော် ရေးသားပြုစုခဲ့ပါသည်။ ကလောင်အမည်များမှာ စန်းယုအောင်၊ လေးမြိုင်တို့အပြင် ဦးလေးမြိုင်၊ အယ်ဒီတာချုပ်တစ်ဦး၊ ကြီးမြိုင်၊ ဦးကြီးမြိုင်၊ မာဏဝ၊ ပုဏ္ဏမီ၊ သုန္ဒရ၊ လက္ခဏ၊ ကြတ္တိကာ၊ စောရုံသီ၊ ဘိုးဘိုးမြိုင် အပါအဝင် ကလောင်ခွဲ ၁၆ ခု ရှိပါသည်။

ဆရာကြီးသည် အတွေးအမြင်ကဗျာများ၊ မြန်မာ့ကျေးလက်ဓလေ့ဖွဲ့ကဗျာများနှင့် ငြိမ်းချမ်းရေး၊ သွေးစည်းညီညွတ်ရေးကဗျာများ စသည့်ကဗျာများစွာကို ရေးဖွဲ့ခဲ့သကဲ့သို့ လူမှုဘဝဆိုင်ရာ၊ ရှင်ရဟန်းဘဝ၊ လူပြန်တော်ဘဝဆိုင်ရာ၊ စာပြင်ဆရာ၊ အယ်ဒီတာ၊ စာပေအနုပညာသမားဘဝဆိုင်ရာ၊ မိဘမေတ္တာဖွဲ့ဆိုင်ရာ စသည့်လောကသဘာဝ၊ လူ့သဘာဝဖွဲ့ ဝတ္ထုတိုများစွာကိုလည်း ရေးသားခဲ့သည်။

ဆရာကြီးသည် ဗုဒ္ဓဘာသာဝင်ဟု အမည်ခံယူထားသူတို့၏ အယူအမြင်မှားယွင်းမှုများ၊ ယုံကြည်ကိုးကွယ်မှုလွဲမှားနေမှုများကို ထောက်ပြပြုပြင်ပေးသည့် ဓမ္မစာပေများ ရေးသားပြုစုစီစဉ်ထုတ်ဝေခဲ့ပါသည်။ ဆရာကြီးရေးသားပြုစုခဲ့သော လုံးချင်းစာအုပ်ပေါင်း ခုနစ်အုပ် ရှိပါသည်။ ယင်းစာအုပ်များမှာ ဘိုးဝဇီရစာပေ၊ ဗုဒ္ဓ၏ ဥပမာတစ်ထောင်၊ ထေရီထေရာ၊ ဗုဒ္ဓ၏ ဝါဒစစ်ပွဲများ၊ မဟော်သဓဖြေတ်ထုံး၊ လောကကြေးမုံနှင့် မျက်နှာဖုံးအဖွင့် စာအုပ်တို့ ဖြစ်ကြသည်။ ယင်းစာအုပ်များကို ဖတ်ရှုလေ့လာကြည့်လျှင် ဓမ္မရေးရာစာအုပ်များက အများစုဖြစ်သည်ကို တွေ့ရှိရပါသည်။

ဓမ္မာစရိယဦးဌေးလှိုင်က “ဆရာဦးလေးမြိုင်ဟာ ထေရဝါဒနှင့်ပတ်သက်လို့ မြန်မာနိုင်ငံမှာ အကျယ်ပြန့်ဆုံး၊ အတွင်ကျယ်ဆုံး၊ အကျယ်လောင်ဆုံး နှိုးဆော်ပြီး ဗုဒ္ဓဘာသာဝင်တွေ အသိမှန်အမြင်မှန်ရကြပါစေဆိုပြီး ဆောင်ရွက်နေသူပါ...” ဟု ဆရာကြီး၏ ဘာသာရေးဆောင်ရွက်ချက်များကို ထုတ်ဖော်ပြောဆိုခဲ့ပါသည်။

**ဆရာကြီးဦးလေးမြိုင်သည် မိမိဘဝ တစ်သက်တာလုံး စာပေဖြင့် မွေ့လျော်လျက် ပြည်သူများအတွက် ဗဟုသုတအလင်းနှင့် အမျိုးဘာသာ သာသနာနှင့် စာပေထွန်းကားရေးကို စာရေးဆရာအဖြစ် လည်းကောင်း၊ အယ်ဒီတာအဖြစ် လည်းကောင်း အားထုတ်ထွန်းညှိပေးခဲ့သူဖြစ်**

ဆရာကြီးရေးသားသည့် “ဗုဒ္ဓ၏ ဥပမာတစ်ထောင်” စာအုပ် (၁၉၇၂)တွင် ပိဋကတ် သုံးပုံ၊ သို့မဟုတ် နိကာယ် ၅ ရပ်ကို အစီအစဉ်ကျအောင် ပြုပြင်မွမ်းမံလျက် ယင်းတို့အတွင်းပါရှိသည့် ဗုဒ္ဓ၏ ဥပမာစကားကောင်းများကို ရွေးချယ်ရေးသားထားပါသည်။ ဗုဒ္ဓမြတ်စွာဘုရားသည် လောကကောင်းကျိုးအတွက် အမှန်တရားကို ညွှန်ပြရာတွင် ဥပမာများဆောင်၍ ပြတော်မူလေ့ရှိသည်။ လောကလူ့ဘောင်ကို နည်းညွှန်လမ်းပြပြုခဲ့ကြသော အသိပညာရှင်အဆက်ဆက်တို့သည်လည်း ဗုဒ္ဓ၏ ဥပမာများကိုယူ၍ ဆင့်ပွားသုံးနှုန်းခဲ့ကြပါသည်။ လူသားတို့ မျက်မှောက်ဘဝ အောင်မြင်မှုများ ရရှိစေရန်သာမက သံသရာတစ်လျှောက် အကျိုးရှိစေရန် ရည်ရွယ်၍ ဆရာကြီးသည်လည်း ပိဋကတ်မြန်မာပြန်စာအုပ်ကြီးပေါင်း များစွာအတွင်းမှ ဗုဒ္ဓ၏ အဆိုအမိန့်ပေါင်း တစ်ထောင်ကို ရွေးနုတ်၍ ဖတ်ရှုလေ့လာနာယူသူများ လွယ်ကူရှင်းလင်းစေရန် မြန်မာစကားပြေ အရေးအသားဖြင့် ထိုဥပမာများကို ထိမိအောင် ဖော်ကျူးတင်ပြရေးသားခဲ့ရာ လွန်စွာတန်ဖိုးရှိလှသော စာအုပ်ဖြစ်ပါသည်။

ဆရာကြီးလေးမြိုင်ရေးသားခဲ့သည့် စာအုပ်များအတွင်း၌ “ထေရီထေရာ” စာအုပ်မှာ စာဖတ်သူများအတွက် ဓမ္မစာပေကောင်းဖြစ်သည်။ ဗုဒ္ဓမြတ်စွာဘုရား၏ သားတပည့်များဖြစ်သည့် ထေရီ ၁၄ ပါး၊ ထေရာ ၄၂ ပါးတို့၏ ဖြစ်ရပ်ဇာတ်လမ်းများ၊ မြွက်ဆိုသည့် ဥပမာစကားကောင်းများ၊ ရည်ရွယ်ချက်ပန်းတိုင်များကို ဖော်ပြရေးသားထားပါသည်။ အမှန်ကို မြင်ကြ သိကြသဖြင့် စည်းစိမ်ဥစ္စာ အာဏာရာထူးဟူသမျှ တပ်မက်တွယ်တာမှု မရှိဘဲ စွန့်နိုင်ခဲ့သည်ကို စွန့်၍ ပြုနိုင်ခဲ့သည်ကို ပြုကြသော ထေရီထေရာ အရှင်မြတ်တို့၏ ဖြစ်ရပ်တို့ကို ဖတ်ရှုသိရှိခြင်းဖြင့် အကျိုးကျေးဇူးများစွာ ပေါ်ထွန်းနိုင်သည်။ ထိုအရှင်မြတ်တို့ကို စံယူနှိုင်းတု၍ စူးစမ်းဆင်ခြင်ဉာဏ်နှင့် အမြင်မှန်၊ အသိမှန် ရရှိရေး အခြေခံကို ဆုပ်ကိုင်ဖမ်းယူလျက် အေးငြိမ်းချမ်းသာကို ရရှိခံစားနိုင်မည်ဟု စာရေးသူ၏ စေတနာကို စာအုပ်၏ “ဥပမာ မဉ္ဇရီ” ၌ ဖော်ပြထားသည်ကို တွေ့ရသည်။

“လောကကြေးမုံ” စာအုပ်၌လည်း လူ့ဘဝ အနှစ်သာရကို ရှာဖွေ၍ မိမိနှင့် မိမိပတ်ဝန်းကျင်ကို ကောင်းကျိုးဆောင်နိုင်သူများဖြစ်ကြရန် ကျမ်းကြီးကျမ်းငယ်များအတွင်းမှ လောကကြေးမုံပြင်တွင် ထင်လာပေါ်လာသော ကောင်းသူ ဆိုးသူတို့၏အကြောင်း နိမိတ်ပုံ အရိပ်စုံကို ရေးသားထားပါသည်။ “လောကကြေးမုံ” ဟု ခေါင်းစီးတပ်ကာ စာအုပ်အဖွင့်၌ ရေးသားထားသည့် ကဗျာလေးကပင် ရသပေါ်လွင်လှပါသည်။

“အကျိုးအကြောင်း၊ ဆိုးအကောင်းနှင့်
အဟောင်း အသစ်၊ ဖြစ်ပျက်ခြင်းရာ
ဤလူ့ရွာ၌၊ ထင်လာနိမိတ်၊
ကြေးမုံရိပ်ဝယ်
အစိပ်အကျဲ၊ အမည်း အဖြူ
အပူ အအေး၊ နီးဝေး ထက်အောက်
ဖြောင့်–ကောက် တွင်း–ပြင်၊
ပီပီထင်၏
ဆင်ခြင်တွေးဆ၊ သိလိုက်ရသော်
လောကအမြင် ရှင်းလိမ့်မည်။” ဟူ၍ ဖြစ်ပါသည်။

မိမိ စာပေနယ်အတွင်းသို့ စတင်ဝင်ရောက်ချိန်တွင် ဗဟုသုတအတွေ့အကြုံ၊ မှီခိုစရာမရှိဘဲ အခက်အခဲများစွာကို ရင်ဆိုင်ခဲ့ရသဖြင့် ကိုယ်တိုင်အယ်ဒီတာဖြစ်သည့်အခါတွင် စာပေနယ်တွင်း ဝင်ရောက်လာသူ ကလောင်နုရင့် မရွေးဘဲ ကိုယ်ချင်းစာစိတ်နှင့် ကူညီပေးခဲ့သည်။ ဆရာ၏ စေတနာထား ဆောင်ရွက်ပေးခဲ့မှုဖြင့် ယနေ့အထိ အောင်မြင်နေသော စာရေးဆရာ ဆရာမများစွာ ပေါ်ထွက်ခဲ့ကြောင်း သိရှိရပါသည်။

## ဆရာကြီး၏ စာပေစိတ်

ဆရာကြီး၏ စာပေစိတ်နှင့် ကလောင်သစ်လူငယ်လေးများအပေါ် ထားရှိသော စေတနာများကို ဆရာလယ်တွင်းသားစောချစ်က “ဆရာသည် စာပေဥယျာဉ်ကြီးထဲမှ ဥယျာဉ်မှူးကောင်း အယ်ဒီတာဖြစ်သည်။ ပန်းပျိုးပင်များကို စိုက်ပျိုးပေါင်းသင်မြေဆွ ပြုစုပျိုးထောင်ပေးခဲ့သည်။ ဖြစ်လာနိုင်သည့် ကလောင်များကို ဖြစ်အောင် စောင့်ရှောက်ခဲ့သည်။ သိသိမသိသိ လူပုဂ္ဂိုလ်မျက်နှာကိုမကြည့်၊ ရေးလက်ကိုကြည့်သည်။ အယ်ဒီတာ၏ အတွေ့အကြုံအရ သိသည်။ ကိုယ်တိုင်စာရေးသူဖြစ်၍လည်း ခံစားနားလည်သည်...” ဟူ၍ ဆရာ၏ အယ်ဒီတာစေတနာကို ရေးသားမှတ်တမ်းပြုခဲ့သည်။

ထိုနည်းတူ ဆရာကြီး မောင်ခင်မင် (ဓနုဖြူ) ကလည်း “... ဆရာ့ကို တည်ငြိမ်အေးချမ်းသောအသွင်ဖြင့် အမြဲတွေ့ရသည်။ ဆရာကလည်း ငွေတာရီအတွက် ကျွန်တော်ရေးသော ဆောင်းပါးများကို ကြိုဆိုမြဲဖြစ်သည်။ ဆောင်းပါးနှင့်စပ်လျဉ်း၍ ပြောစရာရှိလျှင် ပြောသည်။ အထူးသဖြင့် မြန်မာစာပေဆိုင်ရာ ဆောင်းပါးများ ရေးနေသည်ကို ဝမ်းသာကြောင်း ဆရာ့စကားများက ဖော်ပြနေသည်။ မအောင်မြင်သေးသော ကျွန်တော့်လို ကလောင်ငယ်တစ်ယောက်အဖို့ ဆရာတို့လို အယ်ဒီတာများ၏ အားပေးစကားများမှာ စာဆက်ရေးချင်အောင် တွန်းအားပေးသော အားဆေးများ ဖြစ်ပါသည်...” ဟူ၍ ဆရာ့ကျေးဇူးကို ဖော်ပြရေးသားခဲ့သည်။

ဆရာကြီးသည် ထေရဝါဒဗုဒ္ဓဘာသာဆိုင်ရာ အသိအမြင် ပီပြင်ကြည်လင်စေရေးနှင့် ယုံကြည်ကိုးကွယ်မှုဆိုင်ရာ အယူဝါဒနှင့် အလှည့်အလိမ် မခံကြရစေရေးဟူသော ရည်ရွယ်ချက်ဖြင့် “ဓမ္မရံသီ ပေါင်းချုပ် ဓမ္မစာစု” များကို စီစဉ်ထုတ်ဝေခဲ့ပါသည်။ ဆရာကြီး အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်သည့် ဓမ္မရံသီမဂ္ဂဇင်းတွင် ပါဝင်ခဲ့သည့် ဓမ္မစာပေပညာရှင်များ၏ ဆောင်းပါးများကို လက်ရွေးစင်ရွေးချယ်၍ စုစည်းထုတ်ဝေထားခြင်း ဖြစ်ပါသည်။ စာပေဖြင့် သာသနာပြုရန် ထောင့်ပေါင်းစုံမှ ကြိုးစားသည့် ဆရာကြီး၏ စေတနာကို လေးစားတန်ဖိုးထားမိပါသည်။

ဆရာကြီးသည် ဓမ္မစာပေရေးသားပြုစုသူတို့၏ ကလောင်စွမ်းရည်ကို အလေးအမြတ် ဂုဏ်ပြုပူဇော်လိုသည့်အပြင် ဓမ္မဝါဒဖော်ဆောင်ရေး၊ အဓမ္မဝါဒတားဆီးရေးနှင့် ကိုးကွယ်မှုအယူအမြင် စင်ကြယ်မှန်ကန်ရေးတို့ကို ရည်ရွယ်လျက် မိမိ၏ ကိုယ်ပိုင်ချွေးနှဲစာ၊ စာပေမိတ်ဆွေ၊ ဓမ္မမိတ်ဆွေများ၏ လှူဒါန်းငွေတို့ကို စုဆောင်းလျက် “လေးမြိုင်ဓမ္မပူဇာစာပေဆု” ကို ချီးမြှင့်ပေးခဲ့သည်မှာ နဝမအကြိမ် ရှိပြီ ဖြစ်ပါသည်။

နဝမအကြိမ် လေးမြိုင်ဓမ္မပူဇာစာပေဆုချီးမြှင့်ပွဲနှင့် ဓမ္မဝါဒဖော်ဆောင်ရေးအဖွဲ့က ကျင်းပသော ထေရဝါဒဓမ္မစာမူဆု ချီးမြှင့်ပွဲ အခမ်းအနားကို ၂၀–၆–၂၀၂၂ ရက် နေ့လယ် ၁:၀၀ နာရီတွင် မယ်လမုဘုရား အဘိဓမ္မာခန်းမ၌ ကျင်းပခဲ့ရာ အသက် ၉၇ နှစ်အရွယ် ဆရာကြီး ကိုယ်တိုင် တက်ရောက်ချီးမြှင့်ခဲ့သည်ကို တွေ့ရသဖြင့် ဆရာကြီး၏ စာပေစိတ် ထက်သန်မှုစွမ်းရည်ကို ချီးကျူးဂုဏ်ပြုမိပါသည်။

ကျွန်မသည် ဖခင်ကြီး၏ စာအုပ်စင်မှတစ်ဆင့် ဆရာကြီး၏ စာပေအချို့ကို ဖတ်ရှုခွင့် ရရှိခဲ့ပါသည်။ အထူးသဖြင့် ဆရာကြီး အယ်ဒီတာချုပ်အဖြစ် စီစဉ်ထုတ်ဝေခဲ့သည့် “ဓမ္မရံသီမဂ္ဂဇင်း”၊ “ဓမ္မရတနာမဂ္ဂဇင်း” များ ဖြစ်ပါသည်။ စာပေဗိမာန်ရုံးတွင် အလုပ်ဝင်ရောက်သောအခါ ဆရာကြီးနှင့် လူကိုယ်တိုင်မဟုတ်သော်လည်း ဆရာကြီး၏ မိတ်ဆွေတပည့်များဖြစ်ကြသည့် စာပေပညာရှင်ကြီးများမှတစ်ဆင့် ဆရာကြီး၏အကြောင်းများကို ကြားသိရပြီး စိတ်တွင် ရင်းနှီးခဲ့ရပါသည်။ နောင်တွင် စာပေဗိမာန်၏ စာပေကိစ္စအကြောင်းများဖြင့် ဆရာကြီး၏ အိမ်သို့ သွားရောက်ခွင့်ရခဲ့ရာ ဆရာကြီးကို တွေ့မြင်ရသည့်အခိုက် ဆရာကြီး၏ တည်ငြိမ်အေးချမ်းမှု၊ ဓမ္မစာပေနှံ့စပ်မှု နှင့် ရိုးသားဖြူစင်မှုတို့မှာ တပည့်သား မြေးတို့ လေးစားအားကိုး ကြည်ညိုဖွယ်အဆင်း သဏ္ဌာန်မှာ ထင်ရှားပေါ်လွင်လှကြောင်း ကိုယ်တိုင်တွေ့ဆုံ သိရှိခဲ့ရပါသည်။

၂၀၁၈ ခုနှစ်တွင် ဆရာမ မသန်းသန်း–မန်းတက္ကသိုလ်(ရွှေသဇ္ဈာ) က ဆရာကြီး၏ဘဝအတ္ထုပ္ပတ္တိကို “လေးမြိုင်၊ စာပေသတ္တိဖြင့် ရှင်သန်သူ” အမည်ဖြင့် ရေးသားပြီး Wisdom House စာပေမှ ထုတ်ဝေခဲ့ရာ ၂၀၁၈ ခုနှစ်အတွက် အမျိုးသားစာပေ၊ စာပဒေသာဆုကို ချီးမြှင့်ခြင်းခံခဲ့ရပါသည်။ ထိုစာအုပ်သည် ဆရာကြီး၏ ငယ်စဉ်ဘဝမှ စတင်၍ ဆရာကြီး ဖြတ်သန်းခဲ့ရ သည့် ဘဝအထွေထွေ၊ တွေ့ကြုံခဲ့ရသည့် အတွေ့အကြုံအဖြာဖြာနှင့် လက်ရှိအသက်အရွယ်အထိ ဆောင်ရွက်နေဆဲ စာပေကိစ္စများ အပါအဝင် ဆရာကြီး၏ ဘဝဖြစ်စဉ်များကို ဖတ်ချင်စဖွယ် ရေးသားထားသည့် အတ္ထုပ္ပတ္တိစာအုပ်ဖြစ်သည်။ ထိုအတ္ထုပ္ပတ္တိစာအုပ်မှတစ်ဆင့် ဆရာကြီးကို ပိုမိုရင်းနှီးကာ ချစ်ခင်လေးစားမိပါသည်။ ဆရာကြီး၏ ဘဝဖြတ်သန်းမှုနှင့် စာပေခရီးများကို ဖတ်ရှုလေ့လာခြင်းမှတစ်ဆင့် ကျွန်မတို့ ရှေ့ဆက်အားထုတ်ရမည့် အယ်ဒီတာဘဝအတွက် စာပေလေ့လာမှုခွန်အားသာမက ဘဝခွန်အားများကိုလည်း တိုးတက်စေခဲ့ပါသည်။

## ဇရာ၏ဒဏ်ကို ကြံ့ကြံ့ခံ ဖြတ်သန်း

ဆရာကြီးတွင် သားသမီး နှစ်ဦးထွန်းကားခဲ့ရာ သား ဦးကြီးမြိုင် (ဌာနမှူး၊ သင်တန်းရေးရာ (ငြိမ်း)၊ နိုင်ငံခြားဘာသာတက္ကသိုလ်၊ မန္တလေး) နှင့် သမီး ဒေါက်တာဥမ္မာမြိုင်၊ ဌာနမှူး၊ မြန်မာစာဌာန၊ ဆေးတက္ကသိုလ် – ၂၊ ရန်ကုန်တို့ ဖြစ်ကြပါသည်။ ယခုအခါ ဆရာကြီးသည် သတိတရားကောင်းမွန်စွာဖြင့် ဇရာ၏ဒဏ်ကို ကြံ့ကြံ့ခံ ဖြတ်သန်းလျက် ဇနီးဒေါ်စန်းမြင့်၊ သမီး ဒေါက်တာဥမ္မာမြိုင် မိသားစုနှင့်အတူ မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ်တွင် နေထိုင်လျက်ရှိပါသည်။

ဆရာကြီးဦးလေးမြိုင်သည် မိမိဘဝ တစ်သက်တာလုံး စာပေဖြင့် မွေ့လျော်လျက် ပြည်သူများအတွက် ဗဟုသုတအလင်းနှင့် အမျိုးဘာသာ သာသနာနှင့် စာပေထွန်းကားရေးကို စာရေးဆရာအဖြစ် လည်းကောင်း၊ အယ်ဒီတာအဖြစ် လည်းကောင်း အားထုတ်ထွန်းညှိပေးခဲ့သူ ဖြစ်ပါသည်။ ဆရာကြီးဦးလေးမြိုင် အသက် ၁၂၀ တိုင်အောင် ကျန်းမာသက်ရှည်စွာဖြင့် ဓမ္မစာပေများ ဆက်လက်ရေးသား၍ စာပေဖြင့် သာသနာပြုနိုင်ပါစေကြောင်း မေတ္တာပို့သလျက် လေးမြတ်စွာ ဂါရဝပြုရေးသားအပ်ပါသည်။

**ကိုးကားသည့် စာအုပ်စာရင်း**

**၁။ လေးမြိုင်၏ ဘဝနှင့် စာပေ၊ ဒေါ်ဥမ္မာမြိုင်၊ ပါရဂူဘွဲ့ကျမ်း၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်၊ ၂၀၂၀**

**၂။ လေးမြိုင်၊ စာပေသတ္တိဖြင့် ရှင်သန်သူ၊ မသန်းသန်း(မန်းတက္ကသိုလ်)၊ ၂၀၁၈**

**၃။ ၂၀၀၄ ခုနှစ်အတွက် အမျိုးသားစာပေဆု လက်ကမ်းစာအုပ်၊ ၂၀၀၄၊ စာပေဗိမာန်**

**၄။ လေးမြိုင်၏စာစုစာရင်း (၁၉၄၈–၂၀၀၈)၊ ကျော်မျိုးခိုင်၊ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်နှင့် သုတပညာဒီပလိုမာဘွဲ့ ကျမ်းငယ်**

**၅။ ဆရာကြီးရေးသားခဲ့သည့် စာအုပ်များ**

# တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ထံ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၉**

အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019(COVID–19) ရောဂါကာကွယ်ရေး အထောက်အကူဖြစ်စေရန်အတွက် တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့သို့ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၌ ပြုလုပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ခိုင်ချိုနှင့် အဖွဲ့ဝင်များ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ရောဂါကာကွယ်ရေးပစ္စည်းများဖြစ်သည့် Mask ဘူး ၅၀၊ PPE ဝတ်စုံ ၁၀ စုံ၊ Face Sheild ၅၀၊ Hand Gel ဘူး ၄၀ နှင့် လက်အိတ် ၁၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# မင်းတပ်မြို့နယ်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်

**နေပြည်တော် ဇူလိုင် ၉**

ချင်းပြည်နယ် မင်းတပ်မြို့နယ်တွင် ရပ်ရွာလူထုများအတွက် ကနဦး အရေးပေါ်အထောက်အပံ့များအဖြစ် ဆန်အပါအဝင် အစားအသောက်များ၊ တစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်း၊ စောင်၊ ဆေးစိမ်ခြင်ထောင်၊ မိသားစုသုံးပစ္စည်း၊ လက်ဆွဲရေပုံး၊ ပလတ်စတစ်ဖျာ၊ အမျိုးသမီးတစ်ကိုယ်ရည် သန့်ရှင်းရေးသုံးပစ္စည်း၊ မိသားစုသုံးရေစစ်၊ နေရောင်ခြည်စွမ်းအင်သုံးမီးအိမ်၊ တာပေါ်လင်၊ ကိုဗစ်–၁၉ ကာကွယ်ရေးအတွက် လက်သန့်ဆေးရည်နှင့် နှာခေါင်းစည်းများအပါအဝင် ပစ္စည်းစုစုပေါင်း ၁၇ မျိုးနှင့် ဆေးပစ္စည်းများကို အိမ်ထောင်စု ၄၈၂ စု၊ လူဦးရေ ၁၉၉၀ တို့အတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဌာနချုပ်မှ ညွှန်ကြားရေးမှူး ဒေါ်အေးအေးငြိမ်း ဦးဆောင်သော ဝန်ထမ်းများနှင့် မကွေးတိုင်းဒေသကြီးမှ ကြက်ခြေနီစေတနာ လုပ်အားရှင်များ စုစုပေါင်း ၁၄ ဦးတို့သည် ဇူလိုင် ၃ ရက်မှ ၈ ရက်အထိ သွားရောက်ဖြန့်ဝေကူညီထောက်ပံ့ခဲ့သည်။



ထို့ပြင် မင်းတပ်မြို့နယ် ကိုဗစ်ကာကွယ် တားဆီးရေးကော်မတီသို့လည်း #chinstate ဆေးရည်များနှင့် Surgical Mask များ ပေးအပ်ခဲ့သည်။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အနေဖြင့် ထိခိုက်ခံစားရသော ရပ်ရွာလူထုများအတွက် လိုအပ်သည့် လူသားချင်း စာနာထောက်ထားမှု အကူအညီများကို ဆက်လက်ပေးနိုင်ရန် ကြိုတင်ပြင်ဆင်မှုများနှင့် ညှိနှိုင်းမှုများကို ဆောင်ရွက်လျက်ရှိသည်။

ဝင်းအောင် (MRCS)

# ဟသ်ာတမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဝန်ထမ်း ၅၀၀ အား ထိုးနှံ

**ဟသ်ာတ ဇူလိုင် ၉**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်း မပြုရသေးသည့် နိုင်ငံ့ဝန်ထမ်းများအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို ဇူလိုင် ၉ ရက် နံနက် ၉ နာရီက ဦးအောင်မြတ်ကျော်ဘုရားဝင်းရှိ သီရိမင်္ဂလာတန်ဆောင်း၌ စတင်ထိုးနှံပေးလျက်ရှိသည်။

ယင်းသို့ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများက ကြီးကြပ်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့၊ စေတနာလုပ်အားရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းများကို စနစ်တကျ ထိုးနှံပေးခဲ့ကြသည်။

အဆိုပါ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို ဟသ်ာတမြို့တွင် စတုတ္ထအကြိမ် ထိုးနှံပေးခြင်းဖြစ်ကာ ဆေးထိုးနှံခြင်းမပြုရသေးသည့် အခြေခံပညာ၊ အဆင့်မြင့်ပညာနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုစုပေါင်း ၅၀၀ ကို ပထမအကြိမ်အဖြစ် နှစ်ရက်ခွဲကာ တစ်နေ့လျှင် ၂၅၀ နှုန်းဖြင့် ထိုးနှံပေးသွားမည်ဖြစ်ပြီး ယခုအကြိမ် ကိုဗစ်–၁၉ ကာကွယ်ဆေးမှာ China BIBP Sinopharm ဆေးအမျိုးအစားဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ကိုဇော် (ပြန်/ဆက်)



# ပုသိမ်ခရိုင်၊ မြောင်းမြခရိုင်နှင့် လပွတ္တာခရိုင်များအတွင်းရှိ မြို့များသို့ နှာခေါင်းစည်းများ သွားရောက်ပေးဝေလှူဒါန်း

**နေပြည်တော် ဇူလိုင် ၉**

အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 COVID–19 ရောဂါ ကာကွယ်ရေး အထောက်အကူဖြစ်စေရန်အတွက် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့၊ ကန်ကြီးထောင့်မြို့၊ ကျုံပျော်မြို့၊ ရေကြည်မြို့၊ မြောင်းမြခရိုင် မြောင်းမြမြို့၊ အိမ်မဲမြို့၊ လပွတ္တာခရိုင် လပွတ္တာမြို့နှင့် မော်လမြိုင်ကျွန်းမြို့များရှိ လူစည်ကားရာ ဘုရားစေတီများ၊ ဈေးများ၊ လမ်းများ၌ ဒေသခံပြည်သူများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ တပ်နယ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်အတူ နှာခေါင်းစည်း ၂၃၀၀၀ ကို ဒေသခံပြည်သူများ၏ လက်ဝယ်အရောက် အခမဲ့သွားရောက်ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဟိုပုံးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးအတွက် နှာခေါင်းစည်းများဖြန့်ဝေ

**ဟိုပုံး ဇူလိုင် ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ကိုဗစ်–၁၉ ရောဂါကာကွယ်တားဆီးရေးအတွက် နှာခေါင်းစည်းများဖြန့်ဝေခြင်းကို ဇူလိုင် ၉ ရက် နံနက် ၈ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ ပြည်ထောင်စုလမ်းမကြီးတွင် ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့နှင့် စေတနာ့ဝန်ထမ်းအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က နှာခေါင်းစည်းများ ဖြန့်ဝေပေးခဲ့ကြသည်။

ဆက်လက်၍ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်းနှင့် တာဝန်ရှိသူများက ခရီးသွားပြည်သူများနှင့် ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား နေအိမ်မှအပြင်သို့ ထွက်ခွာသည့်အချိန်တိုင်း၊ လူစည်ကားရာနေရာများသို့ သွားလာသည့်အချိန်တိုင်း နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်ကြရန်နှင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ပြည်သူများအား အသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။

ဟိုပုံးခရိုင် (ပြန်/ဆက်)

## မုတ်သုံလေ အားကောင်းမည်

**နေပြည်တော် ဇူလိုင် ၉**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းမည်။

မိုး/ဇလ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၀-၇-၂၀၂၁ စနေနေ့

**MRTV**

**၀၆:၀၀** ရတနသုတ်ပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** အောက်မေ့အခါခါ သတိတရများစွာ တည်ရှိရာ ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်(ရန်ကုန်)မှာ
**၀၉:၄၅** ဆင်နွဲ့ချိန်ခါမင်္ဂလာတေးသံသာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** အာရှမြေသို့ကျူးကျော်ပေါက်ရောက်လာသည့်အပင်များ
**၁၁:၄၅** တိုင်းရင်းသားရိုးရာအစားအစာ ချက်ပြုတ်နည်းများ
**၁၃:၀၅** မြန်မာနိုင်ငံအရေးအလေးအနက်တွေးသူတစ်ဦးရဲ့စကားသံများ **'ဦးမိုးဟိန်းနှင့်တွေ့ဆုံခြင်း'** (အပိုင်း-၆၁)
**၁၃:၄၀** MRTV National News
**၁၆:၃၅** ပုံပြင်ကမ္ဘာအစီအစဉ် **'ကလေးတို့အတွက် ထူးဆန်းတဲ့ စာအိတ်လေးတစ်အိတ်'**
**၁၇:၁၅** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
**၁၇:၃၀** MRTV Travelogue
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၁၅** သုတဝေဖြာသိရိဂေဟာ
**၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အမှန်တရားရဲ့လျှို့ဝှက်ချက်'** (အပိုင်း-၃)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၂:၀၀** ရိုးရာယဉ်ကျေးမှုထင်ဟပ်ပေါ်လွင် မြန်မာတို့၏အနုသုခုမသဘင် **'ဓိတရှုးပြဇာတ်'** (အပိုင်း-၂)

**mitv**

**07:01** News
**07:27** Great Shwedagon - Nine Wonders Around The Platform Of Shwedagon Pagoda
**07:40** Mt. Naw Bu Baw
**07:49** Fantastic Orchid Garden From The Flower City
**08:01** Weekly Review
**08:16** Myanmar Delicate Artistic Handy Creations - Lacquer Ware Making
**08:41** Bagan Choral Dance
**08:47** Myanmar Masterclass: Artist Than Kywe
**09:01** Products of Myanmar - Mya Setkyar Pure Silk Fabric From Inle Lake
**09:16** Betel Nut Farmer
**09:28** Travelogue: To the coastal region (Myeik - Kawthoung) (Part-2)
**10:01** Making a Living as Horticulturist

**MRTV NRC**

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ခြင်းတောင်းရက်လုပ်ခြင်းလက်မှုပညာ
**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ကယားဘာသာစကားပြောကြရအောင် (အပိုင်း-၁)
**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ရသေ့ပျံဂူသို့အလည်တစ်ခေါက်
**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ဖြစ်တည်ရာဘဝမှာ အကောင်းဆုံးကြိုးစားသူ
**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ဝါခေါင်လဖြစ်တည်ရာချည်မြှုပ္ပွဲမင်္ဂလာ
**ချင်း (ဖလမ်း) (၁၃:၀၀ မှ ၁၄:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၈)
**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
ဝဥစိုက်ပျိုးခြင်း
**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
မွန်ရိုးရာထိမ်းမြားမင်္ဂလာ
**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ပွိုင့်ကမ်းခြေသို့အလည်သွားကြမယ်
**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင်(အပိုင်း-၁)
**ဝ (၂၁:၀၀ မှ ၂၂:၀၀)**
ကဏန်းချဉ်စပ်ချက်စားရအောင်

**MRTV Sports**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၁၆:၀၀** ၂၀၂၁ခုနှစ် တိုင်းနှင့်ပြည်နယ် အသက်(၂၁)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲစကားသံများ

MRTV Farmers' Channel MRTV FARMERS' CHANNEL ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm
t.me/mrtvnews
www.twitter.com/mrtvwebportal
SCAN ME





## မုတ်သုံလေ အားနည်း

နေပြည်တော် ဇူလိုင် ၉

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး၊ ကျန် ဘင်္ဂလား ပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

မိုး/ဇလ

# ကျေးလက်နေပြည်သူများအတွက် ဝါးအခြေခံလက်မှုထည်ပြုလုပ်နည်းသင်တန်းဖွင့်

နေပြည်တော် ဇူလိုင် ၉

ဝါးအခြေခံ လက်မှုထည်ပြုလုပ်နည်း သင်တန်းကို ရေးမြို့နယ် သာယာကုန်းကျေးရွာတွင် ဇူလိုင် ၅ ရက်မှစတင်ကာ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

အဆိုပါ သင်တန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစား စက်မှုလက်မှုဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး ရေးမြို့နယ် သာယာကုန်း၊ ပရမ်မော်နှင့် စိန်ကြီးကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူ ၂၀ အား ၁၅ ရက်ကြာ အခမဲ့သင်ကြားပေးနေခြင်းဖြစ်သည်။

ထို့အပြင် သာယာကုန်း၊ ပရမ်မော် ကျေးရွာရှိ အိမ်ထောင်စု ၁၇၂စုအား ငွေကျပ် ၄၁ ဒသမ ၇ သန်း၊ သဃ်န်းကျွန်းကျေးရွာရှိ အိမ်ထောင်စု ၆၉ စု အတွက် ငွေကျပ် ၃၄ ဒသမ ၅ သန်း ထုတ်ချေးပေးထားပြီး အဆိုပါ မြစ်မိုးရောင်စီမံကိန်း အတိုးရငွေများဖြင့် ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း၊ ရေတွင်း၊ ရေကန်များ တူးဖော်ခြင်း၊ ရေစင်တည်ဆောက်ခြင်း၊ အိမ်တိုင်ရာရောက် ရေမီတာစနစ်ဖြင့် ရေဖြန့်ဝေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သျှားထက် (သတင်းစဉ်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၉ - ၇ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၉၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၉၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၉၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၉၆၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၀၀ | ကျပ် | ၁၀၂၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၃၀ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၂၀ | ကျပ် | ၁၀၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၄၀ | ကျပ် | ၁၁၃၀ | ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၄၆ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၄၉ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၁၅ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၆၁၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၉၆ . ၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၉၂ . ၇၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၅၃ . ၉၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၀၆၂ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၂၀ | ၄၇၆၃၀၀ |
| MTSH | ၃၅၅၀ | ၃၅၅၀ | ၁၃၆ | ၁၇၈၀၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၁ | ၇၈၀၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၅၀၀ | ၁၀၀၀၀၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၃၂၅၀ | ၃၂၅၀ | ၁၂၀ | ၃၉၀၀၀၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၁ | ၄၉၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း** - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-**စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ဇာတ်တော်ကြီးဆယ်ဘွဲ့

# မဟောသဓဇာတ်တော်

**မြတ်မင်းလှိုင်**

*(ယမန်နေ့မှအဆက်)*

ထို့နောက် အမရာဒေဝီသည် အိမ်တွင်း၌ လူလေးငါးယောက် နေသာရုံ တွင်းတူးစေပြီး မစင်များအပြည့်ထည့်၍ အိမ်ထဲမှ နင်းသာအောင် ယန္တရားပျဉ်ဖုံးတပ်ဆင်ကာ ကဲလားကာရံထားလေသည်။ အချိန်ရောက်လျှင် သေနကအမတ်ရောက်ရှိလာ၏။ အမရာဒေဝီက အမတ်ကြီးအား ရေချိုးရန် ယန္တရားပျဉ်ပေါ်သို့ ခေါ်ဆောင်သွား၏။ သေနကအမတ်ကြီး ပျဉ်ပေါ်သို့ရောက်သောအခါ အမရာသည် အကြောင်းကိစ္စဖြင့် အပြင်ထွက်သယောင်ပြုကာ ယန္တရားပျဉ်ကို နင်းလိုက်ရာ သေနကအမတ်ကြီးလည်း မစင်တွင်းကျလေသည်။ ပက္ကုသအမတ်၊ ကာမိန္ဒအမတ်၊ ဒေဝိန္ဒအမတ်တို့အားလည်း အလားတူစွာပင် မစင်တွင်းသို့ ကျရောက်စေလေသည်။ အမတ်ကြီးလေးဦးတို့သည် မစင်တွင်း၌ရပ်လျက် တစ်ညဉ့်လုံးနေကြရလေသည်။ နံနက်လင်းသောအခါ အမရာဒေဝီသည် အစေခံများကိုခေါ်၍ အမတ်လေးဦးအား မုတ်ဆိတ်ရိတ်ကာ အဝတ်လုံရုံမျှဆင်စေပြီး တစ်ကိုယ်လုံးကို ကော်ရည်သုတ်၍ ဂွမ်းများကပ်စေကာ ဖျာလိပ်ခေါင်း၌ တစ်ယောက်စီသွင်းစေ၏။ ထို့နောက် ပတ္တမြားဆံကျင်စသော မင်းတန်ဆာလေးခုကိုလည်း ကမ္ပည်းနှင့်တကွ အမတ်ကြီးလေးဦးတို့ကို ဖျာလိပ်ကိုယ်စီနှင့်တကွ ထမ်းရွက်စေပြီး နန်းတော်သို့ဝင်လေသည်။ မင်းကြီးအား မျောက်ဖြူလေးကောင်နှင့် ပဏ္ဏာလက်ဆောင်များ ဆက်သပါကြောင်း တင်လျှောက်လေသည်။ ဖျာလိပ်လေးခုကို ဖွင့်စေသောအခါ အမတ်ကြီးလေးဦးကို တွေ့ရသည်။ ထိုအခါ အမရာဒေဝီက အမတ်ကြီးလေးဦးတို့ မင်းကြီး၏တန်ဆာများကို ခိုးယူပုံနှင့် မဟောသဓအပြစ်မရှိပုံတို့ကို ရှင်းလင်းတင်လျှောက်လေသည်။ အမတ်ကြီးလေးယောက်တို့ ကြီးစွာအရှက်ရလေသည်။ မင်းကြီးသည် မဟောသဓရန်ပြုလာပါက ယင်းသုခမိန်လေးဦးသာ တိုင်ပင်ရမည်ကို တွေးတောမိက အမတ်လေးယောက်တို့အား ခွင့်လွှတ်လိုက်လေသည်။

မဟောသဓသုခမိန်သည် ဒိက္ခဏယဝမဇ္ဈဂုံးရွာ၌ နေသောကာလ၌ မင်းကြီး၏ ရာဇပလ္လင်ထီးချက်စောင့်နတ်သမီးသည် ညဉ့်အခါ၌ ထီးချက်ကိုဖွင့်၍ မင်းကြီးအား ပြဿနာလေးရပ်ကို မေးလေသည်။ ထိုပြဿနာလေးရပ်မှာ (၁) လက်ခြေတို့ဖြင့် မျက်နှာကို ပုတ်ခတ်ခြင်းကိုခံရလျက် ချစ်ခင်နှစ်သက်ခြင်းမပျက် နှစ်သက်ကြရသူကား အဘယ်သူနည်း။ (၂) ဆဲရေးခြင်းကို မလိုလားသော်လည်း စိတ်ရှိတိုင်း ဆိုမြည်ဆဲဆိုသော်လည်း ချစ်မြတ်နိုးသူကား အဘယ်သူနည်း။ (၃) တစ်ဦးနှင့်တစ်ဦး မဟုတ်မမှန်သောစကားဖြင့် အပြန်အလှန်စွပ်စွဲ၏။ သို့သော်လည်း ချစ်မြတ်နိုးခြင်းရှိလေသည့်သူကား အဘယ်သူနည်း။ (၄) ထမင်း၊ အထည်၊ အဝတ်၊ အိပ်ရာနေရာတို့ကို ယူဆောင်သော်လည်း ချစ်မြတ်နိုးခြင်းရှိလေသည်သူကား အဘယ်သူနည်းဟူ၍ ဖြစ်လေသည်။

မင်းကြီးလည်း နောက်တစ်နေ့ မိုးလင်းသောအခါ သုခမိန်လေးဦးတို့အား မေး၍ဖြေဆိုပါမည်ဟုဆိုကာ ဆိုင်းငံ့စေ၏။ နံနက်လင်းသော် အမတ်ကြီးတို့အား ပြဿနာလေးရပ်ကို ဖြေစေသည်။ အမတ်လေးယောက်တို့သည် ဖြေဆိုနိုင်ခြင်းမရှိ၍ မင်းကြီးသည် ပြင်းစွာနှလုံးမသာစွာဖြင့် ထီးချက်စောင့်နတ်သမီးအား အမတ်လေးယောက်တို့ မသိနိုင်ကြကြောင်း ပြောကြားလေသည်။ ထိုအခါ ထီးချက်စောင့်နတ်သမီးသည် ဤပြဿနာလေးရပ်ကို မဟောသဓမှ တစ်ပါးမည်သူမျှ ဖြေဆိုနိုင်မည်မဟုတ်ကြောင်း မဟောသဓအားမေး၍ ဖြေလော့၊ ဖြေဆိုနိုင်ခြင်းမရှိက မင်းကြီး၏ ဦးခေါင်းကို ရှစ်စိတ်ကွဲအောင် ရိုက်မည်ဟု ခြိမ်းခြောက်၍ ပျောက်ကွယ်သွားလေသည်။

> **လျှို့ဝှက်အပ်သောအမှုကို လျှို့ဝှက်မှုသာကောင်း၏၊ ရွှေအိုးကို သူတစ်ပါးမခိုးနိုင်အောင် လုံခြုံစွာစောင့်ရှောက်သကဲ့သို့ မိမိလျှို့ဝှက်ချက်ကို လိုအပ်သော အမှုမပြီးသေးသမျှ မည်သူ့အားမျှ အသိမပေးသင့်၊ သိသူက မိမိကို မကောင်းပြုတတ်၏။ လျှို့ဝှက်အပ်သောအမှုကို မိန်းမ၊ မချစ်မနှစ်သက်သောသူ၊ လာဘ်ပေး၍ဖြားယောင်း အဆွေခင်ပွန်းဖွဲ့တတ်သူ၊ စိတ်ထားမကောင်းသော်လည်း နှုတ်ချိုသူတို့အား လျှို့ဝှက်အပ်သောစကားကိုပြောမိက လျင်မြန်စွာ အမှုဖြစ်တတ်၏။**

နံနက်လင်းသော်မင်းကြီးသည် အမတ်လေးဦးတို့အား မဟောသဓကို ရှာဖွေခေါ်ဆောင်စေသည်။ မဟောသဓ၏ တရားစကားကိုနာယူပြီး ထီးချက်စောင့် နတ်သမီးအမေးပုစ္ဆာလေးရပ်ကို မေးမြန်းလေသည်။ ပထမမေးခွန်းသည် နှစ်လသုံးလရှိပြီးသော သားနှင့်မိခင်ဖခင်ကိုဆိုလိုကြောင်း၊ ထိုသားငယ်အား မိခင်သည် ရင်ခွင်၌ နို့တိုက်သောအခါ သားငယ်သည်မိခင်အား ခြေလက်ဖြင့်မျက်နှာ၊ ရင်တို့ကို ကန်ကျောက်ရိုက်ပုတ် ဆံပင်ကိုဆွဲသော်လည်း ချစ်ခင်ကြင်နာခြင်းမပျက်ဟု ဆိုလိုခြင်းဖြစ်ကြောင်း ဖြေကြားသည်။ ဒုတိယမေးခွန်းမှာ အမိသည် ခုနစ်နှစ်ရှစ်နှစ်အရွယ်အရောက် သားအားခိုင်းစေသည့်အခါများတွင် သားငယ်သည် စေခိုင်းသည့်အတိုင်း လိုက်နာခြင်းမရှိ၍ အမိကဝါးခြမ်းစိတ်ဖြင့် ရိုက်ဟန်ပြုသည့်အခါ သားငယ်သည် ဆဲရေးလျက် လွတ်ရာပြေးလေသော်လည်း အမိသည် သားငယ်ကိုချစ်မြဲသာဖြစ်သည်ကို ဆိုလိုကြောင်း ဖြေကြား၏။ တတိယမေးခွန်းသည် လင်နှင့်မယားကို ဆိုလိုကြောင်း လင်မယားနှစ်ယောက်တို့သည် ဆိတ်ကွယ်ရာအရပ်၌ တစ်ဦးနှင့်တစ်ဦး မနာလိုမနှစ်သက်အောင်မုန်းဟန်ဆောင်၍ ပြုကြသော်လည်း တစ်ဦးကိုတစ်ဦးလွန်စွာကြင်နာချစ်ကြလေခြင်းကို ဆိုလိုကြောင်း ဖြေကြားလေသည်။ စတုတ္ထမေးခွန်းမှာ တရားစောင့်သော ရဟန်း၊ ပုဏ္ဏားတို့ကို ဆိုလိုကြောင်း၊ ထိုသို့သော ရဟန်း၊ ပုဏ္ဏားတို့အား လူတို့သည် ပေးလှူကြ၏။ ပေးလှူသောပစ္စည်းများကို ထိုပုဂ္ဂိုလ်များ သုံးဆောင်တိုင်း အလွန်နှစ်သက်မြတ်နိုးကြသည်ကို ဆိုလိုကြောင်း ဖြေကြားလေသည်။ မဟောသဓ၏အဖြေများကို ကြားရလျှင် ထီးချက်စောင့်နတ်သမီးသည် ကောင်းချီးပေး၍ ရတနာပန်းကလပ်ဖြင့် မဟောသဓအား ပူဇော်လေသည်။ မင်းကြီးလည်း အတုမရှိသော စစ်သေနာပတိအရာ ချီးမြှောက်လေသည်။

မဟောသဓသည် သေနာပတိအရာရသည်ကြောင့် အတုမရှိသော စည်းစိမ်အခြံအရံ ဘုန်းကျက်သရေ တိုးတက်ပြန့်ပွားသည်ဖြစ်၍ အမတ်လေးဦးတို့သည် မဟောသဓအား ထိုစည်းစိမ်တို့မှ ပျက်စေရန် အကောက်ကြံကြပြန်သည်။ သေနကအမတ်သည် မဟောသဓအား လျှို့ဝှက်စကားကို မည်သူအားပြောသင့်သနည်းဟုမေးရာ မဟောသဓက မည်သူမျှမပြောထိုက်ကြောင်းဆို၏။ ထိုအခါ သေနကအမတ်နှင့် ကျန်အမတ်တို့သည် မင်းကြီးထံဝင်ရောက်ခစားကာ မဟောသဓသည် လျှို့ဝှက်အကြံရှိနေသည်ကို မည်သူ့အားမျှ ပြောကြားခြင်းမရှိကြောင်း စသည်ဖြင့် အကောက်ကြံ လျှောက်တင်ကြလေသည်။ မင်းကြီး မယုံကြည်ပါက ကိုယ်တော်တိုင်ခေါ်ယူမေးမြန်းရန်ကိုလည်း လျှောက်တင်ကြလေသည်။ မင်းကြီးလည်း တစ်နေ့သောညီလာခံ၌ အမတ်များ လျှို့ဝှက်အပ်သောစကားကို မည်သူ့အား ပြောသင့်သနည်းဟု မေးလေသည်။ သေနကအမတ်က မင်းကြီး၏အလိုကိုဦးစွာပြန်မေးရာ မင်းကြီးက မယားကောင်းအား တိုင်ပင်သင့်သည်ဟု မိန့်ကြားလေသည်။ ထိုအခါ သေနကအမတ်သည် မင်းကြီး၏ အလိုကျ အဆွေခင်ပွန်းကောင်းကို တိုင်ပင်သင့်ကြောင်း၊ ပက္ကုသအမတ်က ဖြောင့်မတ်သော သားချင်းပေါက်ဖော်အား တိုင်ပင်သင့်ကြောင်း၊ ကာမိန္ဒအမတ်က အဘနှင့်တူသော သားအား တိုင်ပင်သင့်ကြောင်း၊ ဒေဝိန္ဒအမတ်က အမိနှင့်အဘတို့အား တိုင်ပင်သင့်ကြောင်း စသည်ဖြင့် လျှောက်တင်ကြလေသည်။ မဟောသဓကမူ မိမိအပေါ် ကျရောက်လာမည့်အပြစ်ကိုမငဲ့ဘဲ မည်သူ့အားမျှ မပြောအပ်ကြောင်း ဟုတ်မှန်တိုင်းဖြေဆိုလေသည်။ မဟောသဓသုခမိန်၏ စကားကိုကြားလျှင် မင်းကြီးသည် သေနကအမတ် ကြိုတင်ကုန်းချောစကားနှင့်ညီသည်ဖြစ်၍ ယုံမှားသံသယဖြစ်ကာ နှလုံးမသာမျက်နှာမရွှင်ဖြစ်လေ၏။ သေနကအမတ်ကြီးကမူ ရွှင်လန်းသောမျက်နှာဖြင့် မင်းကြီးကို ကြည့်နေသည်ကို မဟောသဓသုခမိန်မြင်လေလျှင် မိမိအား အမတ်လေးဦး၏ အကောက်ဉာဏ်ဖြစ်သည်ကို သိရှိလေသည်။

ထိုအခါ မဟောသဓသုခမိန်သည် အမတ်လေးယောက်တို့၏ အကြံကို သိနိုင်ရန်အတွက် နန်းတော်မှထွက်လျှင် ၎င်းတို့လေးဦး နေ့တိုင်းမပြတ် တိုင်ပင်ပြောဆိုကြသည့် ထမင်းစားပွဲခုံအောက်သို့ ဝင်ရောက်၍နေလေသည်။ သေနကအမတ်သည် မင်းကြီးက နောက်တစ်နေ့ မဟောသဓနန်းတော်သို့ဝင်သည်နှင့် လုပ်ကြံရန် ၎င်းအား တာဝန်ပေးလိုက်သည်ကို အားရကျေနပ်စွာဖြင့် ထမင်းစားပွဲခုံသို့ ရောက်လာ၏။

အမတ်လေးဦးဆုံကြလျှင် ၎င်းတို့လျှောက်ထားချက်၏ အကြောင်းရင်းများကို ပြောကြားကြ၏။ သေနကအမတ်သည် တစ်ခါက ပြည့်တန်ဆာမတစ်ဦးနှင့် ပျော်ပါးပြီးနောက် ပြည့်တန်ဆာမကို

## မော်လမြိုင်ကျွန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အလှူငွေများလှူဒါန်း

**မော်လမြိုင်ကျွန်း ဇူလိုင် ၉**

မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသခြင်းလုပ်ငန်းများတွင် အသုံးပြုရန်အတွက် စေတနာရှင် အလှူရှင်များမှ မြို့နယ်ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိရာ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟဇော်မိသားစုနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူး မင်းထက်မှူးမိသားစုတို့က ငွေကျပ်တစ်သိန်းစီ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်ဦးတင်လှိုင်-ဒေါ်ညွန့်ညွန့်ကြည်(ရွှေနီလာရွှေဆိုင်)က ငွေကျပ် ၁၀သိန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးကိုကိုမောင်မိသားစုက ငွေကျပ်သုံးသိန်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူး ဦးအောင်နိုင်မိသားစုနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးဇော်မိသားစုတို့က တစ်သိန်းစီ၊ ဦးညွန့်လွင်-ဒေါ်ညိုညို (ထိပ်တန်းဆန်စက်နှင့် ပွဲရုံလုပ်ငန်း)က ငွေကျပ် ၃၄ သိန်း၊ ဦးကျော်မင်း-ဒေါ်ဝေဝေနွယ်(လမင်းသာစတိုး)က ငွေကျပ်ငါးသိန်း၊ စက်သုံးဆီလုပ်ငန်းရှင်များက ငွေကျပ်ငါးသိန်းတို့နှင့်အတူ စေတနာရှင်များ စုပေါင်းထည့်ဝင် လှူဒါန်းငွေမှာ စုစုပေါင်း ငွေကျပ် ၁၄၈ သိန်း ရှိပြီဖြစ်သည်။

မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီမှ အလှူရှင်များထံသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ချမှတ်ထားသော စည်းကမ်းချက်များနှင့်အညီ အလှူငွေများ သွားရောက်လက်ခံရယူပြီး ကိုဗစ်ကာကွယ်၊ ကုသရေးလုပ်ငန်းများတွင် စနစ်တကျ သုံးစွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီထံမှ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်၌ ကိုဗစ်-၁၉ ပိုးတွေ့အတည်ပြုလူနာ ယနေ့အထိ ၅၈ ဦး ရှိပြီဖြစ်ပြီး ဘုန်းတော်ကြီးတစ်ပါး ပျံလွန်တော်မူခဲ့ကာ ပိုးတွေ့လူနာများကို မြို့နယ်ခုတင်(၁၀၀)ဆေးရုံကြီးတွင် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်ထားရှိပြီး လူနာများသည်လည်း ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**သီတာအောင်**

(ပြန်/ဆက်)

သတ်ဖြတ်၍ တန်ဆာများကိုယူခဲ့သည်ကို ၎င်း၏နှုတ်စောင့်သော မိတ်ဆွေတစ်ဦးတည်းသာသိရှိခြင်းကို ဆိုလို၍ပြော၏။ ပက္ကုသအမတ်၏ ပေါင်၌ကုဋ္ဌနူနာရှိသည်ကို နှုတ်လုံသောညီတစ်ဦးသာ သိသည်ကို ရည်ရွယ်ကြောင်း ပြောကြားလေသည်။ ကာမိန္ဒအမတ်သည် တစ်လ တစ်ကြိမ် ဘီလူးဖမ်းနာစွဲ၍ ခွေးရူးကဲ့သို့ဖြစ်သည်ကို ၎င်း၏သား သိသော်လည်း နှုတ်လုံသည်ကို ရည်ရွယ်ကြောင်း ပြောကြား၏။ ဒေဝိန္ဒ အမတ်သည် မင်းကြီး၏ ပတ္တမြားကို ခိုးယူထားသည်ကို အမိကသိသော်လည်း နှုတ်လုံခြင်းကြောင့်ဟုဆို၏။ ထို့နောက် အမတ်လေးဦးတို့သည် နောက်တစ်နေ့တွင် မဟောသဓအား သုတ်သင်ရမည်ကို မမေ့လျော့ကြရန် အသီးသီးမှာကြားပြီး ပြန်ကြလေသည်။ မဟောသဓလည်း ကြားသိရသမျှတို့ကို မှတ်သားပြီး အိမ်သို့ပြန်ခဲ့လေသည်။ ထို့နောက် နန်းတော်ဝ၌ ထိုနေ့ညတွင် နန်းတော်ထဲမှထွက်လာသူကို တွေ့လျှင် မိမိထံအမြန်ခေါ်လာရန် ယုံကြည်ရသူတစ်ဦးအား မှာထား၏။

ထိုနေ့ညတွင် မင်းကြီးသည် မဟောသဓအားကွပ်မျက်ရန် သေနကအမတ်အား သန်လျက်အပ်မိသည်ကို နောင်တရကာ စက်မွေ့ရာ၌ နေ့တိုင်းကဲ့သို့ မအိပ်စက်နိုင် တွေမှိုင်မိန်းမောကာသာနေလေသည်။ မိဖုရားကြီးက မင်းကြီးနှလုံးမသာမယာဖြစ်နေရခြင်းကို မေးလျှောက်၏။ မင်းကြီးက အကြောင်းမှန်ကိုမိန့်ကြားလေလျှင် မိဖုရားကြီးသည် မင်းကြီးအားနှစ်သိမ့်ကာ အိပ်ပျော်စေလေသည်။ မင်းကြီးအိပ်ပျော်လေလျှင် မိဖုရားကြီးသည် မဟောသဓထံသို့ အကြောင်းကုန်စင်ကို စာရေးအသိပေးပြီး နံနက်တွင် နန်းတော်သို့မဝင်ရန် သတိပေးခဲ့လေသည်။ ယင်းစာကိုမိဖုရားကြီးသည် ကျွန်ယုံတစ်ဦးအား ကတွတ်မုန့်ထဲတွင် ထည့်၍ ပေးပို့စေခဲ့သည်။ ထိုကျွန်ယုံသည် နန်းတော်ဝတွင် အစောင့်ထားသောသူနှင့် တွေ့သဖြင့် မဟောသဓထံသို့ ပို့လေ၏။ မဟောသဓသည် မိမိသိပြီးကိစ္စဖြစ်သော်လည်း မိဖုရားကြီးက စိုးရိမ်ကြီးစွာ အကြောင်းကြားလာသဖြင့် မိဖုရားကြီး၏ကျေးဇူးတော်ကို ကြီးမားလှသည်ဟုမှတ်ယူပြီး ညင်သာစွာအိပ်လေ၏။

အမတ်လေးယောက်တို့သည် နံနက်စောစောပင် နန်းတော်တံခါးဝ၌ သန်လျက်ကိုစွဲ၍ မဟောသဓကို လုပ်ကြံရန်စောင့်ဆိုင်းနေကြသည်။ မဟောသဓသည် ရောက်မလာသဖြင့် နှလုံးမသာပြင်းစွာ စိုးရိမ်ခြင်းဖြင့် နန်းတော်သို့ဝင်ကြလေသည်။ မဟောသဓသည် နေအရုဏ်တက်သော အခါမှ ရထားမှဆင်းပြီး နန်းတော်ကိုရှိခိုးလေသည်။ ထိုအချိန်တွင် လေသာပြတင်းကိုဖွင့်လှစ်၍ အရှေ့တံခါးဝသို့ မျှော်ကြည့်နေသော မင်းကြီးသည် မဟောသဓ၏အပြုအမူကိုမြင်လေလျှင် မိမိအား လုပ်ကြံမည့်ရန်သူမဟုတ်ဟု ယုံကြည်သဖြင့် မဟောသဓအား နန်းတော်သို့ ဝင်စေလိုက်သည်။

မင်းကြီးက မဟောသဓအား အခစားနောက်ကျရခြင်းနှင့် နန်းတော်ကို ချက်ချင်းမဝင်ဘဲ တံခါးဝ၌ရပ်နေလျက် ခေါ်တော်မူမှ ဝင်ရခြင်းကို မေးမြန်းလေသည်။ မဟောသဓက အရှင်မင်းကြီးသည် လျှို့ဝှက်အပ်သောကိစ္စကို မိဖုရားကြီးအား ပြောကြားခဲ့၍ အကြံအစည်များကို သိရှိကာ မလာရောက်ဝံ့သဖြင့် နောက်ကျရပါကြောင်း တင်လျှောက်၏။ မင်းကြီးသည် မိဖုရားကြီးအား များစွာအမျက်ထွက်လေသည်။ ထိုအခါ မဟောသဓက မိဖုရားကြီးမပြောလည်း အမတ်ကြီးလေးဦး၏ လျှို့ဝှက်ချက်များကအစ သိရှိကြောင်းကို ယမန်နေ့က ထမင်းစားပွဲ၌ အမတ်ကြီးလေးဦးတို့ တိုင်ပင်ပြောဆိုကြသည်များကို ရှင်းလင်းတင်လျှောက်လေသည်။

မင်းကြီးလည်း အမတ်လေးယောက်တို့အားစစ်ဆေးရာ အမှန်ဖြစ်သည်ကို သိရှိရလျှင် နှောင်အိမ်တွင်း သွင်းထားစေလေသည်။ မဟောသဓသည် လျှို့ဝှက်အပ်သောအမှုကို လျှို့ဝှက်မှသာကောင်း၏၊ ရွှေအိုးကို သူတစ်ပါးမခိုးနိုင်အောင် လုံခြုံစွာစောင့်ရှောက်သကဲ့သို့ မိမိလျှို့ဝှက်ချက်ကို လိုအပ်သောအမှုမပြီးသေးသမျှ မည်သူ့အားမျှ အသိမပေးသင့်၊ သိသူက မိမိကိုမကောင်းပြုတတ်၏။ လျှို့ဝှက်အပ်သောအမှုကို မိန်းမ၊ မချစ်မနှစ်သက်သောသူ၊ လာဘ်ပေး၍ဖြားယောင်း အဆွေခင်ပွန်းဖွဲ့တတ်သူ၊ စိတ်ထားမကောင်းသော်လည်း နှုတ်ချိုသူတို့အား လျှို့ဝှက်အပ်သောစကားကိုပြောမိက လျင်မြန်စွာ အမှုဖြစ်တတ်၏။ လျှို့ဝှက်အပ်သောအမှုကို သူတစ်ပါးသိရှိသည်မှစပြီး မိမိအား ပြင်းစွာထိတ်လန့်ခြင်း ဖြစ်စေ၏။ တိုင်ပင်အပ်သောအမှုကို ယုံကြည်ရသူတို့နှင့် တိုင်ပင်လိုသော် နေ့အခါ၌ဖြစ်စေ၊ ဆိတ်ကွယ်ရာအရပ်၌သာ တိုင်ပင်အပ်၏။ ထို့ကြောင့် လျှို့ဝှက်အပ်သော စကားဟူသည် သူတစ်ပါးမသိစေရအောင် လုံ့လသတိရှိစေသင့်သည့်ဟု ပညာရှိတို့ကျင့်ထုံးကျင့်စဉ်ကို ပြည့်ညွှန်ဟောကြားလေသည်။ မင်းကြီးလည်း မဟောသဓ၏စကားကိုကြားလျှင် အမတ်လေးယောက်တို့အား မြို့ပြင်ထုတ်ပြီး ကွပ်မျက်ရန် အမိန့်ချမှတ်လေသည်။



မဟောသဓသေခမိန်သည် အမတ်လေးဦးတို့၏ မာန်စွယ်ကို နုတ်ပယ်ပြီးနောက် မင်းကြီးအား မင်းတို့ကျင့်ရာဆောင်ရာ တရားလမ်းကြောင်း ထုံးဟောင်းဥပဒေကိုညွှန်ပြကာ ထီးနန်းစည်းစိမ်၌သာ ကြောင့်ကြမဲ့ စိတ်နှလုံးချမ်းမြေ့စွာ စိုးစံတော်မူစေ၏။ ပြည်ထဲရေးရာတို့မှာ မိမိ၏ တာဝန်ဖြစ်ကြောင်းကြံစည်ပြီးလျှင် မြို့ကို အသစ်ချဲ့ထွင်၍ မြို့ကြီးတည်၏။ မြို့တော်စည်ပင်ထွန်းကားလာသည်။ ရန်သူတို့ မြို့တော်သို့ အလွယ်တကူ မချဉ်းကပ်ဝံ့အောင်လည်း စီစဉ်ထားလေသည်။ ထိုအခါ အခြားပြည်နိုင်ငံတို့မှ ကုန်သည်များစွာတို့ ကူးလူးဆက်သွယ်လာကြသည်။ ထိုကုန်သည်များတို့အား မေးမြန်း၍ တစ်ရာသောမင်းတို့၏ အလိုကျ လက်ဆောင်ပဏ္ဏာများစီရင်ကာ ယုံကြည်ရသူ ဖွားဖက်တစ်ရာတို့ကို စေလွှတ်၍ ထိုနိုင်ငံများ၏ အတွင်းလူများအဖြစ် ခစားနေထိုင်စေ၏။ ထိုဖွားဖက်တော်တို့သည် ၎င်းတို့ရောက်ရှိနေထိုင်ရာ နိုင်ငံများ၏ အတွင်းစကားများကို မဟောသဓထံသို့ မပြတ်ပို့လေသည်။

ထိုအချိန်ကာလ၌ ကပိလတိုင်း ဥတ္တရပဉ္စာလရာဇ်ပြည်၌ သင်္ခပါလက မည်သော စူဠနီဗြဟ္မဒတ်မင်းသည် မင်းပြုနေသည်။ ထိုမင်းကြီး၌ ကေဝဋ္ဋအမည်ရှိ အမတ်ကြီးတစ်ဦးရှိသည်။ ထိုမင်းသည် လက်နက်လူအင်အား စုဆောင်းလျက်ရှိသဖြင့် ထိုတိုင်းပြည်ရှိ မဟောသဓ၏ ဖွားဖက်တော်လူယုံက လျှို့ဝှက်အကြောင်းကြားစာ ပေးပို့လေသည်။

မဟောသဓ၌ လူပညာရှိကဲ့သို့ စကားတတ်လိမ္မာသော ရွှေချိုင့်ဖြင့် မွေးမြူထားသည့် ကျေးသားတစ်ကောင်ရှိသည်။ မဟောသဓသည် ထိုကျေးသားကို ဥတ္တရပဉ္စာလရာဇ်မင်း၏ အကြံအစည်များကို စုံစမ်းထောက်လှမ်းစေသည်။ ထိုကျေးသားရောက်သည့်နေ့တွင် ကေဝဋ္ဋပုဏ္ဏားသည် မင်းကြီးအား ဥယျာဉ်တော်အတွင်း၌ အခြားသော နိုင်ငံငယ်များကို သိမ်းပိုက်ရန် တိုက်တွန်းပြောကြား အကြံပေးလေသည်။ ထိုစကားကိုကြားရသော ကျေးသားသည် ကေဝဋ္ဋပုဏ္ဏား၏ခေါင်းပေါ်သို့ မစင်စွန့်ချကာ မဟောသဓထံသို့ပျံလာခဲ့ပြီး သတင်းစကားပါးလေသည်။

မဟောသဓလည်း မြို့ကိုအခိုင်အမာပြုပြင်၍ ကြိုတင်စီမံထားလေသည်။ စူဠနီဗြဟ္မဒတ်မင်းကြီးသည် ကေဝဋ္ဋပုဏ္ဏား အကြံပေးသည့်အတိုင်း တိုင်းပြည်ငယ်များကို စစ်သည်များဖြင့် ဝန်းရံထားပြီး ကေဝဋ္ဋပုဏ္ဏားက မြို့တွင်းဝင်ကာ မင်းငယ်များအား ခုခံတိုက်ခိုက်ခြင်းမပြုရန် ဖြားယောင်းလေသည်။ ထိုနည်းဖြင့် ၉၉ ပြည်ထောင်ကို သိမ်းပိုက်နိုင်ခဲ့ပြီး မိတ္ထီလာပြည်ကို ဆက်လက်သိမ်းပိုက်ရန် ကြံစည်ကြပြန်သည်။ သို့သော် ကေဝဋ္ဋပုဏ္ဏားသည် မဟောသဓ၏ ပညာဉာဏ်ကို သိထားသဖြင့် ရုတ်တရက်တိုက်ခိုက်ခြင်းမပြုဘဲ ဆိုင်းငံ့ထားလေသည်။ စူဠနီဗြဟ္မဒတ်မင်းသည် မင်းငယ် ၉၉ ပါးတို့အား အဆိပ်ပါသောအရက်ဖြင့် ညှော်ခံရန် စီစဉ်ထားလေသည်။ မဟောသဓသည် လုဒ္ဓဖွားဖက်တော်မှတစ်ဆင့် သိရှိထားပြီးဖြစ်လေသည်။ ထို့ကြောင့် မင်းငယ် ၉၉ ပါးတို့၏ အသက်ကိုကယ်ရန် သူရဲတစ်ထောင်ကို စေလွှတ်၍ မင်းငယ် ၉၉ ပါးတို့အတွက် နေရာခင်းစဉ် ဝိဒေဟရာဇ်မင်းကြီးအတွက် နေရာယူဟန်ပြု၍ အဆိပ်ပါသော အရက်အိုးတို့ကို ရိုက်ခွဲစေလေသည်။

စူဠနီဗြဟ္မဒတ်မင်းသည် မိတ္ထီလာပြည်မှ သူရဲတို့လာရောက်ဖျက်ဆီးသွားသည်ကို အမျက်ထွက်၍ မင်းငယ် ၉၉ ပါးတို့နှင့်အတူ စစ်ဆင်လေသည်။ ကေဝဋ္ဋပုဏ္ဏားက တားမြစ်သော်လည်း လက်ခံခြင်းမပြုပေ။ မိတ္ထီလာပြည်သို့ရောက်လျှင် ညတွင်းချင်းပင် မြို့ကို အထပ်ထပ်ဝိုင်းရံထားလေသည်။ သေနကအမတ်အစရှိသော အမတ်တို့မှာ တုန်လှုပ်နေကြသည်။ မဟောသဓကမူ ကြိုတင်စီမံပြီးဖြစ်၍ မကြောက်မရွံ့ဘဲ နန်းတော်သို့ဝင် ခစားလေသည်။ ထိုအခါ မင်းကြီးအား စူဠနီဗြဟ္မဒတ်မင်းကြီး၏ စစ်သည်တို့ ဝန်းရံထားကြောင်း လျှောက်တင်ရာ မင်းကြီးက စူဠနီဗြဟ္မဒတ်မင်းကြီး၏ မယ်တော် စလာကဒေဝီသည် ပညာရှိဖြစ်ကြောင်း ပြောကြားလေသည်။

မဟောသဓကေ မင်းကြီးအား မကြောက်ရွံ့ရန် နှစ်သိမ့်သည့်အပြင် မြို့သူမြို့သားများအားလည်း ကြောက်ရွံ့ကြခြင်းမရှိစေရန် မောင်းခတ်အသိပေးလေသည်။ မြို့တွင်း၌ ပွဲလမ်းသဘင်များကို ကျင်းပစေ၏။ ထိုအခြင်းအရာကို စူဠနီဗြဟ္မဒတ်မင်းကြီးကြားသိ၍ မေးလျှင် မဟောသဓလွှတ်ထားသော လူယုံအမတ်က ဝိဒေဟရာဇ်မင်းကြီးသည် တစ်ရာသော ထီးဆောင်းမင်းတို့အား အောင်ပွဲခံနိုင်တော့မည်ဖြစ်၍ ပျော်ရွှင်နေကြခြင်းဖြစ်ကြောင်း လိမ်လည်လျှောက်တင်လေသည်။

စူဠနီဗြဟ္မဒတ်မင်းသည် မိတ္ထီလာပြည်ကို အပြင်းဝင်ရောက်တိုက်ခိုက်သော်လည်း မဟောသဓ၏ တပ်များက ရှုပ်ရှုပ်ချွံချွံခုခံတိုက်ခိုက်ကြ၍ ၁၅ ရက်ကြာသည့်တိုင် မြို့ကိုဝင်ရောက်နိုင်ကြခြင်းမရှိပေ။ ကေဝဋ္ဋပုဏ္ဏားလည်း မြို့တွင်း၌ရေငတ်၍ အညံ့ခံအောင် မြို့ပြင်သို့ထွက်၍ ရေခပ်မရအောင်ပိတ်ဆို့ထား၏။ မဟောသဓကေ အတောင်ခြောက်ဆယ်မြင့်သောဝါးလုံး၌ အဆစ်ကိုဖောက်၍ ရေနှင့်ရွှံ့တို့ထည့်၍ ကြာစေ့ကို စိုက်စေသည်။ အပင်ပေါက်လျှင် အရိုးရှည်ကြာပင်များကိုနုတ်၍ ပဉ္စာလရာဇ်မင်း၏ တပ်သားများထံသို့ ပစ်ချပေးပြီး သရော်လေသည်။

မဟောသဓလွှတ်ထားသည့် လူယုံတော်တို့က ကြာရိုးတို့ကို ကောက်၍ စူဠနီဗြဟ္မဒတ်မင်းအား ဆက်သကာ မြို့တွင်း၌ အတောင်ရှစ်ဆယ်မကသော ရေကန်ကြီးများရှိသည်ဟု ကြားဖူးကြောင်း လျှောက်ထားကြလေသည်။ ထိုအခါ ရေငတ်အောင်ပိတ်ဆို့ခြင်းအစား မြို့တွင်းသို့ ဆန်စပါးမသွင်းနိုင်ရန် ပိတ်ဆို့ကြပြန်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

## မြောက်ဦးမြို့၌ ကြက်ခြေနီတပ်ဖွဲ့ဝင်များမှ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး နှာခေါင်းစည်းများအခမဲ့ဖြန့်ဝေ

**မြောက်ဦး ဇူလိုင် ၉**

ရခိုင်ပြည်နယ် မြောက်ဦးမြို့၌ ကြက်ခြေနီတပ်ဖွဲ့ဝင်များမှ မြို့နယ်အတွင်း လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရောဂါ ကိုဗစ်-၁၉ ကူးစက်မှုမှကြိုတင်ကာကွယ်နိုင်ရန်အတွက် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းများကို ယနေ့နံနက် ၈ နာရီက မြို့ပေါ်ရပ်ကွက်များသို့သွားရောက်၍ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးမြင့်အေးဦးဆောင်သည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ ညောင်ပင်ဈေးလမ်းဆုံ၊ ကျောက်ရာဇ်ကေလမ်းဆုံ၊ ဝသဲရပ်ကွက်ဈေးရှေ့နှင့် နန်းရာကုန်းကားဂိတ်၊ အစရှိသည့် မြို့ပေါ်ရပ်ကွက်များနှင့် လူသွား၊ လူလာများသော နေရာများသို့ သွားရောက်၍ ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ခံရမှုမရှိရေးတို့အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ နေအိမ်ပြင်ပသို့ ထွက်သည့်အခါတိုင်း ပါးစပ်နှင့် နှာခေါင်းစည်း စနစ်တကျတပ်ဆင်ခြင်း၊ စနစ်တကျလက်ဆေးခြင်း၊ လူစုလူဝေးရှောင်ကြဉ်ကြရန်စသည့် အကြောင်းအရာပါ လက်ကမ်းစာစောင်များအား အငှားယာဉ်မောင်းနှင်သူများ၊ ဈေးသွား/ဈေးပြန်များနှင့်လမ်းသွား၊ လမ်းလာပြည်သူများကို အပြင်ထွက်သည့်အခါတိုင်းတွင် နှာခေါင်းစည်းများတပ်ဆင်သွားလာကြရန်နှင့် နှာခေါင်းစည်းမပါရှိသူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုမှ ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် ရပ်ကွက်များသို့လှည့်လည်၍ ပိုးသတ်ဆေးဖျန်းခြင်းများ၊ အသိပညာပေးနှိုးဆော်ခြင်းများ၊ နှာခေါင်းစည်းအခမဲ့ဖြန့်ဝေပေးခြင်းများ၊ ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်မောင်ထွန်း(ပြန်/ဆက်)**

# နိုင်ငံတော်နှင့် နိုင်ငံသား အကျိုးစီးပွားကို ရှေးရှုသည့် နိုင်ငံရေး

## မောင်သောမန

မိမိတို့နိုင်ငံ နိုင်ငံရေးနှင့်ပတ်သက်၍ အတွေးနယ်ချဲ့မိသည်။ မြန်မာပြည် နိုင်ငံရေးသည် နယ်ချဲ့ဆန့်ကျင်ရေးကာလမှစ၍ နိုးကြားရှင်သန်လာခဲ့သည်။ နိုင်ငံရေးနယ်ပယ်တွင် ကိုယ်ယုံကြည်ရာဝါဒ၊ လမ်းစဉ်တို့ကို ကိုင်စွဲ၍ အမျိုးမျိုးဖြတ်သန်းခဲ့ကြသည်။ နိုင်ငံရေးနှင့်ပတ်သက်၍ ခေါင်းဆောင်များက အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုခဲ့ကြသည်။ နိုင်ငံရေးသည် ညစ်ပတ်သည့်အလုပ်၊ ရိုးသားသည့်အလုပ်၊ လောကကောင်းကျိုးကို ဆောင်ကြဉ်းသည့်အလုပ်၊ တိုင်းပြည်အရေး၊ ပြည်သူများ၏အရေးစသည်ဖြင့် အမျိုးမျိုးဆိုခဲ့ကြသည်။

### လောကီနိဗ္ဗာန်

မြန်မာ့နိုင်ငံရေးသမိုင်းတွင် နိုင်ငံရေးရှေ့ဆောင်ကြီး ဦးဘဘေက “နိုင်ငံရေးဆိုတာ အင်မတန် ညစ်ပတ်တဲ့အလုပ်ပါ”ဟု ဆိုခဲ့သည်။ ရှေ့နေချုပ်ကြီး ဦးသိန်းမောင်ကြီးက “နိုင်ငံရေးဆိုတာ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာမို့ နိုင်ငံရေးကို မလုပ်တော့ဘူး”ဟု ဆိုခဲ့သည်။ ဂဠုန်ဦးစောက “ဝါးရင်းတုတ်နှင့် လူမိုက်အားကိုးလျက် စခန်းသွားမည်”ဟု ဆိုသည်။ ဒေါက်တာဘမော်က “စတာလင်တို့ ဟစ်တလာတို့ကို အားကျသည်”ဟု ပြောသည်။ ဗိုလ်ချုပ်အောင်ဆန်းက “နိုင်ငံရေးဆိုသည်မှာ လူအဝှမ်းနှင့် ပေါင်းသင်းဆက်ဆံ ကူးလူးအုပ်ချုပ်သော ကိစ္စပင်ဖြစ်၏။ စင်စစ် နိုင်ငံရေးမှာ တိုးတက်လိုသည့် ပင်မတရားကြီးဖြစ်၏။ ထိုတရားကား လောကီနိဗ္ဗာန်ကို နောက်ဆုံးရည်မှန်းလေသည်။ ထို့ကြောင့် ဘယ်မှာလျှင် ညစ်ပတ်ရပေမည်နည်း” ဟု ဆိုခဲ့သည်။

မြန်မာပြည်နိုင်ငံရေးကို စတင်ဖော်ဆောင်ခဲ့သော နိုင်ငံရေးသမားကြီးများ၏ နိုင်ငံရေးအပေါ်ထားရှိသော သဘောထားများမှာ အမျိုးမျိုးအဖုံဖုံပင်ဖြစ်သည်။ မျက်မှောက် နိုင်ငံရေးလောကတွင်လည်း ထိုနည်းလည်းကောင်းပင်ဖြစ်သည်။ ဖော်ပြပါ နိုင်ငံရေး အယူအဆအမျိုးမျိုးအနက် ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးအယူအဆသည်သာ လျော်ကန်သင့်မြတ် ကောင်းမွန်သည်ဟု ဆိုချင်သည်။ ယနေ့နိုင်ငံရေးသည် ဘကြီးဘဘေ နိုင်ငံရေး၊ ဦးသိန်းမောင် နိုင်ငံရေး၊ ဂဠုန်ဦးစော နိုင်ငံရေး၊ ဒေါက်တာဘမော် နိုင်ငံရေး၊ ဗိုလ်ချုပ်အောင်ဆန်း နိုင်ငံရေး မည်သည့်နိုင်ငံရေး အမျိုးအစားနှင့်တူသည်ကို စဉ်းစားကြည့်နိုင်ပါပေသည်။

မြန်မာနိုင်ငံသည် ဒီမိုကရေစီခရီးလမ်းကို လျှောက်လှမ်းနေသည်ဖြစ်၍ ဗိုလ်ချုပ်အောင်ဆန်း မျှော်မှန်းသော နိုင်ငံရေးစနစ်ဖြင့်သာ လျှောက်လှမ်းသင့်ပါပေသည်။ ဗိုလ်ချုပ်အောင်ဆန်း မျှော်မှန်းသော နိုင်ငံရေးကို မလိုက်နာ၊ မကျင့်သုံးပါက ညစ်ပတ်သော နိုင်ငံရေး၊ ရက်စက်သော နိုင်ငံရေးသာ ဖြစ်ပေလိမ့်မည်။

### ညစ်ထေးနိုင်ငံရေး

စာဖတ်သူများ မြန်မာနိုင်ငံ၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် နိုင်ငံရေးအခြေအနေများကို မှန်းဆကြည့်နိုင်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း မျှော်မှန်းသော နိုင်ငံရေးအရ ပြည်သူအားလုံးနှင့် ပေါင်းသင်းဆက်ဆံ ကူးလူးအုပ်ချုပ်ရသော နိုင်ငံရေးစနစ်ကို လုပ်ကိုင်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးတစ်ရာကျော်၊ မတူကွဲပြားသော လူမှုအသိုက်အဝန်းအမျိုးမျိုး စုပေါင်းနေထိုင်သော တိုင်းပြည်ဖြစ်သည်။ ထို့ကြောင့် ထိုမတူကွဲပြားသော ပြည်သူအားလုံးနှင့် ပေါင်းသင်းဆက်ဆံကူးလူးယှက်နွှယ်သည့် ဝါဒစနစ်ဖြစ်ဖို့လိုသည်။ ထိုစနစ်ဖြစ်မှသာ ပြည်ထောင်စုကြီးလည်း စည်းလုံးညီညာ တည်တံ့ခိုင်မြဲမည်ဖြစ်သည်။ “တစ်တောတစ်ဖ”ဝါဒ ထွန်းကားရေးကို လုပ်ဆောင်ပါက တိုင်းပြည်မခိုင်မြဲ ပြိုကွဲမည်ဖြစ်သည်။ စင်စစ် နိုင်ငံရေးသည် တိုးတက်လိုသည့် ပင်မတရားကြီးဖြစ်၍ တိုးတက်မှုကို ဆုတ်ယုတ်နိုင်သော ဖျက်ဆီးရေးလမ်းစဉ်မျိုးကို ရှောင်ရှားရမည်ဖြစ်သည်။ ညစ်ပတ်သည့် နိုင်ငံရေးကို မပြုလုပ်မိစေရန် အထူးသတိပြုရမည်ဖြစ်သည်။

### တိုင်းပြည်ဆုတ်ယုတ်

သို့သော် မြန်မာပြည်၏ မျက်မှောက်နိုင်ငံရေးအခြေအနေသည် အမုန်းတရားကို အခြေခံသည့် နိုင်ငံရေးဖြစ်နေသည်ကို တွေ့ရသည်။ ချစ်ခြင်းတရား လွန်ကဲသောအခါ မုန်းခြင်းတရားပေါ်ပေါက်

◆ **နိုင်ငံရေးဆိုသောစကားကို “ပြည်ထဲအရေး ပေါက်နှင့်ကျေး၊ ကြက်ဥအရောင် တိမ်တောင်သဖွယ်၊ မင်းရေးကျယ်”ဟု ရှေးက ဆိုကြခဲ့ကြဟန်တူသည်။ နိုင်ငံရေး၏ အတွင်းသဘောများကို ပြည်သူများအနေဖြင့် သိနားလည်ရန် လွယ်ကူမည်မဟုတ်ပေ။ ဤဆိုစကားအရ နိုင်ငံရေးသည် ကောင်းလည်း ကောင်း၏။ ဆိုးလည်း ဆိုး၏ဟု ဆိုခဲ့ကြသည်။ ကောင်းပုံကား နိုင်ငံရေး၏ ကျယ်ဝန်းနက်နဲ သိမ်မွေ့ပုံကို သိရသည်။ ဆိုးပုံကား နိုင်လျှင်တစ်မျိုး၊ မျှော်မှန်းသလိုမဖြစ်လျှင် ဝါးရင်းတုတ်နှင့် လူမိုက်အားကိုးသည့်စခန်းကို သွားတော့၏။ အမုန်းတရားကိုအခြေခံသည့် နိုင်ငံရေးသည် တိုင်းပြည် ပျက်စီးရေးသာ ဖြစ်ပါလိမ့်မည်။ မရိုးသားသည့် နိုင်ငံရေးသည် တိုးတက်လိုသည့် နိုင်ငံရေးဖြစ်မလာပေ။ လူကြိုက်များ၍ အောင်မြင်လျှင်လည်း တဒင်္ဂနိုင်ငံရေးသာ ဖြစ်ပေလိမ့်မည်**

● **နိုင်ငံကို ဒီမိုကရေစီစနစ်အရ ပြည်သူများက ရွေးချယ်သည့် အနိုင်ရသည့် ပါတီက တာဝန်ယူရသည်မှာ မှန်သည်။ သို့သော် တိုင်းပြည်တစ်ပြည်လုံးတွင် နေထိုင်ကြသော ပြည်သူများမှာ အနိုင်ရပါတီကို ထောက်ခံသည့် ပြည်သူများချည်းသာ မဟုတ်သည်ကို သတိပြုရပေမည်။ နိုင်ငံအတွင်း မည်သည့်ပါတီကိုမျှ စိတ်မဝင်စားသည့်၊ မည်သည့်ဘက်မှ မပါဝင်လိုသူများ၊ နှစ်သက်ရာပါတီများအား ထောက်ခံကြသည့် ပြည်သူများလည်း နေထိုင်ကြသည်ဖြစ်ရာ မတူကွဲပြားသော နိုင်ငံသားများသည် တစ်မိုးအောက်တည်းတွင် နေထိုင်ကြသော ပြည်သူများသာဖြစ်သည်ကို သတိပြုရမည်ဖြစ်သည်။ ထို့ကြောင့် မိမိတို့ပါတီနိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ ပြည်သူအားလုံးနှင့် သဟဇာတဖြစ်စွာ နေထိုင်နိုင်ရေးသည် အရေးကြီးသောအချက်ဖြစ်သည်**

လာသည်။ ချစ်ခြင်း၊ မုန်းခြင်းတို့သည် အစွန်းတရားနှစ်ပါးသာဖြစ်သည်။ စင်စစ် ချစ်ခြင်း၊ မုန်းခြင်းတို့၏အလယ်မှ အားလုံးအတွက် တိုးတက်ခြင်းကို ရှေးရှုရမည်ဖြစ်သည်။ စိတ်ခံစားချက် (Emotion) ဖြင့် ပြုလုပ်သော နိုင်ငံရေး၊ စိတ်ခံစား ဝိဝါဒ ကွဲပြားသည့် အယူအဆဖြင့် ပြုလုပ်သော တော်လှန်ရေးသည် မည်သည့်အခါမျှ အောင်မြင်မည်မဟုတ်ပေ။ အချင်းချင်း အမုန်းတရားများ တိုးပွားလာပြီး ဘဝပျက်သူများသာ တိုးပွားလာမည်ဖြစ်သည်။ တိုင်းပြည်ဆုတ်ယုတ်ခြင်းသာ ဦးတည်လာမည့် အဖတ်တင်မည်ဖြစ်သည်။

နိုင်ငံကို ဒီမိုကရေစီစနစ်အရ ပြည်သူများက ရွေးချယ်သည့် အနိုင်ရသည့်ပါတီက တာဝန်ယူရသည်မှာ မှန်သည်။ သို့သော် တိုင်းပြည်တစ်ပြည်လုံးတွင် နေထိုင်ကြသော ပြည်သူများမှာ အနိုင်ရပါတီကို ထောက်ခံသည့် ပြည်သူများချည်းသာ မဟုတ်သည်ကို သတိပြုရပေမည်။ နိုင်ငံအတွင်း မည်သည့်ပါတီကိုမျှ စိတ်မဝင်စားသည့်၊ မည်သည့်ဘက်မှ မပါဝင်လိုသူများ၊ နှစ်သက်ရာပါတီများအား ထောက်ခံကြသည့် ပြည်သူများလည်း နေထိုင်ကြသည်ဖြစ်ရာ မတူကွဲပြားသော နိုင်ငံသားများသည် တစ်မိုးအောက်တည်းတွင် နေထိုင်ကြသော ပြည်သူများသာဖြစ်သည်ကို သတိပြုရမည်ဖြစ်သည်။ ထို့ကြောင့် မိမိတို့ ပါတီနိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ ပြည်သူအားလုံးနှင့် သဟဇာတဖြစ်စွာ နေထိုင်နိုင်ရေးသည် အရေးကြီးသောအချက်ဖြစ်သည်။

### မရိုးသားနိုင်ငံရေး

ငါ့ပါတီသာ အဓိက၊ ငါ့ပါတီသာ ပဓာန၊ အခြားပါတီများကို အလေးမမူ “ငါနှင့်မတူ ငါ့ရန်သူ” ဟူသော ဒေါက်တာဘမော် ဝါဒ၊ ဂဠုန်ဦးစော ပါတီလမ်းစဉ်ကဲ့သို့ မကျင့်သုံးမိကြရန် လိုအပ်ပေသည်။ မျက်မှောက်နိုင်ငံရေးအခြေအနေသည် ဒီမိုကရေစီကို အကြောင်းပြု၍ အာဏာကို ဥပဒေဘောင်ကျော်လွန်ကာ အသုံးချသောကြောင့် ကျဆုံးပျက်စီးခြင်းသို့ ရောက်ရသည်ဟု ရှုမြင်ပါသည်။ အာဏာကို ခိုင်ခိုင်မြဲမြဲ ဆုပ်ကိုင်ထားလိုသော လောဘကြောင့် မရိုးသားသော နိုင်ငံရေးလမ်းစဉ်ကို ကျင့်သုံးခဲ့ကြခြင်းဖြစ်သည်။

၂၀၁၅ ရွေးကောက်ပွဲတွင် သောင်ပြိုကမ်းပြို အနိုင်ရခဲ့သော်လည်း ၂၀၂၀ ရွေးကောက်ပွဲတွင် မိုးပြိုမြေပြို အနိုင်ရလိုသော လောဘဇောကြောင့် ဥပဒေဘောင်ကို ကျော်လွန်ကာ သတိမမူဖြစ်ခဲ့သည်။ ယင်းတို့ကို ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲမဲဆွယ်စဉ်ကာလများက လှုပ်ရှားမှုများတွင် တွေ့ရမည်ဖြစ်သည်။ မီဒီယာစာမျက်နှာများပေါ်တွင် ဖော်ပြပါရှိခဲ့သည့် အထောက်အထားများ ရှိနေပါသည်။ နိုင်ငံရေးပါတီတစ်ခုသည် အာဏာရရေးအတွက် နိုင်ငံရေးကျင့်ဝတ်ကို မစောင့်ထိန်းပါက တရားမျှတမှုများ ကွယ်ပျောက်၍ အဂတိတရားလိုက်စားရာရောက်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် UEC ကို နိုင်ငံတော်သမ္မတက ဖွဲ့စည်းပေးထားရာ၌ တရားမျှတ၍ လွတ်လပ်ပြီး သမာသမတ်ကျသော အဖွဲ့အစည်းအဖြစ် ဆောင်ရွက်နိုင်သည်ကို ယုံကြည်သဖြင့် တာဝန်ပေးထားခြင်းဖြစ်သည်။

### နိုင်ငံရေးဗျူဟာ

သို့သော် ရွေးကောက်ပွဲအကြိုကာလတွင် အာဏာရပါတီခေါင်းဆောင်က ရွေးကောက်ပွဲကော်မရှင်လုပ်ငန်းများကို ဝင်ရောက်စစ်ဆေးခြင်းသည် ရွေးကောက်ပွဲလုပ်ငန်းအပေါ် လွှမ်းမိုးစွက်ဖက်ရာ ရောက်နေသည်။ မဲဆွယ်စည်းရုံးရေးကာလတွင်လည်း နိုင်ငံရေးအရှိန်အဝါ၊ နိုင်ငံရေးအာဏာကို အလွဲသုံးစားပြုလုပ်၍ ပေါ်ပေါ်ထင်ထင် ရှေ့ထွက်လှုပ်ရှားမှုများ ပြုလုပ်ခဲ့သည်။ ရွေးကောက်ပွဲအကြိုကာလက အနောက်နိုင်ငံကြီးတစ်နိုင်ငံက ရွေးကောက်ပွဲအောင်မြင်ရေးအတွက်ဆိုကာ အမေရိကန်ဒေါ်လာ သန်း ၃၀ ပေးအပ်ခဲ့ခြင်းသည် ပါတီအောင်နိုင်ရေးအတွက်ပြည်ပအထောက်အပံ့လိုဖြစ်နေသည်။ အဆိုပါနိုင်ငံကြီးသည် မည်သည့်ရည်ရွယ်ချက်ဖြင့် ပေးကမ်းထောက်ပံ့သည်ကို ၎င်းနိုင်ငံကြီးသာ အသိဆုံးဖြစ်ပေလိမ့်မည်။ အာဏာရပါတီကြီးသည် ၂၀၂၀ ရွေးကောက်ပွဲတွင် ဘုရင့်နောင်ဖောင်ဖျက်နည်းကို ကျင့်သုံးလိုက်ဟန်တူသည်။ လက်တွေ့တွင် ပါတီကြီး၏ ဖောင်လည်းပျက်၊ တိုင်းပြည်လည်း ပျက်စီးကိန်းဆိုက်ခဲ့သည်။

*စာမျက်နှာ ၂၃ သို့*

# ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့်ပြည်နယ်အဆင့်ဌာနဆိုင်ရာများလုပ်ငန်းညှိနှိုင်းစည်းဝေး



**ဘားအံ ဇွန် ၉**

ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၏ (၁၂/၂၀၂၁) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၇ ရက်က ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပသည်။

**တားမြစ်ချက်များကိုလိုက်နာဆောင်ရွက်ရန်**

အစည်းအဝေးတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက လက်ရှိဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ တတိယအကျော့နှင့် စပ်လျဉ်း၍ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့မှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်၊ ပညာပေးခြင်း၊ ကြီးကြပ်ခြင်း၊ အသိပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက ဒဏ်ငွေပေးဆောင်စေခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းတို့ကို အဆင့်ဆင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိုးရာသီသို့ရောက်ရှိလာပြီ ဖြစ်သည့်အတွက် လူနေရပ်ကွက်၊ ကျေးရွာများနှင့် လမ်းများတွင် ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသော ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ယခင်အပတ် (၁၁/၂၀၂၁) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိများက ထပ်ဆင့်ဆွေးနွေးကြသည်။

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဘားအံစက်မှုဇုန်အနီးရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း(ဘားအံ)၌ ကိုဗစ်-၁၉ ပိုးတွေ့လူနာများ ထားရှိကုသမှု ဆောင်ရွက်ပေးနိုင်ရန် ပြင်ဆင်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ပြင်ဆင်ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားသည်။

အလားတူ ဘားအံမြို့ လှာကမြင်ကွက်သစ် ဖွဲ့ကပင်အဆင့်မြင့်အားကစားကွင်းနှင့် မိုးလုံလေလုံအားကစားရုံတို့တွင် ပိုးတွေ့လူနာများထားရှိကြပ်မတ်ကုသမှုပေးနိုင်ရေး သွားရောက် ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

**မော်လမြိုင် ဇူလိုင် ၉**

မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇူလိုင် ၇ ရက်က မော်လမြိုင်မြို့ လှိုင်ရပ်ကွက်ရှိ ပရိယတ္တိဓမ္မ ဗိမာန်တော်ကြီး၌ ဖွင့်လှစ်ထားသည့် Isolation Ward တွင် ကိုဗစ်- ၁၉ ပိုးတွေ့လူနာများ ထားရှိမည့်အခြေအနေကို ကြည့်ရှု စစ်ဆေးသည်။ (ယာပုံ)

ကိုဗစ်-၁၉ ရောဂါသည် လက်ရှိ အနေအထားအရ ပြည်တွင်းကူးစက်မှုနှုန်း တိုးလာပြီဖြစ်သည့်အတွက် ကြိုတင်ကာကွယ်၊ ထိန်းချုပ်နိုင်ရန်နှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းများတွင် ဆောင်ရွက်နိုင်ရန် စပ်လျဉ်း၍ ပြည်နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ နန္ဒဝင်းက လူနာများထားရှိရန် ခုတင် ၁၂၅ ခု ပြင်ဆင်ထားရှိမှုနှင့် ပုဂ္ဂလိကဆေးရုံများမှ ဆရာဝန်၊ သူနာပြုများ၊ လူမှုကူညီကယ်ဆယ်ရေးအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေး လုပ်ငန်းစဉ်များတွင် ကူညီဆောင်ရွက်မည့် အခြေအနေများကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအား ရှင်းလင်းတင်ပြသည်။



အလားတူ မွန်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ လူနာထားရှိရန် မော်လမြိုင်မြို့နယ် အထွေထွေရောဂါကု ဆေးရုံကြီး Isolation Ward-1 တွင် ခုတင် ၁၀၀၊ Isolation Ward-3 တွင် ခုတင် ၂၅၀၊ မော်လမြိုင်တက္ကသိုလ် ထားဝယ်ဆောင်တွင် ခုတင် ၁၅၀၊ ကော့ကရိတ်ဆောင်တွင် ခုတင် ၁၅၀၊ ဘားအံဆောင်တွင် ခုတင် ၁၂၀ နှင့် မော်လမြိုင်ဆောင် တွင် ခုတင် ၁၅၀ တို့ကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

*စာမျက်နှာ ၂၂ မှ*

ဤသို့ ကြိုတင်စီစဉ်ခဲ့သည့် နိုင်ငံရေးဗျူဟာကို ပြည်သူတို့အနေဖြင့် သိရှိနိုင်စွမ်းမည် မဟုတ်ပေ။

**တဒင်္ဂနိုင်ငံရေး**

ထို့ကြောင့် နိုင်ငံရေးဆိုသောစကားကို "ပြည်ထဲအရေး ပေါက်နှင့်ကျေး၊ ကြက်ဥအရောင် တိမ်တောင်သဖွယ်၊ မင်းရေးကျယ်"ဟု ရှေးက ဆိုကြခဲ့ကြဟန်တူသည်။ နိုင်ငံရေး၏ အတွင်းသဘောများကို ပြည်သူများအနေဖြင့် သိနားလည်ရန် လွယ်ကူမည်မဟုတ်ပေ။ ဤဆိုစကားအရ နိုင်ငံရေးသည် ကောင်းလည်း ကောင်း၏။ ဆိုးလည်း ဆိုး၏ဟု ဆိုခဲ့ကြသည်။ ကောင်းပုံကား နိုင်ငံရေး၏ ကျယ်ဝန်းနက်နဲ သိမ်မွေ့ပုံကို သိရသည်။ ဆိုးပုံကား နိုင်လျှင်တစ်မျိုး၊ မျှော်မှန်းသလိုမဖြစ်လျှင် ဝါးရင်းတုတ်နှင့် လူမိုက်အားကိုးသည့် စခန်းကို သွားတော့၏။ အမုန်းတရားကို အခြေခံသည့် နိုင်ငံရေးသည် တိုင်းပြည်ပျက်စီးရေးသာ ဖြစ်ပါလိမ့်မည်။ မရိုးသားသည့် နိုင်ငံရေး သည် တိုးတက်လိုသည့် နိုင်ငံရေးဖြစ်မလာပေ။ လူကြိုက်များ၍ အောင်မြင်လျှင်လည်း တဒင်္ဂနိုင်ငံရေးသာ ဖြစ်ပေလိမ့်မည်။

စစ်မှန်သည့် နိုင်ငံရေးဆိုသည်မှာ မတူကွဲပြားသည့် ဆက်ဆံရေးအား အခြေခံသည့် နိုင်ငံရေးဖြစ်မှသာ ရေရှည်တည်တံ့ ခိုင်မြဲပါလိမ့်မည်။ တပ်မတော်ကိုသော်လည်းကောင်း၊ အတိုက်အခံပါတီတို့ကိုသော်လည်းကောင်း ရန်သူကဲ့သို့ သဘောထားပါက မည်သည့်အခါမျှ အဆင်ပြေမည်မဟုတ်ပေ။ အောင်မြင်မည်လည်းမဟုတ်ပေ။ မတူကွဲပြားသော ပါတီအဖွဲ့အစည်းများ၊ တိုင်းရင်းသားများအား ပစ်ပယ်ထားပြီး တပ်မတော်ကို ဖယ်ရှားရန် ကြိုးပမ်းခဲ့သဖြင့် ပြိုကွဲပျက်စီးခြင်းအဖြစ်သို့ ရောက်ခဲ့သည်။ စင်စစ် နိုင်ငံရေးညစ်ထေးမှုသည် ယခုမှဖြစ်ခဲ့သည် မဟုတ်ပေ။ မြန်မာ့နိုင်ငံရေးအစကတည်းက အာဏာရရေးကိုသာ ဦးစားပေးကြ၍ မြန်မာ့နိုင်ငံရေးမှာ ညစ်ထေးခဲ့သည်။ **ယုတ်မာညစ်ထေးသော အစွန်းရောက်နိုင်ငံရေးသမားများကြောင့် မွန်မြတ်သော အမျိုးသားနိုင်ငံရေးခေါင်းဆောင်များ ဆုံးရှုံးခဲ့ရသည်ကို သမိုင်းသင်ခန်းစာယူသင့်သည်။**

**လူမိုက်လမ်းစဉ်**

မြန်မာနိုင်ငံသည် သမိုင်းကြောင်း အစဉ်အလာကောင်းများနှင့် နေထိုင်ခဲ့သော နိုင်ငံဖြစ်သည်။ သို့သော် လွတ်လပ်သောဝါဒတစ်ခုဖြင့် နိုင်ငံ့သမိုင်းပျောက်အောင် လုပ်ခဲ့ကြပါပြီ။ နိုင်ငံကို တန်ဖိုးထားသည့် သူတိုင်း၊ လူမျိုးကို ချစ်သည့်သူတိုင်း **"ငါတို့သမိုင်းကို အရိုင်းခံ"** ကြမည်မဟုတ်ပေ။ ငါတို့သည် အာဏာရှင်စနစ်ကို မလိုချင်၍ ဒီမိုကရေစီစနစ်ကို ဟစ်ကြွေးတောင်းဆိုခဲ့သည်။ အာဏာရှင်ဟုဆိုသူတို့သည် သဘောထားကြီးစွာဖြင့် ဒီမိုကရေစီလမ်းကို ဖောက်လုပ်ပေးခဲ့သည်။ သို့သော် နိုင်ငံရေးသမားတို့သည် ဒီမိုကရေစီလမ်းပေါ်တွင် ဖြောင့်တန်းစွာ လျှောက်လှမ်းနိုင်ခြင်းမရှိပေ။ ဒီမိုကရေစီလမ်းခင်းပေးသူတို့ကို ချနင်းရန် ကြိုးစားကြသည်။ ဖယ်ရှားရန် ကြိုးစားကြသည်။ ဖယ်ရှား၍မရ၊ နင်းချေ၍မရသောအခါ လူမိုက်လမ်းစဉ်ကို ကျင့်သုံးခဲ့ကြသည်။

အမှန်စင်စစ်တွင် မိမိတို့နိုင်ငံ၏ မဟာဗျူဟာကျသော ပထဝီအနေအထားအရ ဒီမိုကရေစီ သွတ်သွင်းသူတို့၏ နယ်ရုပ်ကျားသည် လမ်းမှန်အောင် မလျှောက်သဖြင့် အစောကတည်းက သေဆုံးခဲ့ပြီးဖြစ်သည်။ သို့သော် ကျားသေကို အသက်သွင်းပြီး ဒီမိုကရေစီလမ်းပေါ်သို့ ပြန်လည်လျှောက်လှမ်းသောအခါတွင် လမ်းကြောင်းမှန်အောင် မလျှောက်နိုင်တော့ပေ။ တကယ်တမ်းတွင် ဒီမိုကရေစီပန်းတိုင်သို့ အမှန်တကယ်လျှောက်လှမ်းမည့် အစိုးရဟူသည် နိုင်ငံ၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကို ရှေးရှုပြီး နိုင်ငံတော်နှင့် နိုင်ငံသားများအားလုံး၏ အကျိုးစီးပွားကို အခြေခံကာ အလုပ်လုပ်မှသာ ဒီမိုကရေစီပန်းတိုင်သို့ ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း။ ။

# မြင်းခြံမြို့နယ် ဂျူပွင်ကျေးရွာ၌ အကြမ်းဖက်ရာတွင်အသုံးပြုသည့် လက်နက်/ခဲယမ်းများနှင့် ဖောက်ခွဲရေးပစ္စည်းများကို တရားခံများနှင့်အတူဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၉**

နိုင်ငံတော်က အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် ကြေညာထားသော NUG၊ CRPH စသည့် အကြမ်းဖက်အဖွဲ့အစည်းများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ထိခိုက်ပျက်ပြားစေရန်နှင့် ၎င်းတို့၏ ဝါဒဖြန့်စည်းရုံးမှုများကို မထောက်ခံသည့် ပြည်သူလူထုကို အကြောက်တရား လွှမ်းမိုးနေစေရန် ရည်ရွယ်၍ စာသင်ကျောင်းနှင့် ပညာရေးအဆောက်အအုံများကို မိုင်းများဖြင့် တိုက်ခိုက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူ့ဝန်ဆောင်မှုဌာန တစ်ခုဖြစ်သည့် မြို့နယ်လျှပ်စစ်ရုံးများကို တိုက်ခိုက်ဖျက်ဆီး ခြင်း၊ အပြစ်မဲ့လူပုဂ္ဂိုလ်များကို ဒလန်အဖြစ် စွပ်စွဲသတ်ဖြတ်ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် အကြမ်းဖက်အဖွဲ့အစည်းများ၏ သွေးဆောင်စည်းရုံးခံရမှုကြောင့် PDF အပါအဝင် အခြားအကြမ်းဖက်အဖွဲ့အစည်းအချို့ကို စုဖွဲ့၍မြို့/ရွာအချို့ကို အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ရန် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**သတင်းအရဝင်ရောက်ရှာဖွေ**

ထိုသို့ လုပ်ဆောင်လျက်ရှိသဖြင့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားမှု မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် စုံစမ်းဖော်ထုတ်မှုများ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၇ ရက် မွန်းလွဲပိုင်းတွင် မြင်းခြံမြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသော ဂျူပွင်ကျေးရွာနေ ဦးစိန်ဝင်း၏ နေအိမ်ကို သတင်းအရ လုံခြုံရေးပူးပေါင်းအဖွဲ့များက ဝင်ရောက်ရှာဖွေခဲ့ရာ တရားခံများဖြစ်သော စိန်ဝင်း(၅၇)နှစ်၊ ဟန်ဇော်ထိုက် (၄၃)နှစ်၊ မန်းလင်း (၄၃)နှစ်၊ ဝင်းကို(၃၂)နှစ်၊ ကျော်စိန်ဦး (၃၁)နှစ်၊ နိုင်လင်း(၂၉)နှစ်၊ ချမ်းမင်းဟိန်း(၂၅)နှစ်၊ အာကာကျော် (၂၁)နှစ်၊ နိုင်မင်းကို(၁၇)နှစ်နှင့် ချစ်စမ်းမောင် (၁၇)နှစ်တို့ ၁၀ ဦးကို ပလတ်စတစ်လက်ပစ်ဗုံး နှစ်လုံး၊ ၉ မမကျည်ခြောက်တောင့်၊ အကြမ်းဖက်တိုက်ခိုက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



မြင်းခြံမြို့နယ် NLD ပါတီမှ အမျိုးသားလွှတ်တော် အမတ်ဟောင်း(၂၀၁၅)အောင်မျိုးလတ်



မြင်းခြံမြို့နယ် NLD ပါတီမှ ကျော်ဆန်းဦး




ဒေါက်တာ ဝင်းနိုင်ဖုန်း

**မြင်းခြံမြို့နယ် ဂျူပွင်ကျေးရွာ၌ အကြမ်းဖက်လုပ်ငန်းလုပ်ဆောင်ရန်ထောက်ပံ့ပေးနေသော NLD ပါတီဝင်များ၏ မှတ်တမ်းဓာတ်ပုံများ။**

ဖမ်းဆီးရမိတရားခံ စိန်ဝင်း၏ ထွက်ဆိုချက်အရ လက်လုပ်သေနတ်များနှင့် အခြားပစ္စည်းများအား ၎င်းပိုင်ဆိုင်သော ခြံဝင်းအနီး သရက်ပင်အောက်တွင် မိုးကာဖြင့်အုပ်၍ လက်နက်/ခဲယမ်းများ သိမ်းဆည်းထားကြောင်း သိရှိရသဖြင့် ဇူလိုင် ၈ ရက် မွန်းလွဲပိုင်းတွင် လုံခြုံရေးပူးပေါင်းအဖွဲ့က သွားရောက်ရှာဖွေခဲ့ရာ တူမီးသေနတ် နှစ်လက်၊ လက်လုပ်သေနတ်မျိုးစုံ ၂၆ လက်၊ လက်လုပ်မိုင်း ၂၂ လုံး၊ ဂျင်ကလိ ၂၅ ချောင်း၊ ဓာတ်ငွေ့ကာဝတ်စုံ သုံးစုံ၊ ဂက်စ်ဘူး ၁၁ ဘူးတို့ကို ထပ်မံသိမ်းဆည်း ရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဖမ်းဆီးရမိသူ ၁၀ ဦးအနက် မြင်းခြံမြို့ ထနောင်းတိုင်ရွာမှ ဟန်ဇော်ထိုက်(ခ) ပသိုင်းနှင့် လင့်ကြီး (မြောက်ရွာ)မှ ချမ်းမင်းဟိန်းတို့ နှစ်ဦးသည် တောင်သာမြို့နယ် ညောင်ကန်ကျေးရွာအနီး PDF အဖွဲ့များ သင်ကြားပေးသော စစ်ပညာသင်တန်းတွင် နှစ်ရက်တက်ရောက်ခဲ့ကြောင်း၊ ချမ်းမင်းဟိန်းသည် မြင်းခြံမြို့နယ် ရွာစည်ကျေးရွာရှိ ZERO-3 အဖွဲ့တွင် ပါဝင်ပြီး ကျန်ဖမ်းဆီးရမိသူများသည် PDF ဖွဲ့ရန်အတွက် စုဆောင်းထားခြင်းဖြစ်ကြောင်း သိရသည်။

**မြို့တွင်း တိုက်ပွဲဆင်နွှဲရန်**

ဖမ်းဆီးရမိ လက်လုပ်သေနတ်များ ပြုလုပ်ရန်နှင့် သင်တန်းတက်ရောက်ရန်အတွက် ပုဒ်မ-၅၀၅(က)ထုတ်ပြန်ထားရှိသည့် မြင်းခြံမြို့နယ် NLD ပါတီမှ အမျိုးသားလွှတ်တော် အမတ်ဟောင်း (၂၀၁၅) အောင်မျိုးလတ်၊ မြင်းခြံမြို့နယ် NLD ပါတီဝင် ကျော်ဆန်းဦးနှင့် NLDပါတီ အမာခံ ဒေါက်တာ ဝင်းနိုင်ဖုန်းတို့က အဓိကထောက်ပံ့ပေးခဲ့ကြောင်း၊ သိမ်းဆည်းရမိ လက်ပစ်ဗုံးနှင့် ၉ မမကျည်များသည် အောင်မျိုးလတ်၊ ကျော်ဆန်းဦး၊ ဒေါက်တာဝင်းနိုင်ဖုန်းတို့မှ ဝယ်ယူပေးထားခြင်းဖြစ်ပြီး ရှိုင်းထက်အောင် (တောင်သာမြို့)၊ ကျော်ဇေယျ (မြင်းခြံမြို့ ရွှေစည်ကျေးရွာ)နှင့် မင်းကို (မြင်းခြံမြို့) နေသူတို့မှ ထိန်းသိမ်းအသုံးပြုကာ မြင်းခြံမြို့နယ်အတွင်း မြို့တွင်း တိုက်ပွဲဆင်နွှဲနိုင်ရန် လက်နက်များ စုဆောင်းထားခြင်းဖြစ်ကြောင်း၊ စစ်ပညာသင်တန်းများ တက်ရောက်ပြီး အင်အားစုစည်း၍ လူ၊ လက်နက်အင်အားလုံလောက်သည့် အချိန်တွင် လုံခြုံရေးအဖွဲ့များကို တန်ပြန်တိုက်ခိုက်ရန် စီစဉ်ထားကြောင်း သိရှိရသည်။

ထိုသို့ နိုင်ငံတော်တည် ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားအောင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခဲ့သည့် တရားခံများကို ဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ်သူများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာ နေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားကြပါရန်နှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအသိပေးထားကြောင်း သိရသည်။

**သတင်းစဉ်**



မြင်းခြံမြို့နယ် ဂျူပွင်ကျေးရွာတွင် သိမ်းဆည်းရမိသည့် လက်လုပ်သေနတ်နှင့် ဆက်စပ်ပစ္စည်းများ။



မြင်းခြံမြို့နယ် ဂျူပွင်ကျေးရွာ၌ အကြမ်းဖက်လက်နက်များနှင့် ဖမ်းဆီးရမိသည့် တရားခံများ (ဝဲမှယာ) ဟန်ဇော်ထိုက်၊ အာကာကျော်၊ နိုင်မင်းကို၊ ချမ်းမင်းဟိန်း၊ ကျော်စိန်ဦး၊ စိန်ဝင်း၊ ချစ်စမ်းမောင်၊ မန်းလင်း၊ ဝင်းကို၊ နိုင်လင်း။

# ပြင်ဦးလွင်မြို့နယ်၌ ဓာတ်ငွေ့ကာ ၄၄၆၄ ခုနှင့် ဖုန်းအလုံး၈၀၀ သယ်ဆောင်လာသူအား ဖမ်းဆီးအရေးယူထား

**နေပြည်တော် ဇူလိုင် ၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရေငယ်ကျေးရွာ Mobile X-ray စစ်ဆေးရေးဂိတ်၌ ဇူလိုင်လ ၈ ရက်နေ့က ဓာတ်ငွေ့ကာ ၄၄၆၄ ခုနှင့် ဖုန်းအလုံး ၈၀၀ သယ်ဆောင်လာသူအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင်လ ၈ ရက် ညနေ ၅ နာရီခွဲက ပြင်ဦးလွင်မြို့နယ် ပိတ်ချင်းမြောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ရေငယ်ကျေးရွာ Mobile X-ray စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်များကို ရပ်တန့်စစ်ဆေးနေစဉ် မူဆယ်မြို့ဘက်မှ မန္တလေးမြို့ဘက်သို့ မဟာအောင်မြေမြို့နယ် စကြာနွယ်စင်ရပ်ကွက်နေ မောင်မောင်ထွန်း(၃၈)နှစ် မောင်းနှင်လာသော SGG 5G/XXXX HIACE ယာဉ်ပေါ်မှ စက္ကူဂျပ်ဖာများဖြင့် ထည့်ထားသည့် ဓာတ်ငွေ့ကာ ၄၄၆၄ ခု၊ Redmi Note-9A ဖုန်း ၂၅လုံးပါ စက္ကူဂျပ်ဖာ ၃၂ ဖာ (အလုံး ၈၀၀) တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ပိတ်ချင်းမြောင်နယ်မြေရဲစခန်း(ပ) ၈၈/၂၀၂၁၊ ပို့ကုန်သွင်းကုန် ဥပဒေပုဒ်မ ၈ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## အနာဂတ်ကမ္ဘာ သာယာဖို့ အိုဇုန်းလွှာကို ကာကွယ်စို့

❖ *ကျောဖုံးမှ*

အဆိုပါ ပွဲစဉ်တွင် အသင်းမှ အားထားရသည့် မက်ဆီ၊ မာတီနက်ဇ်စသည့် ကစားသမားများ ခြေစွမ်းပြသထားနိုင်သည်ကို တွေ့ရသည်။ ထို့အပြင် အာဂျင်တီးနားအသင်းသည် ယခုနှစ်ရာသီတွင် ကျင်းပသည့် ကိုပါအမေရိကဖလားပြိုင်ပွဲတွင် အသင်းလိုက်စွမ်းဆောင်ရည်ကောင်းမွန်ပြီး ပုံစံကောင်းရရှိနေသည့် အသင်းဖြစ်သည်။ ပြိုင်ဘက်ဘရာဇီးအသင်းကလည်း စုဖွဲ့မှုအားကောင်းမွန်ပြီး ပုံစံကောင်းရရှိကာ ခြေစွမ်းပြသထားနိုင်သည့် အသင်းဖြစ်သည်။ အထူးသဖြင့် အသင်းမှ အားထားရသည့် နေမာအနေဖြင့် ပုံမှန်ခြေစွမ်းပြသထားနိုင်သည်ကို တွေ့ရသည်။

အာဂျင်တီးနားအသင်းနှင့် ဘရာဇီးအသင်းတို့ နောက်ဆုံး ထိပ်တိုက်တွေ့ဆုံမှုမှာ ၂၀၁၉ ခုနှစ်က ချစ်ကြည်ရေး ခြေစမ်းပွဲတွင်ဖြစ်ပြီး အာဂျင်တီးနားအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။ အာဂျင်တီးနားနှင့် ဘရာဇီးအသင်းတို့ တွေ့ဆုံတိုင်း အကြိတ်အနယ် ယှဉ်ပြိုင်ကစားရတတ်သည်ကို သတိပြုရမည်။ အာဂျင်တီးနားအသင်းသည် ကိုပါအမေရိကဖလားပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့ (၂၈)ကြိမ်အထိ တက်ရောက်ထားနိုင်သည်ကို တွေ့ရသည်။ အဆိုပါ (၂၈) ကြိမ်တွင် အာဂျင်တီးနားအသင်းသည် ကိုပါအမေရိကဖလားကို (၁၄) ကြိမ်အထိ ဆွတ်ခူးထားသည်။ အာဂျင်တီးနားအသင်းသည် ကိုပါအမေရိကဖလားကို နောက်ဆုံးဆွတ်ခူး ထားသည်မှာ ၁၉၉၃ ခုနှစ်ကဖြစ်သည်။

အိမ်ရှင်ဘရာဇီးအသင်းက ကိုပါအမေရိကဖလားပြိုင်ပွဲ ဗိုလ်လုပွဲသို့ (၁၉) ကြိမ်တက်ရောက်ထားနိုင်ပြီး ကိုးကြိမ် ဖလားဆွတ်ခူးထားသည်။ ထူးခြားသည်မှာ ဘရာဇီးအသင်းသည် ကိုပါအမေရိကဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပတိုင်း ဖလားဆွတ်ခူးထားခြင်းဖြစ်သည်။ ထို့ကြောင့် အိမ်ရှင်ဘရာဇီးအသင်းအနေဖြင့် ဗိုလ်လုပွဲတွင် အာဂျင်တီးနားအသင်းကို အနိုင်ယူပြီး အသင်းသမိုင်းတစ်လျှောက် ကိုပါအမေရိကဖလားကို (၁၀) ကြိမ်မြောက် ဆွတ်ခူးသွားနိုင်မလားဆိုသည်ကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းတွင် အဆုံးအဖြတ်ပေးသွားတော့မည် ဖြစ်သည်။

**အောင်ဇော်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်း စီမံအုပ်ချုပ်ရေး ကောင်စီ ဘတ်ဂျက်ဖြင့် Covid-19 Facility Quatantine Center များ၏ လိုအပ်သောနေရာတွင် အသုံးပြုခဲ့သောပစ္စည်းများအား ပြန်လည်ဖြည့်တင်းရန် လိုအပ်သော ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကို ဌာနမှသတ်မှတ်နှုန်းထားအတိုင်း(၉.၇.၂၀၂၂) ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၁၀.၈.၂၀၂၂)ရက်နေ့၊(၁၄ း ၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း၊ ၀၁-၂၂၀၈၁၆ ဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန လျှောက်လွှာခေါ်ယူခြင်း ၂၀၂၂ ခုနှစ် ဇူလိုင် ၁ ရက် (၁၃၈၄ ခုနှစ် နယုန်လပြည့်ကျော် ၇ ရက်)

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အကောက်ခွန်မှူး(လစာနှုန်းကျပ် ၂၁၆,၀၀၀-၂၀၀၀-၂၂၆,၀၀၀)ရာထူး ကျား(၃၅)ဦး၊ မ (၁၅)ဦး၊ စုစုပေါင်း (၅၀)ဦး နေရာအတွက် လျှောက်လွှာခေါ်ယူခြင်း ဖြစ်ပါသည်။

၂။ ဌာနကူးပြောင်းလျှောက်ထားခြင်းကို လက်ခံမည်မဟုတ်ပါ။

၃။ အထက်ဖော်ပြပါရာထူးနေရာများအတွက် လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၃၀-၆-၂၀၂၂ ရက်တွင် အသက် (၂၉)နှစ်ထက် မကျော်လွန်ရ။

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) အမျိုးသားများအတွက် အနည်းဆုံး အရပ် ၅'၅''၊ ကိုယ်အလေးချိန်ပေါင် ၁၁၀ ရှိရမည်။

(င) အမျိုးသမီးများအတွက် အနည်းဆုံး အရပ် ၅'၂''၊ ကိုယ်အလေးချိန်ပေါင် ၉၀ ရှိရမည်။

(စ) ရေကူးတတ်မြောက်ရမည်။

(ဆ) ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။

(ဇ) အောက်ပါမဟာဘွဲ့ရရှိသူများ လျှောက်ထားနိုင်သည်-

| စဉ် | ဘွဲ့အမည် | | ကျား | မ | ပေါင်း | |
|---|---|---|---|---|---|---|
| (၁) | မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)M.A(English) | - | ၁၀ | ၅ | ၁၅ | ဦး |
| (၂) | မဟာဥပဒေဘွဲ့(LL.M) | - | ၃ | ၂ | ၅ | ဦး |
| (၃) | စီးပွားရေးပညာမဟာဘွဲ့ [M.Com,M.Econ,(Stats), M.Econ.(Eco)] | - | ၅ | ၂ | ၇ | ဦး |
| (၄) | မဟာကွန်ပျူတာသိပ္ပံဘွဲ့(M.C.Sc) မဟာကွန်ပျူတာနည်းပညာဘွဲ့(M.C.Tech) | - | ၈ | ၄ | ၁၂ | ဦး |
| (၅) | မဟာအင်ဂျင်နီယာဘွဲ့(ချည်မျှင်နှင့်အထည်) M.E(Textile) | - | ၂ | - | ၂ | ဦး |
| (၆) | မဟာအင်ဂျင်နီယာဘွဲ့(စက်မှုအီလက်ထရွန်နစ်) M.E(Mechatronic) | - | ၂ | - | ၂ | ဦး |
| (၇) | မဟာအင်ဂျင်နီယာဘွဲ့(စက်မှုစွမ်းအား) M.E(Mechanical) | - | ၂ | - | ၂ | ဦး |
| (၈) | မဟာအင်ဂျင်နီယာဘွဲ့(မြို့ပြ)M.E(Civil) | - | ၁ | ၁ | ၂ | ဦး |
| (၉) | နိုင်ငံတကာဆက်ဆံရေးပညာမဟာဘွဲ့ M.A(IR) | - | ၂ | ၁ | ၃ | ဦး |

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်း အထောက်အထားများပါရှိရမည်-

(က) ကိုယ်ရေးလျှောက်လွှာ

(ခ) ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်

(ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်မူရင်း/ မိတ္တူ

(ဃ) ပညာအရည်အချင်းအတွက် မဟာဘွဲ့လက်မှတ် မူရင်း/ မိတ္တူ

(င) ၂ လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် (၁.၂''x၁.၄'')ဓာတ်ပုံနှစ်ပုံ (ဓာတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးအမှတ် ရေးသားရန်။)

(စ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံချက်

(ဆ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး ထောက်ခံချက်

(ဇ) အလုပ်သမားမှတ်ပုံတင်ကတ်ပြား မူရင်း/မိတ္တူ(သက်တမ်းတိုးပြီး)

၅။ လျှောက်ထားသူသည် အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များကို ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်၍ ရေးဖြေအောင်မြင်သူများကိုသာ ရေကူးစစ်ဆေးခြင်း၊ ကွန်ပျူတာနှင့် လူတွေ့စစ်ဆေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

၆။ ရေးဖြေစာမေးပွဲကျင်းပပြုလုပ်မည့် ရက်စွဲ၊ အချိန်၊ နေရာ၊ စာမေးပွဲ ဝင်ရောက်ဖြေဆိုခွင့်ရရှိသူ အမည်စာရင်း၊ ခုံအမှတ်တို့ကို အမှတ်(၁၃၂)၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)ရှေ့ ကြော်ငြာ သင်ပုန်း၊ အမှတ်(၂၀၅/၂၁၁)၊ ၄၉ လမ်းနှင့် လမ်း ၅၀ ကြား၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့(အကောက်ခွန်သင်တန်းကျောင်း) ကြော်ငြာသင်ပုန်းနှင့် အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော www.customs.gov.mm နှင့် www.maccs.gov.mm,Facebook Page(MACCS)တို့တွင် ကြေညာပေးသွားမည်ဖြစ်သည်။

၇။ ဖြေဆိုခွင့်ရရှိသူများသည် စာမေးပွဲလာရောက်ဖြေဆိုပါက နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း)ပါရှိရမည်။

၈။ လျှောက်လွှာများအား အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော www.customs.gov.mm နှင့် www.maccs.gov.mm, Facebook Page (MACCS)တို့ တွင် Download ရယူနိုင်ပြီး လူကိုယ်တိုင် လာရောက်ရယူပါက ၂-၈-၂၀၂၂ ရက်မှ ၁၃-၈-၂၀၂၂ ရက်အထိ မှတ်ပုံတင်(မိတ္တူ)နှင့် ဘွဲ့လက်မှတ်(မိတ္တူ)များနှင့်အတူ အမှတ်(၂၀၅/ ၂၁၁)၊ ၄၉ လမ်းနှင့် လမ်း ၅၀ ကြား၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ (အကောက်ခွန်သင်တန်းကျောင်း)တွင် လာရောက်ထုတ်ယူနိုင်သည်။ စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများကို ၁၆-၈-၂၀၂၂ ရက်မှ ၂၇-၈-၂၀၂၂ ရက်အထိ အကောက်ခွန်သင်တန်းကျောင်း၌ ပြန်လည်လက်ခံသွားမည်ဖြစ်သည်။

၉။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက်မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျသောလျှောက်လွှာများကို လုံးဝ(လုံးဝ)ထည့်သွင်းလက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၀။ ရွေးချယ်ခြင်းခံရပါက အကောက်ခွန်မှူး(လစာနှုန်းကျပ် ၂၁၆,၀၀၀-၂၀၀၀-၂၂၆,၀၀၀)ရာထူး နေရာများတွင် ခန့်အပ်တာဝန်ပေးသွားမည်ဖြစ်ပြီး အကောက်ခွန်ဆိုင်ရာ ကျွမ်းကျင်မှုအခြေခံ သင်တန်းသို့ တက်ရောက်ရမည်ဖြစ်သည်။

၁၁။ အကောက်ခွန်ဦးစီးဌာနတွင် အနည်းဆုံး ၁၀နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၁၂။ လျှောက်လွှာတွင် ဖော်ပြချက်များနှင့် အထောက်အထားစာရွက်စာတမ်းများသည် မှန်ကန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ရာထူးခန့်အပ်ပြီးစေကာမူ ထုတ်ပယ်ခြင်းခံရမည်။

၁၃။ အသေးစိတ်သိရှိလိုပါက အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း-၀၁-၃၈၀၇၃၁ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

**အကောက်ခွန်ဦးစီးဌာန**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5D-6802၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2F-7090၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## Fullerton Finance (Myanmar)Co.Ltd ၏ Transaction Officer ဖြစ်သူ ဦးရဲမွန်(ဘ) ဦးခင်မောင်တင့် ၁/ဗမန(နိုင်)၀၉၈၀၂၇ ကိုင်ဆောင်သူနှင့် အများသိစေရန် ကြေညာခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အောင်နန်းရပ်ကွက်၊ အောင်ချမ်းသာဘုရားလမ်း၊ အမှတ်-၁၄၀ ရှိ Fullerton Finance (Myanmar)Co.,Ltd. (၂၂-၆-၂၀၂၂) ရက် အစည်းအဝေးမှတ်တမ်းဖြင့်)၏ လွှဲအပ်ညွှန်ကြားချက်အရ Transaction Officer အဖြစ် တာဝန်ထမ်းဆောင်သော ဦးရဲမွန်သိစေအပ်သည်မှာ-

ဦးရဲမွန်သည် ၄-၆-၂၀၂၂ ရက်တွင် ကုမ္ပဏီပိုင်ငွေ ၁၈,၈၃၀,၀၀၀/)(တစ်ရာရှစ်ဆယ့်ရှစ်သိန်းသုံးသောင်းကျပ်တိတိ)နှင့် ကုမ္ပဏီပိုင် မော်တော်ဆိုင်ကယ် (74W/ 70514)(Honda Wave 100)အား ယူဆောင်သွားပြီး ယနေ့တိုင် ကုမ္ပဏီသို့ ပြန်လည်အပ်နှံခြင်းမရှိပါဘဲ ထွက်ပြေးတိမ်းရှောင်နေကြောင်း သိရှိရပါသည်။

ဦးရဲမွန်သည် Fullerton Finance (Myanmar)Co.,Ltd.တွင် ၂-၁၂-၂၀၁၉ ရက်မှ စတင်လုပ်ကိုင်ခဲ့သူဖြစ်ပြီး ၇-၆-၂၀၂၂ ရက်စွဲပါ ကုမ္ပဏီ၏ဝန်ထမ်းရေးရာစည်းကမ်းအရ ဦးရဲမွန်အား ၅-၆-၂၀၂၂ ရက် (စနေနေ့)မှစတင်၍ တာဝန်မှ ဆိုင်းငံ့ကြောင်းအား သိစေအပ်ပါသည်။ သို့ဖြစ်ပါ၍ ၅-၆-၂၀၂၂ ရက်မှစတင်၍ ဦးရဲမွန်၏ဆောင်ရွက်ချက်များသည် ကုမ္ပဏီနှင့် မည်သည့်နည်းနှင့်မျှ ဆက်စပ်မှုမရှိတော့ကြောင်းနှင့် ကုမ္ပဏီအား မည်သည့်နည်းနှင့်မျှ ကိုယ်စားမပြုတော့ကြောင်း သိစေအပ်ပါသည်။

သို့ဖြစ်ရာ ဦးရဲမွန်အနေဖြင့် ယခုကြေညာချက်ပါရှိပြီး (၇)ရက်အတွင်း ကုမ္ပဏီထံသို့ ကုမ္ပဏီပိုင်ငွေ (၁၈,၈၃၀,၀၀၀)(တစ်ရာရှစ်ဆယ့်ရှစ်သိန်းသုံးသောင်းကျပ်တိတိ)နှင့် ကုမ္ပဏီပိုင် မော်တော်ဆိုင်ကယ် (74W/ 70514)(Honda Wave 100)အား ပြန်လည်အပ်နှံပေးပါရန်နှင့် ယင်းမော်တော်ဆိုင်ကယ်အား တစ်နည်းနည်းဖြင့် လွှဲပြောင်းလက်ခံရယူထားပါက ကုမ္ပဏီထံသို့ ပြန်လည်ပေးအပ်ပါရန် ဦးရဲမွန်နှင့် အများသိစေအပ်ပါသည်။ ထိုသို့သတ်မှတ်ရက်အတွင်း လွှဲအပ်ခြင်းမရှိပါက သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုလှိုင်ဝေ(LL.B)**
**အထက်တန်းရှေ့နေ၊ (စဉ်-၃၇၀၃၅/၂၈-၆-၂၀၁၁)**
**အမှတ်-၁၄၀၊ အောင်ချမ်းသာဘုရားလမ်း၊ အောင်နန်းရပ်ကွက်၊**
**မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်၊ ဖုန်း-၀၉-၄၅၅၀၈၆၅၅၃**

## ကြော်ငြာစာ (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃) မန္တလေးခရိုင်တရားရုံးတော် ၂၀၂၂ခုနှစ် တရားမအထွေထွေမှုအမှတ်-၆၂

**ကွယ်လွန်သူ ဦးကျော်ဝင်း၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဆောက်တောဝကျေးရွာ အုပ်စု၊ ဝါးရုံပင်ကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးကျော်ဝင်း ကျန်ရစ်သည့် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တမုတ်ဆိုးကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်(၅၇၀-င)ကျိုကုန်းကွင်း၊ ဦးပိုင်အမှတ်(၆)၊ ဧရိယာ ၂ ဒသမ ၂၈ဧကေ လယ်မြေကွက်၊ မကျီးကိုင်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်(၅၇၇)၊ ဦးပိုင်အမှတ်(၉၀/၄)၊ ဧရိယာ ၁ ဒသမ ၇၀ဧကရှိ ယာမြေပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးထွန်းရှင်ပါ သုံးဦးတို့က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှု ကို ၂၀၂၂ခုနှစ် ဇူလိုင် ၂၀ရက်(၁၃၈၃ခုနှစ် ဝါဆိုလဆန်း ၁၂ရက်) တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးကျော်ဝင်း၏ ကျန်ရစ်သောပစ္စည်း များတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာ ရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၂ခုနှစ် ဇူလိုင် ၂၀ရက် (၁၃၈၃ခုနှစ် ဝါဆိုလဆန်း ၁၂ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စား လှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးထွန်းရှင်ပါ-၃ဦးတို့၏ လျှောက်လွှာအပေါ် စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာများတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၂ခုနှစ် ဇူလိုင် ၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်ခင်ထွေး)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**မန္တလေးခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9I/1918 Toyota Corolla Fielder NZE141 (S/W) ယာဉ်လက်ဝယ်ရှိသူ ဦးကြည်ညွှန့် ၁၂/မဂတ(နိုင်)၀၂၃၇၅၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ရန်ကုန်မြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅ မင်းဘူးခရိုင် တရားရုံးတော် ၂၀၂၂ခုနှစ် တရားမကြီးမှုအမှတ်-၈

| | | |
|---|---|---|
| ဒေါ်မို့မို့ဝင်း | နှင့် | ၁။ ဒေါ်သက်သက်ဖွန် |
| | | ၂။ ဦးအောင်သန့် |
| | | ၃။ ဦးချင်း |
| (တရားလို) | | (တရားပြိုင်များ) |

၁။ ဒေါ်သက်သက်ဖွန်(ဘ)ဦးမောင်အေး၊ တောင်သူ၊ဆင်ခေါင်းကျေးရွာ၊ ကဒေါင်းကြီးရပ်ကွက်၊ မင်းဘူး(စကု)မြို့နယ် (ယခုလိပ်စာမသိသူ) သိစေရမည်။

၂။ ဦးအောင်သန့်(ဘ)ဦးချင်း၊ တောင်သူ၊ ဆင်ခေါင်းကျေးရွာ၊ ကဒေါင်းကြီးကျေးရွာ၊ မင်းဘူး(စကု)မြို့နယ်၊ (ယခုလိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ် တရားလိုက ချေးငွေ ၁၂၅၀၀၀၀၀/-(ကျပ်တစ်ရာနှစ်ဆယ့်ငါးသိန်းကျပ်) ရလိုမှုလျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၂၆ ရက် (၁၃၈၃ ခုနှစ် ဝါဆိုလပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ ၄ ရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇူလိုင် ၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ထွန်းထွန်းအောင်)**
**ခရိုင်တရားသူကြီး**
**မင်းဘူးခရိုင် တရားရုံး**

## MIN MIN MAUNG SERVICES CO.,LTD ၏ လုပ်ငန်းတံဆိပ်အမည်အမှတ်အသားကို အများသိစေရန်နှင့် တုပသုံးစွဲခြင်းမပြုရန်အတွက် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ၇-ရပ်ကွက်၊ ဗဟိုလမ်းမကြီး၊ အမှတ်(၁၉/၂၀)တွင်တည်ရှိသော MIN MIN MAUNG SERVICES CO.,LTD [၎င်း၏ကိုယ်စားလွှဲအပ်ခြင်းခံရသူ မန်နေဂျာဒေါ်ရည်မွန်ဝင်း(ဘ)ဦးတင်ဝင်း ၁၂/ဒဂမ (နိုင်) ၀၁၁၇၁၄]၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကုမ္ပဏီ၏လုပ်ငန်းတံဆိပ်အမည်အမှတ်အသားကို အများသိစေရန်နှင့် တုပသုံးစွဲခြင်းမပြုရန်အတွက် သတိပေးကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ လုပ်ငန်းတံဆိပ်အမည်အမှတ်အသားကို မိမိကုမ္ပဏီ တစ်ဦးတည်းပိုင်ဆိုင်ကြောင်းနှင့် အသုံးပြုရန်အတွက် ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၏ ၂၁-၆-၂၀၂၂ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ်(၁၇၃၆/၂၀၂၁)ဖြင့် မြွက်ဟကြေညာလျက် တရားဝင်မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

MIN MIN MAUNG SERVICES CO.,LTD သည် အထက်ပါလုပ်ငန်းတံဆိပ် အမည်အမှတ်အသားကို အသုံးပြုလျက် MMM Car Sales Center(MMM မော်တော်ယာဉ် အရောင်းပြခန်း)အနေဖြင့် ပြည်တွင်း/ပြည်ပနိုင်ငံအသီးသီးမှ ခေတ်မီမော်ဒယ်မြင့် မော်တော်ယာဉ်အမျိုးမျိုး တရားဝင်တင်သွင်းဖြန့်ဖြူးရောင်းချသည့်လုပ်ငန်းများ၊ မော်တော်ယာဉ်ဆက်စပ်အပိုပစ္စည်းများ တရားဝင်တင်သွင်းဖြန့်ဖြူးရောင်းချသည့်လုပ်ငန်းများ၊ မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများအပါအဝင် မော်တော်ယာဉ်နှင့် ဆက်စပ်ပတ်သက်သည့်လုပ်ငန်းများအားလုံးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း လုပ်ကိုင်ဆောင်ရွက်ရာ၌ ရည်ညွှန်းဖော်ဆောင်စေရန် ကုမ္ပဏီ Logo တစ်ခုအဖြစ် ပုံနှိပ်၍သော်လည်းကောင်း၊ ဖောင်းကြွစာလုံးဖြင့်သော်လည်းကောင်း ဖိနှိပ်ကပ်နှိပ်၍ ဖော်ပြအသုံးပြုသွားမည်ဖြစ်ပါသည်။

ထို့ပြင်ကျွန်ုပ်မိတ်ဆွေ MIN MIN MAUNG SERVICES CO.,LTD သည် MMM(အမ်သုံးလုံး)ဟူသောအမည်ဖြင့် တရားဝင်ကုမ္ပဏီစတင်ထူထောင်သည့်ရက်မှ ယနေ့တိုင်ဝယ်ယူအားပေးသူမိတ်ဆွေ Customer များနှင့် လုပ်ငန်းအတူတကွလုပ်ကိုင်သူ မိတ်ဆွေများအကြား ကောင်းမွန်သောဂုဏ်သတင်းဖြင့် တရားဝင်ရပ်တည်လျက်ရှိသော ကုမ္ပဏီဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေကုမ္ပဏီတစ်ဦးတည်း ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာလျက် တရားဝင်မှတ်ပုံတင်သွင်းထားသည့် ဖော်ပြပါလုပ်ငန်းတံဆိပ် အမည်အမှတ်အသားများကို အသုံးပြု၍ ဈေးကွက်အတွင်း၌ MMM(အမ်သုံးလုံး)ဟူသော အမည်နာမကိုဖြစ်စေ၊ ထပ်တူဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ အများသူငါ ထင်ယောင်ထင်မှားဖြစ်စေမည့် အရွယ်အစား၊ ပုံသဏ္ဍာန်ပြောင်းလဲ၍ဖြစ်စေ၊ မှိုင်းမိုက်တုပပြုလုပ်ပြောဆိုရောင်းချခြင်းတို့ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပြုမူဆောင်ရွက်ပြောဆိုခြင်းမပြုကြရန် ယနေ့မှစတင်၍ သတိပေးတားမြစ်လိုက်ပါသည်။

ထိုကဲ့သို့ သတိပေးတားမြစ်ထားပါလျက် မှိုင်မိုက်တုပပြုလုပ်ပြောဆို ရောင်းချခဲ့သည်ရှိသော် ကျွန်ုပ်မိတ်ဆွေကုမ္ပဏီ၏လုပ်ငန်းတွင် နစ်နာဆုံးရှုံးကုန်ကျသမျှ စရိတ်အဝဝတို့အတွက် ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုမ္ပဏီ၏လုပ်ငန်းတံဆိပ်အမည်အမှတ်အသားကို အများသိစေရန်နှင့် တုပသုံးစွဲခြင်းမပြုရန်အတွက် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်သဥ္ဇာဝင်း(LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၅၈)**
**အမှတ်-၃၅၊ ၃-လွှာ(ယာ)၊ ၃၅လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၀၂၃၁၆၂**

## ၂၉-၆-၂၀၂၂ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၆)တွင် တရားလွှတ်တော်ရှေ့နေ ဦးတင်မောင်ဝင်း(၁၉၁၆/၈၀)၊ ဒေါ်ဥမ္မာလွင်(၁၄၆၄၂/၁၈)နှင့် အထက်တန်းရှေ့နေ ဒေါ်ချမ်းမြေ့နေခြည်(၄၄၅၈၉)တို့မှ မရွှေစင်ဝင်း ၈/မထန(နိုင်)၀၉၅၁၃၈နှင့် အများသိစေရန် ကြေညာခြင်းအပေါ် ကိုပြည့်စုံအောင် ၇/ပမန(နိုင်)၁၂၄၀၃၆နှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းဝင်းနေ မရွှေစင်ဝင်း ၈/မထန(နိုင်)၀၉၅၁၃၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်။

မရွှေစင်ဝင်းသည် ကိုပြည့်စုံအောင်နှင့် လက်ထပ်ပေါင်းသင်းခြင်းမပြုမီအချိန်က မိခင်၊ ဖခင်တို့ပိုင် အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရှိ ရွှေနဂါးအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်တွင် လုပ်ငန်းလုပ်ကိုင်နေသူဖြစ်ပါသည်။ ကိုပြည့်စုံအောင်သည် ပြည်မြို့တွင်နေထိုင်သူဖြစ်ပြီး မရွှေစင်ဝင်းနှင့် လက်ထပ်ပြီးနောက် အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရှိ မရွှေစင်ဝင်း၏ မိဘများပိုင် ရွှေနဂါးအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်ရှိ နေအိမ်တွင် ဇနီးသည်နှင့်အတူ လာရောက်နေထိုင်ခဲ့ပါသည်။ ၎င်းအချိန်က ကိုပြည့်စုံအောင်သည် အစိုးရဌာနတွင် အလုပ်လုပ်ကိုင်နေပြီး ထိုနောက်ပိုင်းအလုပ်မှ ထွက်၍ ဇနီးသည်၏မိသားစုနှင့်အတူ ဆောက်လုပ်ရေးပစ္စည်းအရောင်းအဝယ်လုပ်ငန်းကို ကူညီလုပ်ကိုင်ခဲ့ပါသည်။ မရွှေစင်ဝင်းနှင့် ကိုပြည့်စုံအောင်တို့မှာ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းတွင် ကိုယ်ပိုင်ရွှေနဂါး အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင် လုပ်ကိုင်သည့်အချိန်တွင်လည်း မရွှေစင်ဝင်းမှ စီးပွားရေးလုပ်ငန်းကို ဦးဆောင်လုပ်ကိုင်နေသည်မှာ ယနေ့အချိန်ထိ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လူကြီးမင်းတို့မှ ၂၉-၆-၂၀၂၂ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ-၂၆၌ ဖော်ပြထားသော မရွှေစင်ဝင်းနှင့် အများသိစေရန်ကြေညာခြင်းကြော်ငြာတွင် လင်မယားနှစ်ဦးပေါင်းသင်းနေစဉ်အတွင်း အမှတ်စဉ်(၁)မှ (၁၁)အထိ ပါရှိသော ပစ္စည်းအရပ်ရပ်တို့ ဖြစ်ထွန်းခဲ့ပါသည်ဟု ကြေညာခဲ့ခြင်းမှာ အချို့သာမှန်ကန်ပြီး အားလုံးမှန်ကန်မှုမရှိသည့်အတွက် တစ်ဖက်သတ်ကြေညာခြင်းဖြစ်ပါကြောင်း ကိုပြည့်စုံအောင်နှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးသိန်းဟန် | ဒေါ်အိရွှေစင် | ဦးရဲမျိုးမင်းကျော် |
|---|---|---|
| (LL.B, D.B.L) | (LL.B, D.B.L, D.I.L) | (LL.B, D.B.L, D.I.L) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၁၄၄၃၁) | (စဉ်-၁၆၇၁၇) | (စဉ်-၄၈၈၂၁) |

**ရုံးခန်း-အမှတ်(၄၉၃)၊ ဝေဘာဂီလမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၅၁၆၁၄၁၉၅**

## စာချုပ်စာတမ်းမှုကြမ်းအား ကန့်ကွက်တင်ပြနိုင်ရန် အကြောင်းကြားစာ (တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၃၄) ပြည်မြို့နယ်တရားမရုံးတော်၌ ၂၀၂၂ခုနှစ် တရားမဇာရီမှုအမှတ်-၁၇

| | | |
|---|---|---|
| ဦးမောင်မောင်ခင်(ခ)ဦးတင်ရွှေ | နှင့် | ဦးထွန်းအေး |
| **တရားနိုင်** | | **တရားရှုံး** |

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ ဆံတော်ရပ်၊ တီကျစ်ဆုံလမ်းနေ(ယခုနေရပ်လိပ်စာမသိသူ)တရားရှုံးဦးထွန်းအေး သိစေရမည်။

အထက်ဖော်ပြပါအမှုတွင် ဒီကရီအနိုင်ရသူက နောက်တွင်မှုကြမ်းအဖြစ် ပူးတွဲပါရှိသည့် အောက်တွင်သီးခြားဖော်ပြထားသော မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့် စပ်လျဉ်းသည့် မြေနှင့် အဆောက်အအုံအပြီးအပိုင်အရောင်းအဝယ်စာချုပ်စာတမ်းကို ရုံးတော်က သင်၏ကိုယ်စား ချုပ်ဆိုပေးနိုင်ရန် (၈-၇-၂၀၂၂)ရက်တွင် ဤရုံးတော်သို့ လျှောက်လွှာတင်သွင်းလာသည်ဖြစ်၍ ဆိုခဲ့သည့် လျှောက်လွှာကို ကြားနာရန် ၂၀၂၂ခုနှစ် ဩဂုတ် ၉ရက်သို့ ချိန်းဆိုထားရှိရာ သင်ကအဆိုပါနေ့ရက်တွင် ရုံးတော်သို့ လာရောက်၍ ဆိုခဲ့သည့်စာချုပ်မှုကြမ်းကို တစ်စုံတစ်ရာ ရေးသားကန့်ကွက်ချက်များ တင်သွင်းလိုက တင်သွင်းနိုင်ရန် အကြောင်းကြားလိုက်သည်။

**ပစ္စည်းစာရင်း**

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ ဆံတော်ရပ်ကွက်၊ တီကျစ်ဆုံလမ်း၊ အကွက်အမှတ်(၉D-ဆံတော်အနောက်)၊ ဦးပိုင်အမှတ်-(၁၁၁)က၊ ပိုင်ဆိုင်ခွင့်(B)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၁၉ဧကရှိ အိမ်ခြံမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်။

၂၀၂၂ခုနှစ် ဇူလိုင် ၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နေဦး)၊ မြို့နယ်တရားသူကြီး**
**ပြည်မြို့နယ်တရားရုံး**

## ပျောက်ဆုံးကြောင်း

ဦးဘမော်၏သမီး ကျွန်မ ဒေါ်ခင်မို့မို့လွင် ၁၂/ဥကတ(နိုင်)၀၉၅၄၂၂၏ Passport No. (MB011476) မူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၆၁၇၈၄၁၉**

## အမည်ပြောင်း

ဦးစိုင်းဘုန်းမြင့် ၁/မကတ(နိုင်)၀၂၁၂၄၁၏သား ပြည်မြို့ Shinning Star ကိုယ်ပိုင်အလယ်တန်းကျောင်း Grade-1မှ မောင်ဟိန်းသူရကျော်အား မောင်ဟိန်းဘုန်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဟိန်းဘုန်းခန့်**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ အမက(၃)၊ ရွှေမြိုင်သီရိစတုတ္ထတန်းမှ မိနှင်းဟေမာန်၏ ဖခင်အမည်မှန်မှာ ဦးချမ်းမင်းဦး ၃/ဘအန(နိုင်)၄၄၁၀၆၈ ဖြစ်ပါကြောင်း။

# COVID - 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၄၃၂၀ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၆၄ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၃၆၈၅ ဦးရှိ

(၉-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၈-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၉-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၅,၇၄၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄,၃၂၀) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၈၄၁,၅၆၉) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၈၄,၃၇၅) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၁၅၁) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၄၃,၄၆၀) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၆၄) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၃,၆၈၅) ဦး ရှိပါသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ ❍

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

**သတင်းထုတ်ပြန်ချက်**

# သက်ဆိုင်ရာနိုင်ငံမပါဝင်ဘဲ ပြုလုပ်သည့် အပြန်အလှန်ဆွေးနွေးမှုများနှင့် စိစစ်မှုမရှိဘဲ တစ်ဖက်သတ်ပြောဆိုမှုများအပေါ် ကန့်ကွက်

ဂျီနီဗာမြို့တွင် လက်ရှိကျင်းပလျက်ရှိသည့် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ (၄၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးနှင့် မြန်မာနိုင်ငံ အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူတို့၏ နှုတ်ဖြင့် အစီရင်ခံစာတင်သွင်းခြင်းနှင့် ယင်းအပေါ် အပြန်အလှန်ဆွေးနွေးမှုများကို သက်ဆိုင်ရာ မြန်မာနိုင်ငံ မပါဝင်ဘဲ ၆-၇-၂၀၂၁ ရက်နှင့် ၇-၇-၂၀၂၁ ရက်များတွင် အသီးသီး ကျင်းပခဲ့သည်။

လူ့အခွင့်အရေးကောင်စီအစည်းအဝေးအတွင်း အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်ရာတွင် သက်ဆိုင်ရာနိုင်ငံ၏ ပါဝင်မှုရှိမှသာ မြေပြင်အခြေအနေအမှန်ကို ထင်ဟပ်စေနိုင်မည်ဖြစ်ရာ သက်ဆိုင်ရာနိုင်ငံ၏ ပါဝင်မှုသည် လွန်စွာအရေးကြီးသည်။ ယင်းသို့ကျင်းပခြင်းသည် အားလုံးပါဝင်သည့် အပြန်အလှန်ဆွေးနွေးမှုများမှတစ်ဆင့် လူ့အခွင့်အရေးကို မြှင့်တင်ကာကွယ်သွားမည့် လူ့အခွင့်အရေးကောင်စီ၏ မူများနှင့် ရည်မှန်းချက်များနှင့် သွေဖည်လျက်ရှိပါသည်။ သို့ပါ၍ သက်ဆိုင်ရာနိုင်ငံမပါဝင်ဘဲ အပြန်အလှန်ဆွေးနွေးမှုများ ကျင်းပခဲ့ခြင်းအပေါ် မြန်မာနိုင်ငံအနေဖြင့် ကန့်ကွက်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ❒

# ၂၀၂၀ တိုကျိုအိုလံပစ် ကြက်တောင်ပြိုင်ပွဲ အုပ်စုမဲခွဲ မြန်မာကြက်တောင်မယ် သက်ထားသူဇာ အုပ်စု (M) တွင် ပါဝင်

**ရန်ကုန် ဇူလိုင် ၉**

၂၀၂၀ တိုကျိုအိုလံပစ်ပြိုင်ပွဲ၏ ကြက်တောင်ပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို ဇူလိုင် ၈ ရက်က ပြုလုပ်ခဲ့ပြီး မြန်မာကြက်တောင်မယ် သက်ထားသူဇာသည် အုပ်စု(M)တွင် ကျရောက်ခဲ့သည်။ တိုကျိုအိုလံပစ် ကြက်တောင်ပြိုင်ပွဲကို Musashino Forest Sports Plaza တွင် ပြုလုပ်သွားမည်ဖြစ်ပြီး တစ်ဦးချင်း အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ နှစ်ယောက်တွဲ အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ အမျိုးသား+ အမျိုးသမီး ပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ကြက်တောင်အားကစားနည်းတွင်သက်ထားသူဇာတစ်ဦးတည်းသာ

စာမျက်နှာ ၁၀ ကော်လံ ၁ ✻




# ကိုပါအမေရိကဖလား ဗိုလ်လုပွဲ အာဂျင်တီးနားနှင့် အိမ်ရှင်ဘရာဇီးအသင်းတို့ ယှဉ်ပြိုင်ကစားမည်

ကိုပါအမေရိကဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် နာမည်ကြီး အာဂျင်တီးနားအသင်းနှင့် အိမ်ရှင် ဘရာဇီးအသင်းတို့ပွဲစဉ်ကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းတွင် အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အာဂျင်တီးနားအသင်းသည် ကိုပါအမေရိကဖလား ကွာတားဖိုင်နယ်တွင် အီကွေဒေါ၊ ဆီမီးဖိုင်နယ်တွင် ကိုလံဘီယာအသင်းတို့ကို ကျော်ဖြတ်ကာ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ အိမ်ရှင် ဘရာဇီးအသင်းက ကွာတားဖိုင်နယ်တွင် ချီလီ၊ ဆီမီးဖိုင်နယ်တွင် ပီရူးအသင်းတို့ကို ကျော်ဖြတ်ကာ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အာဂျင်တီးနားအသင်းသည် ပြီးခဲ့သည့် ဆီမီးဖိုင်နယ်တွင် ကိုလံဘီယာအသင်းကို အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရပြီး ပယ်နယ်တီအဆုံးအဖြတ်တွင်မှ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၂၄ ကော်လံ ၄ ❖